www.dhammaransi.com

မဟာဗောဓိမြိုင်ဆရာတော်

# ဝနဝါသီ ဥယျဝဓမ္မသာမိထေရ်

## မျက်နှာဖုံးများကို ခွာချခြင်း

ဗောဓိမြိုင်စာစဉ်-၁

www.dhammaransi.com

ဗောဓိမြိုင်စာစဉ်
စာတိုက်သေတ္တာအမှတ် ၁၆၀
ဗဟိုစာတိုက်ကြီး၊ ရန်ကုန်။

www.dhammaransi.com

၂၃၉,၃၅

# မျက်နှာဖုံးများကို ခွာချခြင်း

ဆရာတော်ကြီး၏ ဉာဏဒဿနကထာကို လောကကို ထွင်းဖောက် ရှုမြင်ခြင်းအမည်ဖြင့် ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

ယခု ထပ်၍ လေခရာသိကထာကို ဉာဏဒဿနကထာ(၂)အဖြစ် ထုတ်ဝေရန် ဆရာတော်ကြီးက မှာကြားလိုက်ပါသည်။

ဤစာစဉ်(၂)ခုစလုံးကို ခြုံငုံကြည့်လိုက်လျှင် လောကဝေါဟာရများ၏ အပေါ်ယံ အရေခွံကို ခွာချပြီး စကားနောက်က တရားကို ဖော်ထုတ်ပြသထားသည်မှာ ရဲတင်းလွန်း၍ ကျွန်တော်တို့ဘက်၌ တစ်ခါတစ်ရံမှန်လွန်းသော်လည်း မဝံ့မရဲ ဖြစ်ရပါသည်။

ထိုအခါ ကျွန်တော်တို့၏ ဟန်ဆောင်လောကမျက်နှာဖုံးများကို ခွာချလိုက်သလို ခံစားရပါတော့သည်။

ဆရာတော်၏ ဉာဏ်တော်ဖြင့် ဝေါဟာရတစ်ခုကို အနက်ဖွင့်လိုက်တိုင်း ကျွန်တော်တို့၏ ဟန်ဆောင်အရေခွံ တစ်ထပ်ကွာကျသွားပြီး အမှန်တရားနှင့် တစ်ကြိမ် ပိုနီးစပ်သွားစေပါသည်။ ထို့ကြောင့် ဤစာစဉ်ကို **'မျက်နှာဖုံးများကို ခွာချခြင်း'** ဟူသော အမည်ဖြင့် ထုတ်ဝေလိုက်ပါသည်။

ဤသို့ဖြင့် လောကီအရေခွံအားလုံး ကွာကျပြီး လောကကို လွန်မြောက်သော အမှန်တရားကို မျက်မှောက်ပြုရပါစေသား။

**တောဝိမြိုင်စာစဉ်**

www.dhammaransi.com

# မဟာဗောဓိမြိုင်ဆရာတော်

## ဝနဝါသီ ဥဿုချမ္မသာမိထေရ်


သာစည်– ရွှေကျောင်းကုန်းတောင်၊ ဇင်းကျိုက် –ကျောက်ခမောက်တောင် – မင်းတစ်ရာ့တစ်ပါးတောင်၊ ဖူးကြီး – သံသုမာရတောင်၊ စစ်ကိုင်း– အရှေ့ပရက္ကမချောင်၊ ပင်းတလဲ – တောင်စင်တောင်၊ ပျဉ်းမနား– လက်လုပ်တောင်၊ မိုင်းပျဉ်း –သုဝဏ္ဏသျှမ်တောင်၊ ကန့်ဘလူ– နတ်တလူတောရ၊ ပြင်ဦးလွင်မြို့နယ် – ဒုဋ္ဌဝတီမြစ်ကမ်းပါးဒီးဒုတ်ဂူအနီး – ဝေဒလ္လတောရ၊ စဥ့်ကိုင်မြို့နယ် – စွန်ရဲအင်းအနီး– ကျောက်ထီးတောရ စသော မြန်မာပြည်အရပ်ရပ်၌ အရညဝါသီ တောရပ် မှီလျက် နေလေ့ရှိခဲ့သော ဝနဝါသီ အရှင်သူမြတ်ကြီးသည် ယခုအခါ ကန့်ဘလူမြို့နယ်၊ နတ်တလူတောရကို အခြေပြုစခန်းအဖြစ်ထား၍ မြန်မာပြည်အရပ်ရပ် တောတောင်များသို့ အခါအားလျော်စွာ လှည့်လည် သီတင်းသုံးလျက် ရှိပါသည်။

၁၃၆၀ ပြည့်နှစ်၊ တပေါင်းလ။

---

(ဤစာစဥ်ကို ၁၃၅၈၊ နတ်တော်လဆန်း ၁၄ ရက်နေ့မှစ၍ သုဝဏ္ဏသျှံတောင်တော်–ဗောဓိမြိုင်စခမ်းတွင် စတင်ရေးသားခဲ့ပြီး ကန့်ဘလူ–နတ်တလူတောရတွင် ၁၃၅၉ သီတင်းကျွတ်လဆန်း ၈ ရက်နေ့၌ အဆုံးသတ်ရေးသားတော်မူခဲ့ပါသည်။)

www.dhammaransi.com



www.dhammaransi.com

# မဟာဗောဓိမြိုင်ဆရာတော်

# ဝနဝါသီ ဥယျဓမ္မသာမိထေရ်

# ၏

# ပုံနှိပ်ထုတ်ဝေပြီးသော ကျမ်းစာများ

၁။ ဓမ္မောဝါဒ ကထာ (၂ ကြိမ်)

၂။ ကဝိဗန္ဓနကထာ

၃။ မင်္ဂလာဓာရဏ ကထာ (၂ ကြိမ်)

၄။ အနုပုဗ္ဗိက ကထာ

၅။ နယ သင်္ခေပ ကထာ

၆။ ဗုဒ္ဓဘာသာဝင်တို့၏ တစ်နေ့တာ ပြုကျင့်ရပုံများ
(မဂ္ဂုဒ္ဒေသက ကထာနှင့် ဟတ္ထမုဋ္ဌိက ဗုဒ္ဓဘာသာကထာ)

၇။ ပဋိပက္ခ ဥဒ္ဒေသက ကထာနှင့် နှစ်စောင်တွဲ
(ဗလုဒ္ဓါရကထာ၊ ဓမ္မုဒ္ဓါရကထာ)

၈။ သာရဏီယ ကထာ

၉။ ပါရမီ ပရိစယ ကထာ

၁၀။ ဉာဏဒဿန ကထာ

၁၁။ မဂ္ဂင်္ဂ ပဗ္ဗါဋ္ဌေသိ ကထာ

၁၂။ မဂ္ဂပဋိသံယုတ္တ ကထာ

၁၃။ ပဋိဘာန ဉာဏ ဒဿနကထာ

www.dhammaransi.com

စာမူခွင့်ပြုအမှတ် - ၁၇/၉၉(၁)
မျက်နှာဖုံးခွင့်ပြုအမှတ် - ၃၅/၉၉(၁)

*

**ပုံနှိပ်ခြင်း**
ပထမအကြိမ်

*

**ထုတ်ဝေကာလ**
ဖေဖော်ဝါရီလ၊ ၁၉၉၉

*

**အုပ်ရေ-၅၀၀**

*

**အဖုံးပန်းချီနှင့်ဒီဇိုင်း**
ဝင်းမြင့်ဦး

*

စာစီ-ခွန်မျိုး

*

**ပုံနှိပ်**
မျက်နှာဖုံး - ဦးတိုးဝင်း (၀၂၄၃၁) နေလရောင်ပုံနှိပ်တိုက်၊
အမှတ်(၉၆)၊ ၁၁-လမ်း၊ လမ်းမတော်၊ ရန်ကုန်။
အတွင်း - ဦးကျော်ငွေးမင်း (၀၅၉၉၂)၊ ဗွီအိုင်အေပုံနှိပ်တိုက်၊
အမှတ်(၂၅၆)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

*

**ထုတ်ဝေ**
ဦးမြသန်း (၀၁၅၁)၊ အသိုင်းအဝိုင်းစာပေ၊ အမှတ်-၃၅၊
သမာဓိလမ်း၊ ဗွဲ့ဇုရပ်၊ ကမ္ဘာအေး။ ရန်ကုန်မြို့။

*

**အဖုံးကာလာခွဲ**- 33 Graphic Studio **အတွင်းဖလင်**-ကိုထွန်းဆိုင်

*

တန်ဖိုး ၂၀၀ ကျပ်

www.dhammaransi.com

ဝနဝါသီဥာဏ္ဍ ဓမ္မသာမိထေရ်၏ စာစဉ်–၁၈

ဗောဓိမြိုင် စာစဉ်–၁

ဝနဝါသီ ဥာဏ္ဍဓမ္မသာမိထေရ်

# မျက်နှာဖုံးများကို ခွာချခြင်း

အတိုအထွာဆိုစရာ ဟိုမှာသည်တလွှား
မြင်လှာ ကြားလှာ တွေးမိလှာ ရေးရာမှာ စကား

www.dhammaransi.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ။
တပ်မတော်ဖြိုခွဲမည့်အကြံ ဒို့လက်မခံ။
ဘယ်ခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

www.dhammaransi.com

# မာတိကာ


၁။ ပေါက်ကရလေးဆယ် တွယ်ဖြစ်အောင် တွယ်ကြ ... ၁
၂။ အလေ့အထ ... ၅
၃။ ကလန်ကဆန် ... ၉
၄။ အလှအပ ... ၁၃
၅။ အတွေ့အကြုံ ... ၁၇
၆။ အစအန ... ၂၁
၇။ အရှုပ်အရှင်း ... ၂၃
၈။ ချီးကျူး ... ၂၇
၉။ သေသေသပ်သပ် ... ၃၁
၁၀။ အကျအန ... ၃၅
၁၁။ မရေမရာ ... ၃၉
၁၂။ ရေရေလည်လည် ... ၄၃
၁၃။ မသိမသာ ... ၄၇
၁၄။ ရိုးသားခြင်း ... ၅၁
၁၅။ မတင်းမတိမ် ... ၅၅
၁၆။ ကြေအေးခွင့်လွှတ် ... ၅၉
၁၇။ ကျေနပ်နှစ်သက် ... ၆၃
၁၈။ အားမလိုအားမရ ... ၆၇
၁၉။ ပြင်းပြင်းပြပြ ... ၆၉
၂၀။ အောက်ကျနောက်ကျ ... ၇၃
၂၁။ ဖြုန်းစားကြီး ... ၇၅
၂၂။ စီကာပတ်ကုံး ... ၇၇
၂၃။ မတောက်တခေါက် ... ၇၉
၂၄။ ကြိုးစား ပမ်းစား ... ၈၁
၂၅။ အတက်အကျ ... ၈၅

www.dhammaransi.com

၂၆။ တိတိကျကျ ... ၈၇
၂၇။ တလေးတစား ... ၈၉
၂၈။ တင်းမာ ... ၉၁
၂၉။ စိတ်ပါလက်ပါ ... ၉၃
၃၀။ မလှုပ်မယှက် ... ၉၅
၃၁။ တွင်တွင်ကျယ်ကျယ် ... ၉၉
၃၂။ သိသိသာသာ ... ၁၀၁
၃၃။ မက်မော ... ၁၀၃
၃၄။ ရက်ရော ... ၁၀၅
၃၅။ မတော်မတည့် ... ၁၀၉
၃၆။ ပေးကမ်း ... ၁၁၁
၃၇။ ချမ်းသာ ... ၁၁၃
၃၈။ ဘက်လိုက် ... ၁၁၅
၃၉။ မလိမ့်တပတ် ... ၁၁၇
၄၀။ မတော်မတရား ... ၁၁၉
၄၁။ အနှောင့်အယှက် ... ၁၂၁
၄၂။ မှန်ကန် ... ၁၂၃
၄၃။ ကြီးပြင်း ... ၁၂၅
၄၄။ ပျင်းပျင်းရိရိ ... ၁၂၇
၄၅။ မြတ်နိုး ... ၁၂၉
၄၆။ တစ်တစ်ခွခွ ... ၁၃၁
၄၇။ မျိုးရိုး ... ၁၃၅
၄၈။ ယုတ်မာ ... ၁၃၉
၄၉။ သည်းခံ ... ၁၄၃
၅၀။ ညစ်ညမ်း ... ၁၄၇
၅၁။ ညစ်ပတ် ... ၁၅၁
၅၂။ တမင်တကာ ... ၁၅၅
၅၃။ အစာ ... ၁၅၉

www.dhammaransi.com

(က)

## နမောတဿဗုဒ္ဓဿ ဓိရတ္ထု

ဠာနေ ဠာနေ ဓမ္မေပဿေ တဒေအတ္ထေ မေကဿေမိ
တမေကတ္တေဟိ ပဏ္ဍိတ္တံ ပေါတ္တကံ တေဟတ္တံ ဒေမိ
တေပိ တွံ အနုပဿနာယ ဓမ္မံ ပဒံ အတ္တံ နေတု
သေဝတု ဓမ္မရသာဒံ အသာသမ္ပိ နယန္တုဝေ။

❖ ဠာနေဠာနေ–နေရာတိုင်းက၊ ဓမ္မေပဿေ–သဘာဝဓလေ့ အရိပ်အငွေ့ မှု တွေ့သိရပြီးသော်၊

တဒေအတ္ထေ–ထိုသဘာဝအကြောင်း၏ အကျိုးဆောင်းတစ်ခုခုကို၊ မေ–ငါသည်၊

ကဿေမိ–စိတ်ကူးယဉ်ဖြင့် ပြုစီရင်ပါခဲ့အံ့။

❖ တံ–ထိုအကြောင်းခံ တစ်ခုတစ်ခု၏ အကျိုးသွားမှု တစ်ခုတစ်ခုကို၊ ဧကတ္တံ–စာအုပ်တစ်အုပ်အဖြစ်၊

ပဏ္ဍိတ္တံဟိ–ပေါင်းစုလျက်ကသာ၊ ပေါတ္တကံ–တစ်ခုပေါင်းချုပ် စာ တစ်အုပ်ကို၊

တေဟတ္တံ–သင့်လက်ထဲသို့၊ ဒေမိ–ရေးနည်းတွေးနည်း နိသျှည်း အဖြစ် လက်ဆက်ခဲ့ပါအံ့။

❖ တွံ–သင်သည်ကား၊ တေ–စာအုပ်ထဲပါ ထိုအခြင်းအရာတို့ကို၊ အနုပဿနာယ–တစ်ခုပြီးသော်တစ်ခုဖော်လျှက် ပေါ်သမျှအစု လိုက်ႇ၍ကြည့်ရှု၍၊ ဓမ္မံပဒံပိ–အကြောင်းခံထား နောက်ခံများကိုလည်း၊ နေတု–ဆောင်ပါလေ။ အတ္တံပဒံပိ–အကျိုးဖော်ကွက် အကြောင်းခံ၏ အဆက်ကိုလည်း၊နေတု–ဆောင်ပါလေ။

❖ ဝေ–အကြောင်းခံအကျိုးဆက် အအုပ်အခံနှစ်ချက်ကို လေ့ကျက်မိသော် ဓမ္မရသာဒံပိ–တရားမှဖြစ် ဓမ္မဓာတ်အနှစ်ကိုလည်း၊ သေဝတု–မှီဝဲသုံးသပ်

www.dhammaransi.com



ကပ်၍ကပ်၍ ဟပ်နိုင်ပါစေ။ အသာသမ္ဘိ–အပါယဒုက္ခ ကာမဒုက္ခ ဘဝဒုက္ခ ရှုပ်လှဖုံ့ဖုံ့ ဆင်းရဲကြိုး အစုံအစုံများကိုလည်း၊ နယန္တု–သီလဖြင့်ဖိ သမာဓိနှင့် ထပ် ပညာဖြင့်ဖြတ်လျက်က အမြတ်သို့ဆောင် အခေါင်သို့ပေါက် မှန်းရာ တန်းကာ ရောက်နိုင်ပါစေ။

## စာဟင်းလေးအိုး

တောခလေ့၏ အခါကြီးရက်ကြီးများတွင်ကား ဘုန်းကလည်းထွား အစားကောင်းကလည်း မရှား လှူသူကလည်း ခပ်များများပင်ဖြစ်ရာ အႏ ကောင်းထက်ကောင်း ကိုယ်စောင်းချင်းယှဉ်တိုက်နေရကား ကိုရင်ကလေ များ ကျွေးတိုင်း မစားနိုင်ရှာကြပြီ။ ကျောင်းသားကလေးများလည်း ကျွေ တိုင်းလျှင် မစားနိုင်ကြပြီ။ ထမင်းကောင်း ဟင်းကောင်းများကား သူ့ထက် ငါ စွာလျက်ကသာတည်း။

ထိုရောအခါ ဟင်းကောင်းတို့ ပေါင်းစုရာ ဟင်းပေါင်းအိုးကြီးတစ်စု ဖြစ်ပေါ်လာတော့၏။ အကောင်း၏အလေးစု ရေးရှုပြုံတိုး ဟင်းလေးအိုးကြီး ဟူ၍ပင်တည်း။

ထိုဟင်းလေးအိုးထဲဝယ် အသားဟင်းမျိုးစုံလည်း ပါ၏။ ငါးဟင်းမျိုးစုံ လည်း ပါ၏။ အသီးအနှံစုံလည်း ပါ၏။ အချို အချဉ် အငန် အဖန် အစပ် အခါး လက်ရာများကလည်း စုံလင်လှပါချေ၏။

သင်သည် ထိုဟင်းလေးအိုးမှဟင်းဖြင့် ထမင်းစားလိုလတ်သော်အသား ချည်းသပ်သပ်ပေးပါ တောင်းဆို၍ကား မရနိုင်ရာပြီ။ အချိုချည်း သန့်သန့် လေး ရွေးပေးပါဟူ၍လည်း မတောင်းနိုင်ရာပြီ။ ဟင်းပေါင်းပါဆိုနေမှ ရွေး ဆယ်နေ၍ အဘယ်သို့လျှင် ရနိုင်ပါမည်နည်း။

**၁၃၅၈ ခုနှစ်၊ နတ်တော်လဆန်း၊ ၁၄ ရက်နေ့**
**ဇောတိမြိုင်စခမ်း၊ သုဝဏ္ဏသျှံတောင်**

**ဇောတိမြိုင်စာစဉ်**

www.dhammaransi.com

## ၁။ ပေါက်ကရလေးဆယ် တွယ်ဖြစ်အောင်တွယ်ကြ

သမထနည်းလေးဆယ်သည် ပေါက်မှရသော ဥစ္စာတည်း။

ထိုလမ်းပေါက်က အဘိညာဉ်ဥစ္စာ နိဗ္ဗာန်ဥစ္စာ အရာရာ ရတော့သည်သာ။

ရပ်ရွာ၏ မီးလောင်ကျွမ်းမှု ပေါ်ရှိသော်

မီးသတ်ပစ္စည်း၊ မီးသတ်လက်နက်ကိရိယာ သူ့ဥစ္စာနှင့် သူငြိမ်းသတ်ပေးမှ မီးငြိမ်းရာဘိသို့

လူတို့၌လည်း ကိလေသာမီးဘေး အေးကြောင်းလည်းဟုတ်၊ ဝေးကြောင်းလည်း သမုတ်အပ်သော ကိလေသာငြိမ်းသတ်နည်း လက်နက်အမျိုးအစားအားဖြင့် လေးဆယ်ပင် ရှိချေ၏။

ထိုလေးဆယ်အထဲမှ မိမိစရိုက်နှင့်အကိုက် မိမိနှစ်ခြိုက်ရာ ကျင့်နည်းဖြင့်ဖွင့်- ဖြည့်ကျင့်နိုင်စွမ်း ရှိပါချေသော်

- သီလအထောက်ထွန်းပေါက်က သမာဓိဖြင့် ငြိမ်းခေါင်းသို့ ရောက်ရာသည်။
- မလှုပ်မယှက် သမာဓိဘက်သို့ပေါက်က ဉာဏ်သို့သာ ရောက်ရာသည်။

မပေါက်က မရ၊ ပေါက်က ရမည့် ထိုဉာဏ်များပင်တည်း။

www.dhammaransi.com



ဘုရားရှင်လက်ထက်တော်က

သာဝတ္ထိပြည်သားတစ်ယောက်သည် ဘုရားတရားတော် ကြည်ညို ရင်းစွဲ ရှိသည်အတိုင်း ရဟန်းဝတ်ကာ တစ်ဝါတွင်းလုံးလုံး အားထုတ်ရာ

သမထ၏ အရိပ် နိမိတ်မျှပင် မမြင်ရပြီ၊

မင်း သည်ဘဝ တရားထူးမရမည့် အမျိုးအစားထဲကပင် ထင်ရဲ့၊

ဤသို့လျှင် ခရီးမပေါက်တော့၍

တပ်ခေါက်ရန် ဟန်ပြင်လေတော့ရာ အဖော်ရဟန်းများက ဘုရားရှင် ထံ ခေါ်ဆောင်လာခဲ့ကြပါသည်။

ချစ်သား

သင့်၌ စွမ်းအားတို့အများသား၊ အဘယ့်ကြောင့် နည်းနည်းပါးပါး ဖြင့် လက်လျှော့ချင်ရသနည်း၊

သင်သည် တစ်ချိန်က ထိုစွမ်းအား အားကုန်သုံး၊ အကုန်လုံးချမ်းသာ အောင် ဆောင်နိုင်ခဲ့သူ မဟုတ်လော၊

အတိတ်ဆောင်၍ အောင်နိုင်ခဲ့ပုံများ ချီးမြှင့်ပေးသနားတော်မူပါ ဘုရား၊

တစ်ချိန်က ငါသည်လည်းကောင်း၊ သင်သည်လည်းကောင်း၊ ငါ ဘုရား၏ ပရိသတ်များသည်လည်းကောင်း၊ ဗာရာဏသီပြည်ဝယ် အရောင်း အဝယ်အတတ်ဖြင့် အသက်မွေးခဲ့ကြတယ်၊

သွားရမည့်ခရီးကား ယူဇနာခြောက်ဆယ်မျှ သဲကန္တာရ၊

ကန္တာရ၏အပူက နေ့ခင်းအခါ သံအိုးကင်းထဲကအပူတမျှ သို့ ကြောင့် နေ့နားညသွားဖြင့်ပင် ခရီးလမ်း ဆုံးစေကြရတယ်၊

အစာ၊ ရေ၊ ရိက္ခာပြည့် လှည်းအစေ့ တင်ဆောင်လာခဲ့ကြရတယ်၊

ညနက္ခတ်ဖြင့် အရပ်ကို မှတ်နိုင်သော လမ်းပြလည်း ပါစေရတယ်၊

သို့နှင့်...

www.dhammaransi.com



ညခရီးနှင့် နေ့သော်လည်းဝိုင်းထား၊ မဏ္ဍပ်ထိုးဖျာမိုးကာ နေလျက်က သည်ညဆို ကန္တာရထွက်ရန် သေချာပြီဆိုကာ ရေတို့ကို ချန်မထားဘဲ သုံး၍ တစ်ညလုံး ခရီးဆက်ကြရတယ်။

ထိုစဉ်...

ရှေ့လမ်းပြခရီးပန်းလျှ၍ လမ်းပြရင်း အိပ်မောကျသွားရာ အရဏ်တက်မှ လာလမ်းအတိုင်း ပြန်ရောက်နေသည်ကို တွေ့ရရာ အခက်ကြုံကြပြီ။

ငါသည်ကား...

ရေအတွက် အဖြေထွက်ရန် နေမတက်မီက နေရာရှာခဲ့တယ်။ ငါညွှန်ရာအတိုင်း သင်နှင့် အားလုံးတို့ ဝိုင်းတူးခဲ့ကြလေတယ်၊ အတောင်ခြောက်ဆယ်မှာတော့ ကျောက်ဖျာကြီးများ ခံနေ၍ အားလုံးပြန်လာကြပြီးလှည်းအောက်မှာ အလျားမှောက်ကာ လက်လျှော့နေကြလေရဲ့။

ငါကား ဆင်းကြည့်ပြီး ကျောက်ဖျာသို့ နားနှင့်ကပ်ပြီး လှေလာတယ်၊ ထိုအခိုက် ကျောက်ဖျာအောက်က ရေစီးသံများ ကြားလာရတယ်။

အမောင်...

အောက်မှာ ရေစီးလမ်းကြောင်း ရှိနေတယ်၊ သည် သံတူရွင်းဖြင့် တူးကြည့်စမ်းပါ။

ရေရှိမှန်းသိ၊ အားလျှော့ဖို့မရှိပါဘူး၊ ပေးပေး ကျုပ်ဆင်းတူးမယ်၊ သင်သည် ဤသို့ပင် ပြောပြောဆိုဆိုနှင့် ဆင်းတူးခဲ့တယ်။

သင့်အားကြောင့်ပင် ကျောက်ဖျာကြီးကွဲပြီး ထန်းလုံးခန့် ရေများပန်းထွက်လာတော့ရာ အားလုံးပင် ချမ်းသာစေခဲ့ဖူးတယ်။

ဘုရားတပည့်တော် နားလည်ပါပြီ ဘုရား၊

သည်နေ့ကစပြီး အစဖဝါး၊ အဆုံး မထားပော့ပါဘုရား၊ ထိုရဟန်းအားကုန်သုံး၍ လုံးပမ်းတော့ရာ သွားလမ်းပေါက်၍ အဆုံးရောက်ခဲ့ရပြီ။

**ဟောမိမြိုင်စာစဉ်**

www.dhammaransi.com

အို… ဗုဒ္ဓနွယ်ဖွား၊ မဂ်လမ်းသွားတို့…
သင်တို့အဖို့ လမ်းလေးဆယ်တို့တွင်…
မည်သည့်လမ်းဖြင့်သွားဖို့ ရွယ်ရွယ်
ပေါက်က ရမည်၊ မပေါက်က မရသည်သာ
ပြောရုံနှင့်ကား ရဖို့ နေနေသာသာ လမ်းစပင်မရေရာပြီ။
သင်တို့၏
ဝဋ်ဘဝတိုတိုနှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရရပါလို၏
တောင်းရမ်းစကား။

အပါယဒုက္ခ၊ ကာမဒုက္ခ၊ ဘဝဒုက္ခ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရပါလို၏ စကား၊

သွားကြားမှာသာထွက်၊ ဖဝါးကြားက မထွက်သော်ကား
တစ်သက်လုံး ထိုင်တောင်းနေလည်း ခရီးကား မဆုံးနိုင်ရာပြီ။
ဘုရားသာသနာကား သွားမှ ရောက်သောနေရာ မဟုတ်လော။
ဘုရားသာသနာကား ပေါက်မှ ရသောနေရာ မဟုတ်လော။
ဘုရားသာသနာကား လုပ်မှ ဖြစ်သောနေရာပင် မဟုတ်လော။

**ဓားဓိမြှင်စာစဉ်**

www.dhammaransi.com

## ၂။ အလေ့အထ

ကာမ၏ အကြောင်းအရာကို လေ့လာနေသော် ကာမသဘာဝထကြွမည် ကေန်ပင်။

ဓမ္မ၏အကြောင်းခြင်းရာကိုလေ့လာနေသော် ဓမ္မသဘာဝလည်းထကြွမည်ဧကန်ပင်။

စင်စစ် အလေ့မှန်သမျှ ထရန်၏ တောင်ဖှေးလက်ကိုင်များတည်း။

စိတ်မည်သည် ဝေ့လျက် လေ့လေ့ရှိ၏။

စိတ်ဝေ့ရာ အာရုံလာ၊ လေ့လာစရာများ ပေါ်လာတော့မည်သာ။

အလေ့မှာအသာ၊ လာရာတွင် အာရုံပြုရာ၏ အတွင်းသားများသည်ကား ထကြွရကော့ပြီသာ။

မျက်လုံးသည် ဟိုမှသည် ဘယ်ညာဝေ့ အာရုံစုံအကုန်လေ့လိုက်သော် တစ်ဖက်ရှိ သက်မဲ့သက်ရှိတို့အထဲမှ တွဲစရာအာရုံတစ်ခု အံတုဝင်လာ၏။

ထိုအခါ အလေ့မှလာသော ထိုပေါ်ရာအာရုံသည် မျက်စိမှတစ်ဆင့် ခန္ဓာအတွင်းသို့ ချဉ်းကပ်သွားချေရာ စိတ်ကလည်းအငေ သွေးကလည်းကြွရတော့သည်သာ။

www.dhammaransi.com



သည့်အတူ...

နားသည် နားနှင့်ပတ်သက်ရာ၊ နှာသည် နှာနှင့်ပတ်သက်ရာ၊ လျှာသည် လျှာနှင့်ပတ်သက်ရာ၊ ကိုယ်သည် ကိုယ်နှင့်ပတ်သက်ရာ၊ စိတ်သည်လည်း စိတ်နှင့်ပတ်သက်ရာများကို လေ့ယူက လာကြတော့မည်သာ။

အလေ့မှလာသော ထိုပြင်ပတို့က တစ်ဖန် မိမိစိတ်ကို နှိုးဆွကြပြန်ရာ စိက်သည်လည်းကောင်း၊ စိတ်နှင့်အတူ အိပ်နေသော စရိုက်သွေးသည်လည်းကောင်း နိုးထကြရတော့သည်သာ။

ကာမကိုလေ့သော် ကာမအတွေ့တို့ ပေါ်လာချေမည်။

ထိုကာမအတွေ့က လေ့လိုက်လေသောအခါ ကာမစိတ်သည်လည်းကောင်း၊ ကာမသွေးတို့သည်လည်းကောင်း နိုးထကြရချေပြီ။

ထိုအလေ့သည်...

လေ့ရာမှလာသောအရာကို ပြုကျင့်၍လည်း ပေးတတ်သည်။ လာသော အရာက သွေးဆာသွေးတောင်းသဖြင့် ပေးရခြင်းကြောင့်...

အလေ့အကျင့် သင့်တင့်နေလျှင်လည်း အစိမ်းသော်မှ ကျက်လာတတ်သည်။

အလေ့နှင့်အကျင့်များအတွင်းက အပူအားများ ထွက်ပေါ်လာနေခြင်းများကြောင့်။

သို့ကြောင့်...

အလေ့အထနောက်သို့ အလေ့အလာ၊ အလေ့အကျင့်၊ လေ့ကျက်ခြင်းများ တစ်သင်းပြီးတစ်သင်း၊ တစ်သင်းပြီးတစ်သင်း ခြေရာချင်းနင်းကာလိုက်ပါနေခြင်းတည်း။

သာဝတ္ထိမြို့တော်က ခေမက...

၎င်းသည် ကျောင်းဒကာကြီး၏ တူတော်မောင်ပင် ဖြစ်ချေသည်။

သို့သော် ကျောင်းဒကာ အနာထပိဏ်နှင့် တူသာ တော်သော်လည်း

www.dhammaransi.com



မတွေ့ရှာပြီ၊ ကျောင်းဒကာကား ဓမ္မရေးရာ၌သာ လေ့သဖြင့် ၎င်းထံသို့ ဘုရားရှင်သည်လည်းကောင်း၊ ရဟန္တာအရှင်များစွာသည်လည်းကောင်း လာ၏။ လာသော် သဒ္ဓါစိတ် သဒ္ဓါသွေးများ နိုးထလာပြီး

ထိုအလေ့ဖြင့်ပင် ထိုအကျင့် ကျင့်နေပါသည်။

ထိုအလေ့ကြောင့်ပင် စိမ်းနေသော တရားသက် ကျက်စေပါသည်။

ခေမကကား တခြားတစ်ဘာသာအားဖြင့် ကာမရေးရာကိုသာ အလေ့ပါ၏။ ကာမရေးရာသော်မှ သူတကာ့မယားအား အထားများ၏။ သို့ကြောင့် ၎င်းထံသို့ သူတကာ့မယားများသည်သာ တစ်ယောက်ပြီးတစ်ယောက် ရောက်ရောက်လာ၏။

ကိုယ်ထံရှိစိတ်ကို သူ့ထံရှိ အာရုံစုံတို့ဖြင့် ရောက်နေခြင်းကြောင့် တဏှာအား၊ တဏှာစိတ်၊ တဏှာသွေးများသည်သာ နိုးထလာချေသည်။

ထိုအလေ့အထဖြင့်ပင် ကာမအကျင့် ထိုးကျင့်နေပါသည်။

ထိုအလေ့အထကြောင့်ပင် စိမ်းနေသော တဏှာသက် ရင့်ကျက်ချေပါသည်။

အို... ဗုဒ္ဓနွယ်ဖွား လောကီသားအပေါင်းတို့...

သင်တို့သည်လည်း...

ကာမနှင့်ဓမ္မ အဘယ်အစုကို လေ့နေကြပါသနည်း။

အကယ်တိတိ ကာမကိုချည့် လေ့မိနေချေသော် သင်တို့ထံသို့ ကာမဝတ္ထု ကာမအာရုံအစုစုတို့ အပုံအပုံ အကုန်အကုန် စုပြုံကာ တိုးဝှေ့လာမည်ဖြစ်ချေရာ...

သင်တို့ကား...

လေ့သလောက်လာ–လာသလောက်ထ–ထသလောက်နိုး–နိုးသလောက်ကျင့်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် တိုးကျင့်ပေးနေရမည်ဖြစ်ရာ ကြာသော်...

www.dhammaransi.com



အကျင့်လွန်သော် အနင့်·

အကျင့်လွန်သော် အအင့်တို့ဖြင့်

နင့်ပျက်၊ အင့်ပျက်၊ ကျင့်ပျက်ကြီးဘဝသို့ လှလှကြီး ရောက်ကြရပေတော့မည်။

ထိုအခါ…

စိမ်းစိုနေသော သူကိုယ်တို့၏ ကိုယ်ကာယ အိုဇရာကျလျက်က အကျဘက် ကျက်စေတော့အံ့၊

စိမ်းစိုနေသော သူကိုယ်တို့ရှိ စိတ္တဇ၊ ဘိဇ္ဇနပြလျက်က အကျဘက် သက်စေတော့အံ့၊

ထမင်းဟင်း ကျက်သော် သိုး၊

လူ့သက် ကျက်သော် ကျိုး၊

မည်သည့်အကျက်မှ အကောင်းဘက် အကျိုးမပေးသာတကား။

www.dhammaransi.com

## ၃။ ကလန်ကဆန်

မြေပဲ၏ အခွံလှန်ကြည့် သူ့အတွင်းရှိ သဘာဝအဆန်ဇကန်တွေ့ရသည်ပမာ...

ပဲ၏အခွံလှန်ကြည့် သူ့အတွင်းရှိ သဘာဝအဆာန် ပုံမှန်တွေ့ရသည်ပမာ...

မည်သည့်အရာမဆို ပြင်ပ၏ အဖုံးအလွှမ်းများကို လှန်ကြည့်၍ဖြစ်စေ လန်သွား၍ဖြစ်စေ အပြင်ဖုံး လုံးလုံးကွာကျလေသောအခါ

က-လန်သော် က၏အဆန် အမှန်ပေါ်ရတော့သည်သာ။

ခ-လန်သော် ခ၏အဆန် အမှန်ပေါ်ရတော့သည်သာ။

ထိုအခါ အဆန်ရှိ အဆန်မရှိကိုလည်းကောင်း အဆံပြည့်ကိုလည်းကောင်း အဆန်ချောင် အဆန်ကပ်ကိုလည်းကောင်း မကြည့်ချင်မှအဆုံး မသိချင်မှ လုံးလုံးတည်း။

ဤသို့ လန်ရာဌာန၏ အတွင်းခံ အမှန်ပေါ်သွားခြင်းက နေရာယူ၏။

ထိုလန်ရာဌာန၏ အတွင်းခံအဆန် အမှန်ပေါ်သွားသော် တစ်ဖန် က- လန်သော် ထို က-သည် အများ၏ ဆက်ဆံခြင်းကိုလည်း ခံရမည်။

www.dhammaransi.com


ခ–ဂ စသည်တို့ လန်သွားသော် ထို လန်သွားသော အရာများကို အများတို့သည် လိုက်လံ ပြုကျင့်ဆက်ဆံကြပေမည်။

အခါတစ်ပါး အလောင်းတော် လိပ်ကလေးဘဝသို့ ရောက်ရှိစဉ် ဒေဝဒတ်ကား မြေခွေးဘဝမှာပင်တည်း။

တစ်နေ့…

လိပ်ကလေးသည် ဂင်္ဂါမြစ်မှ ကုန်းပေါ်သို့တက်ခဲ့ကာ ခြေလက်ကား ယား ခေါင်းအဖော်တလွှားလွှားနှင့် သွားနေစဉ် မြေခွေးသည် အဝေးမှပင် မြင်နေ၏။

ဒီလိပ် ငါနှိပ်လို့ကြိတ်အံ့အကြံဖြင့် ထိုလိပ်ကလေး၏ အနီးသို့ ချဉ်း ကပ်လေရာ လိပ်ကလေးကား ခေါင်းနေခြေထား လက်ကလေးများပါမကျန် တစ်ခုမလန် အတွင်းသွင်းကာ လုံခြုံစေ၏။

မြေခွေးက ကိုက်ချီပြေး၏။ လိပ်ကလေးကား တစ်ခုမျှ မထွက်ပြူ၊ မြေခွေးက ကျောကို လက်သဲဖြင့်ကုတ်ထုတ်၏။ လိပ်ကား မလှုပ်။

သို့ကြောင့်…

မြေခွေးသည် လိပ်ကလေး၏ ခြေလက်ခေါင်းအလန်ကို စောင့် ချောင်း ချောင်းလျက်က…

ဒင်း–ခေါင်းလန်ခေါင်းထွက် ခေါင်းဘက်ကို ကိုက်စားအံ့

ဒင်း–ခြေလန်ခြေထွက် ခြေဘက်ကို ကိုက်စားအံ့

ဒင်း–လက်လန်လက်ထွက် တစ်ဖက်ထွက်တစ်ဖက်ကို ကိုက်စားအံ့

ဤသို့လျှင် ကြိမ်းဝါး၏။ လိပ်ကလေးကား လန်လျှင်အဆန်ပေါ် ပေါ်ရာအဆန် ကိုက်အဝါးခံရမည်စိုးလွန်လွန်းသောကြောင့် တစ်ခုမှ မထုတ်၊ သာသာလေး ကုပ်လျက်ကသာ။ မလန်အဆန် မထွက် မြေခွေးအလုအယက် မခံရပြီ။

အို… ကာမဘုံဖွား လောကီသားတို့…

**တောမိမြိုင်စာစဉ်**

www.dhammaransi.com



သင်တို့သည်လည်း...

သင်တို့၏ လက်ခြေအစထား အတွင်းခံအဆန်များတို့ကို အရှက်အကြောက် တရားနှစ်ပါးဖြင့် ဖုံးအုပ်ထားလျက်က အများရှေ့ သွားလာကြပါလေကုန်။

အကယ်တိတိ...

အရှက်မလုံ မျက်နှာစုံအကုန်ရှေ့ ကိုယ်အင်္ဂါတစ်ခုခု ဖွေ့ခနဲ လန်သွားသော်...

လန်ရာရှိ အဆန်များလည်း အကြီအကြား အလံအသွားမှားသည်ပမာ...

ထွက်သမျှအဆန် ဆက်သမျှပင် အဆံခံကြရမည်သာ။

ဆန်ရာရှိ အခံများလည်း အနံ့ကျိုးနံ့ပိုးအထိုးခံလိုက်ရသည်ပမာ

ကျိုးရာမှ ငိုက် ထိုးရာသို့ စိုက်ကျသွားမည်သာ။

ယနေ့၏ ကလန်ကဆန်မှု အားလုံးတို့သည် လန်သူကြောင့် ဆံသူပေါ်လာရခြင်းများပင် မဟုတ်လော။

ရှက်အလန် လေလျှံထွက်ရာမှ ရေဆန်တက်လာခြင်းများပင် မဟုတ်လော။။

www.dhammaransi.com

၄။ အလှအပ

လှသူဆို အပမှီတတ်သည်။

မလှသော် အပမမှီချေ။

အလှသည်...

၁။ ကိုယ်ကာယအလှ–ကိုယ်နေဟန် အချိုးအစား ကျနခြင်းမှဖြစ်သော အလှ၊

၂။ သီလ၏အလှ–အကျင့်သိက္ခာ စောင့်စည်းခဲ့ရာမှ ဖြစ်သောအလှ၊

ဤသို့လျှင် နှစ်မျိုးနှစ်စား အလှတရား ကွဲပြားနေချေရာ...

ကိုယ်ကာယအလှမက်သမား ပြင်ပနေ သူစိမ်းတစ်ရံဆံလောကသား များကား ကိုယ်ကာယအချိုးအစား ကျနနေသူသို့ ဝိုင်းဝန်းချစ်ကြပေလိမ့်မည်။

အကျင့်သီလ အလှမက်သမားကား အတူနေခြင်း ဖြစ်စေ၊ သူစိမ်းတစ်ရံဆံဖြစ်စေ သီလ၏ အနံ့ကို ခံယူလျက်က ဝိုင်းဝိုင်းလည် ချစ်ကြပေလိမ့်မည်။

တစ်ဖန်လည်း...

**ဘောဓိမြိုင်စာစဉ်**

www.dhammaransi.com



ထိုနှစ်လ မည်သည့်အလှဖြစ်စေ လှနေလျှင် ပ–ထုတ်သွားတတ်ကြပြီး မလှလျှင်ကား မပချင်ကြပြီ။ ပ–ထုတ်ခြင်းကား အတွင်းမှစ ပြင်ပသို့ ထုတ်ယူသွားတော့ခြင်း၊

အပမှီခြင်းကား အပြင်မှစ အတွင်းသို့ ကြွသာရန် မှီကပ်လာခြင်း၊

ထိုနှစ်ခင်းလည်း...

မည်သည့်အခင်း ဖြစ်ပါစေ သရုပ်မှန်ကား လှသူဖြစ်နေက ပြင်ပလူက အတွင်းနေအလှကို စ၍ ထုတ်သွားခြင်းနှင့် စ၍မှီကပ်လာခြင်းများပင်။

စင်စစ် အလှဟူက ပလွှားတတ်ခြင်း၊ အပမှီခြင်း အပသို့အထုတ်ခံရခြင်း သို့မဟုတ် အပမှ လာရောက်ထုတ်ယူသွားခြြင်းကို ခံရတတ်မြဲဖြစ်ရာ

သင်ကား လှချင်သလော၊ မလှချင်သလော မေးခဲ့သော် လူတိုင်းကပင် လှချင်ပါသည်ချည်း တညီတညွတ်တည်း အဖြေပေးကြမည်သာ။

တစ်ဖန်...

သင်ကား ကိုယ်ကာယအလှဖြင့် လှချင်သူလော၊ အကျင့်သီလဖြင့် လှချင်သူလော ဤသို့ ဆက်လက်မေးသော် သင် ဘာကို ရွေးမည်နည်း။

ကိုယ်ကာယအလှကား အလှသည် အပမှာသာတည်ပြီး အတွင်း၌ကား ရေသဖန်းသီးမှည့်ပမာ ပိုးလောက်တို့နေရာသာ ဖြစ်ချိမ့်မည်။

သီလအလှကား အလှသည် အတွင်းမှာသာတည်ပြီး အပ၌ကား ပိန္နဲသီးမှည့်ပမာ ကိုယ်နေဟန်အချိုးအစားမကျ အဝေးကြည့်မလှ ဖြစ်ချိမ့်မည်။

ဤသို့ ပသာဒပြနှင့် သဘာဝအကျတို့ အပြင်နေအတွင်းပြ နှစ်ထွေနှစ်ဝ ရှိကြချေရာ...

ဥယျာဉ်မှူးသည်...

၎င်း၏ ဥယျာဉ်ဝယ် ပိန္နဲတို့ကို အတွင်းစိုက်–စိုက်၊ ရေသဖန်းတို့ကို ခြံ၏အရံ ထရံစင်အကာအရံအဖြစ် အပြင်မှပတ်ဝေ့ကာ စိုက်ပေးထား၏။

www.dhammaransi.com



ထိုအပင်တို့ အရွယ်လည်းရောက် အခေါက်လည်းထူ အပူလည်း ခံနိုင်ရည်ရှိ၊ အသီးအပွင့်တို့လည်း အစိအရီပြည့်ဖြင့် မှည့်ဝင်းနေကြစဉ် တောနေမျောက်တို့ကား ရေသဖန်းပင်သို့သာ တွင်တွင် ကူး၊ ရေသဖန်းသီးတို့ကိုသာ အတွင်တွင် ခူးစားပြေးကြပါသည်။

ရွာနေလူတို့ကား ရေသဖန်းပင်ကို ပ–အတွင်းနေ ပိန္နဲပင်သို့ကျအောင် သွားကြပြီး ပိန္နဲသီးမှည့်ကိုသာ တောင်းယူစားသုံးကြပါသည်။

ဘာကြောင့်ဆို...

မျောက်ဆိုသောသတ္တဝါကား အပမြင်ပိုကြိုက် အတွေ့နောက်လိုက်လေ့ရှိသောကြောင့်။

လူဆိုသော သတ္တဝါကား အတွင်းသိ အစင်းသိအရသာရှိကိုသာ ကြည့်တတ်သောကြောင့်။

လောကီဘုံဖွား အို...လူသားတို့...

သင်ကား မျက်စိဖြင့်ကြည့်၍ရသော အလှနှင့် မျက်စိဖြင့် ကြည့်မရသောအလှ ထိုနှစ်ဝ ဘယ်ဒင်းကို မျက်စိကျလေသနည်း။ မျက်စိကြည့်အလှကား အရိုင်အရောင်ပြမှာပင် လမ်းစဆုံးပြီး သုံးရာ၌ကား ငရုတ်တောင့်အမှည့်စိုကို ကြည့်၊ ငရုတ်ပူအရည်စပ်ကို ပါးစပ်ဝယ်ထည့်ဝါးနေရသည့်ပမာ။ ရေပူခံလက်ယက်တွင်းမှာသာ လက်သွင်းရပါမည်။ သို့ကြောင့် အနီးကပ်ကြည့် တွေ့ထိလေသောအခါ နေရောင်အောက် ရောက်နေသူပမာ အပူသွင်းအညှဉ်းခံရတတ်ပါသည်။

မျက်စိကြည့် မခံသော သီလအလှကား အရိပ်အရောင်ကား မထင်စိတ်ဖြူစင်တောက်ပရာမှ ဖြစ်သော အအေးဓာတ်ဖြင့် အလှဆင်ထားရကားရောက်ချိုသီးဝယ် အရောင်ညိုကိုကြည့် အရသာချိုကို ဝါးမျိုမိလေသည်ပမာ...

www.dhammaransi.com



စိမ့်ရေကျစမ်းချောင်းတွင်း တစ်ကိုယ်လုံး ဆင်းနေရပါသည်။ သို့ကြောင့် အနီးကပ်ရှိ တွေ့မိထိမိလေသောအခါ လရောင်အောက်ရောက်သွားလေသူပမာ အအေးဓာတ်ဖြန့်၍ အထောက်အပံ့ ပေးတတ်ပါသည်။

သို့ကြောင့်...

လောကီဘုံသား သင်လူသားအား...

လက်ဆောင်စကားတစ်ခွန်းမျှ ပါးလိုပါသည်။

အလှမက် ဘဝပျက်မည်။ သီလမက် အခက်မတွေ့ပြီဟူ၍ပင်

www.dhammaransi.com

## ၅။ အတွေ့အကြုံ

အာရုံကိုတွေ့မိက ဝတ္ထုချင်းဆုံ ကြုံရာလိုက်နိုက်တတ်သည်။

ဝတ္ထုချင်းဆုံမိကလည်း အာရုံချင်းတွေ့ အတွေ့ကိုဖြစ်စေသည်။

စင်စစ် မျက်စိ၏အတွေ့၊ နား၏အတွေ့၊ နှာ၏အတွေ့များသည် အရသာကိုလည်းကောင်း၊ ကိုယ်ချင်းတွေ့ကိုလည်းကောင်း တွေ့ဆိုင်ပေးရာ၏ ရှေ့ပြေးများတည်း။

တစ်ဖန် အရသာ၊ ကိုယ် ဟူသော ဝတ္ထုချင်းဆုံ ကြုံရစဉ်ကာလများကလည်း မျက်စိအတွေ့၊ နားအတွေ့၊ နှာအတွေ့များသို့ တွေ့ဆိုင်ပေးတတ်ပြန်သည်။

တွေ့တိုင်းကား မကြုံရတတ်၊

ကြုံတိုင်းကား တွေ့ရတတ်မြဲသာ။

သို့ကြောင့် ကိုယ်တွေ့ကြုံဟူသော စကားရပ်သည် ဝတ္ထုချင်း လူချင်းဆုံကြုံပြီးနောက် အာရုံချင်း အတွေ့ဖောက်ထားသည်ကို ရည်ညွှန်းခြင်းတည်း။

ထိုစကားမျိုးကို...

**ဟောင်ဝိမြိုင်တာစဉ်**

www.dhammaransi.com



သဘင်ပွဲ၊ စည်းဝေးပွဲ ပျော်ပွဲရွှင်ပွဲများမှသည် အန္တရာယ်ရင်ဆိုင်ပွဲများ တိုင်အောင် အသုံးတွင်ကျယ်နေတတ်လှချေသည်။ သို့သော် ထိုစကား ကာမ နယ်ပယ်၌သာ အသုံးတွင်ကျယ်နေတတ်လှပြီး ဓမ္မနယ်ပယ်၌ မတွင်တတ်။

ကာမသည် နှစ်ဦးချင်းဆုံ၍ ကြုံရသော ကိစ္စတည်း၊ ဓမ္မကား ကိုယ် တစ်ဦးတည်းကိစ္စပြီးရသောကြောင့်တည်း၊ သို့မဟုတ် ဓမ္မသည် ကိုယ်တစ်ဦး တည်းတွေ့ ကိုယ်တစ်ယောက်တည်း ကြုံရခြင်းသာ...

အို... ဗုဒ္ဓနွယ်ဖွား လောကီသားတို့...

သင်တို့သည်...

နှစ်ဦးဆုံ၍ နှစ်ဖက်တွေ့သို့ လိုက်ပါကြမည်လော၊

ကိုယ်တစ်ဦးတွေ့၊ ကိုယ်တစ်ယောက်တည်းချည်း ကြုံမည်လော၊

အကယ်တိတိ...

သူနှင့် ကိုယ် အာရုံချင်းတွေ့ တွေ့ပေးရာမှ ကိုယ်ချင်းဆုံ ကြုံမိခဲ့ သော်...

သစ်ပင်ကို ဓားဖြင့်ခုတ်ချိုင်ရာဝယ် သစ်ပင်သာ လဲကျပျက်စီးသည် မဟုတ်၊ ခုတ်ဓားလည်း တုံး၊ အသွားများ အရိုးများပါ ပြွန်းလေသည်ပမာ တွေ့ရာမှာပျက် ကြုံရာမှာလည်း မသက်မသာ၊ တွေ့သူလည်းပျက် အတွေ့ ခံရသူလည်း ပျက်ဖြင့် မသက်မသာ ရှိတတ်လှစွာ၏။

အကယ်တိတိ...

ကိုယ့်တစ်ဦးချင်းအတွေ့အပေါ် သတိယှဉ် အကြုံပေါ် သတိဝင်နေ ပါသော်ကား...

ဓားနှင့်သွေးကျောက် ချင်းချင်းခလောက်ရာ

ဓားလည်းထက် ကျောက်လည်းညက်ပမာ...

မိမိရှိ လူ့အသိဉာဏ်လည်း အမြင်မှန် ဆန်အတက် အရောင်များ ပင် လက်စေပါမည်။

**ဆောင်မြိုင်စာစဉ်**

www.dhammaransi.com



မိမိရှိ ဉာဉ်စရိုက်များလည်း ရှင်းရာမှယဉ်၊ ညက်သောအသွင်ဆောင်စေပါသည်။

အားလုံး၏ အမြင်၌ပင် ဘဝင်မခုန် ရင်မတုန် ကြံ့တိုင်းပေါင်းအကောင်းသာနေတတ်ပါသည်။

www.dhammaransi.com

## ၆။ အစအန

ဉာဏ်မြင်မထွား စိတ်လည်း မကစားတတ်သူသည် အလုပ်၏ အစ ရှိပစ္စည်းသည် တန်ဖိုးမရသော အန ဖြစ်ဖြစ်တတ်သည်။

ဉာဏ်လည်းကစား၊ စိတ်လည်းကစားတတ်သူ၏ အလုပ်မှထွက်သော ပစ္စည်းအရည်အချင်းကား နောက်ပိုင်းဝယ် အကျနောက် အနဖောက် သွားတတ်လှချေသည်။

ရိုးသားသူ၏ ဉာဏ်မပါသောအလုပ်၊ စိတ်မကစား ပြင်ပအတွေ့ အကြုံများသို့ မကျက်စားတတ်သူ၏ အလုပ်များသည်...

အစစထွက်ရှိလာသော ပစ္စည်းသည် ပုံစံအားဖြင့်သော်လည်းကောင်း အရည်အသွေးအားဖြင့် သော်လည်းကောင်း ညံ့ဖျင်းနေတတ်ပြီး တန်ကြေး မရ အအ–အနစာရင်းတွင် အသွင်းခံရတတ်ချေသည်။

ကုန်ကုန်ပြောရလျှင်...

မယားနေ လင်ရ ရိုးသားလှလေသူတို့၏ အစရ ပထမသားသမီးသည် ကိုယ်နေမရှင် စိတ်နေ မကလက် အန–သက်သက်ချည်း ဖြစ်နေတတ်လှ၏။

၂၃ ဧ ၇၅

www.dhammaransi.com

ရိုးလွန်းလည်းမကောင်း၊ အရိုးနောက် အအ,ဖောက်လာသော် ရ ပစ္စည်းကား အနဘက်သို့ချည်း ရောက်ရောက်သွားသောကြောင့်။

တစ်ဖန် ဆန်းပြားသူ၏ ဉာဏ်ပါသော အလုပ် စိတ်လက်ပေါ့ပါး ပြင်ပ အတွေ့အကြုံများသို့လည်း သွားရောက်ကျက်စားတတ်လေသူ၏ အလုပ်များသည်ကား အစတွင် အလွန်ကောင်းမွန်လှပနေတတ်လှပြီး ကြာသွားလျှင်ကား အာရုံလျှင်ရိုး အဓိပတိ မကြီးစိုးသောကြောင့်လည်းကောင်း၊ လုပ်လိုစိတ်ခမ်း အာရုံလမ်း မတန်းတော့သောကြောင့်လည်းကောင်း၊ နောက်ဆုံးတွင် အရည်အချင်းလည်း ညံ့၊ ပစ္စည်းလည်း မသန့်တော့ဘဲ အကျမှာ အနပါနေတတ်ပြန်သည်။

ကုန်ကုန်ပြောရလျှင်...

မယားနေလင်ထားကို ဆန်းပြား၊ မဆန်းပြားတို့၏ နောက်ဆုံးသားများသည် မျက်နှာရှင် မျက်နှာရှူး အကောင်းဘက် စိတ်မကူးတော့သည့် လူကလေးများ ဖြစ်သွားတော့ရာ အကျအနများချည်းသာ ဖြစ်ရှာချေသည်။

အို . . ကာမဘုံဖွား လောကီသားတို့...

သင်တို့၏ စိတ်နေစိတ်ထား လုပ်ရပ်များသည်...

အစ န လိုက န ပါစေ၊

အကျပယ် မနဖို့က အရေးကြီးပါသည်။

အစ အနကား ကြာသော်ပြောင်း အကောင်းပေါ်တတ်သေး၏။

အကျနောက် အနဖောက်လျှင်ကား ကြာလည်း မကောင်း ပြောင်းလည်းမရ...

အနမှ အနသို့ချည်း ထပ်ချည်းတလဲ ကျနေကြမည်သာ။

www.dhammaransi.com

## ၇။ အရှုပ်အရှင်း

ရှုပ်နေလျှင် အရှင်းပေါ်လာမည်။

မရှုပ်လျှင်ကား မရှင်းစေတော့ပြီ။

အရှုပ်သည်

စိတ်ရှုပ်လူရှုပ်ကို အခြေခံလျက်က ကိစ္စရှုပ် အလုပ်ရှုပ် စသည်များ အထိ နယ်ကျယ်လေရာ မည်သည့်အရှုပ်ဖြစ်စေ ရှင်းရတော့မည်သာ။

အချို့ဝယ် ကာယကံရှင်ချင်း ရှင်းလင်းကြရ၏။

အချို့၌ကား သက်ဆိုင်ရာ တာဝန်ခံများပင် ဝင်ပေးရချေသည်။

အရှုပ်အားလုံးတို့တွင်...

အရှုပ်တကာ့ အရှုပ်ဆုံးကား စိတ်၏ အရှုပ်တော်ပုံများပင်တည်း။

လောကချက်နှာစာရှိ

လူမှုရေးရှုပ်ထွေးမှုသည် စိတ်ရှုပ်ထွေးမှုမှပင် စတင်၏။

စီးပွားရေးရှုပ်ထွေးမှုသည်လည်း ယင်းမှပင် မြစ်ဖျားခံ၏။

နိုင်ငံရေးရှုပ်ထွေးမှုသည်လည်း ၎င်းသည်ပင် တရားခံတည်း။

ထိုစိတ်ကား မည်သို့နှင့် ရှုပ်ထွေးနေသနည်း။

အချို့ကား ရာဂနှင့်စိတ် ချိတ်မိရာမှ စိတ်ရှုပ်ထွေးလာသည်။

အချို့ကား ဒေါသနှင့်စိတ် ချိတ်မိရာမှ စိတ်ရှုပ်ထွေးလာသည်။

**ဟောစိမြိုင်စာစဉ်**

www.dhammaransi.com



သည့်အတူ မာန၊ ဒိဋ္ဌိ ရှိစသည့်အမှု ကိလေသာအညစ်အဆိုးများနှင့် စိတ် ချိတ်မိသွားကြရာမှလည်း စိတ်ရှုပ်ထွေးမှု ဖြစ်ပေါ်စေပါသည်။

စိတ်၏ ပင်ကိုယ်သတ္တိသည် ဖြူစင်တောက်ပ တန်ခိုးသတ္တိပြလျက်သာ ရှိ၏။

လူ၏ စိတ်အစဉ်သည်လည်း ကြည်လင်သန့်ရှင်း ယုတ်ညံ့မှုကင်း၏။

ထိုမျှ အစွမ်းထက်သောစိတ်ကို ကိလေသာများက ဖိနှိပ်ကြိတ်ချေလေသောအခါ စိတ်ကား နေပူကြားသွား ခရီးသည်များ၏ လက်တွင်းရှိလက်ကိုင်ပဝါများပမာ ဖြူရာမှ ညစ်၊ ညစ်ရာမှ မည်း၊ မည်းရာမှ မွဲလာ၊ နွမ်းလာ၊ ကြေလာစေပါသည်။ အရောင်ကင်းဆိတ် မှေးမှိတ်လျက်နေပါသည်။ အသွေးတိတ်ဆိတ် တိတ်လျက်နေပါသည်။

ထိုစိတ်ရှုပ်ထွေး ဖြေထုတ်၍ မပေးနိုင်သော် အကြဲတို့သည် စည်လာကားလာကြပြီ။ တစ်စထက်တစ်စ ကျယ်ပြန့်၍လာချေရာ…

စိတ်မှဖြစ်သောအရုပ်၊ နှုတ်မှထုတ် သရုပ်ပေါ်လာသည်။

စိတ်မှဖြစ်သော အရုပ်၊ ခြေလက်ကုပ် သရုပ်ပေါ်လာသည်။

ပေါ်လာသော ထိုသရုပ်ကား တစ်ဖက်သို့ အရုပ်ဇာတ်ခင်းမှုချည်းသာတည်း။

လောကီဘုံဖွား အို…လူသားတို့…

သင်တို့သည်…

စိတ်အရှုပ်အလုပ်ဖြင့် သက်သေပြလျက်ရှိရာ…

အချို့၌ အများရှေ့ဖြစ်၍ အရှုပ်မှအရှင်းသို့ အသွင်းခံကြရ၏။

အချို့၌ အများရှေ့ မရှုပ်သဖြင့် မရှင်းနိုင်သည်လည်း ရှိ၏။

ထိုတွင်…

အများရှေ့ရှုပ်သဖြင့် အရှင်းခံရလည်း လူ့သိက္ခာခဝါအချခံရ၏။

www.dhammaransi.com



နှစ်ဦးချင်း ရှုပ်သဖြင့် သမုတ်ခံရသည်လည်း လူသိက္ခာတဖူနာပါ၏။

သို့ကြောင့်...

မည်သည့်အရှုပ်ဖြစ်စေ အရှုပ်မှ အယုတ်သို့ချည်း ထိုးဆင်းသွားတော့ရာ မရှုပ်ခင်က ရှင်း အရှုပ်အရှင်းလည်း မဖြစ် အယုတ်စာရင်းလည်း အစစ်မခံကြရမှ တော်ကာကျကြမည်။

ထို မရှုပ်ခင်က အရှင်းကား ဓမ္မရေးရာ ဉာဏ်အထွာဖြင့် ယှော၍ လွှာ၍ ကြိုတင်ကာကွယ်မှုပေးထားခြင်းတည်း။ ရှုပ်တော့မှ အရှင်းကား လောကရေးရာ ဓမ္မတာဖြင့် ဥပဒေရှေ့ချ ရှေ့နေ၏ နှုတ်စလျှာစဖြင့် ဖာရထေးရမှုတည်း။

သင်သည် မည်သည့်အရှင်းမျိုး အားကိုးလိုသနည်း။

www.dhammaransi.com

## ၈။ ချီးကျူး

အံ့ချီးစကားဖြင့် ကျူးရင့်ခြင်း၊

အချီးအနှီးအလကားဖြင့် ကျူးရင့်ခြင်း၊

အချီးစကား ရှေ့ပြေးအားဖြင့် ကျူးရင့်ခြင်း၊

ထိုသို့ရှိရာတွင်...

ကစ်ဦး၏ အံ့မခန်းလိလိ ပညာဉာဏ်ခွဲသတ္တိတို့ဖြင့် ပြုကျင့်ခဲ့ပါသော အကြောင်းချင်းတကို ဂုဏ်ထင်ပြသ အံ့စရာအဖြစ် လှစ်ဟလိုက်ခြင်းများကိုလည်း ချီးကျူးစကား ပြောကြသည် ဆိုရ၏။

ထို၏ ဆန့်ကျင်ဘက်ဖြစ်သော သူ့မှာမရှိသော ဂုဏ်ပုဒ်များဖြင့် ခန့်မှန်းအထင်ကြီး တွင်တွင်ကြီး မြှောက်စားပြောဆိုခြင်းများကိုလည်း ချီးကျူးသည်ဟူ၍ပင် ဆိုရ၏။

တစ်ဖန် အကြောင်းတစ်ခု ကိစ္စစုများကိုမပြုကျင့်မီ ရှေ့အဖို့ကပင် ထိုအကြောင်းကိစ္စရပ်၏ ဂုဏ်သကပ်ကို ကန့်သတ်ရိတ်လှီး နိဒါန်းချီး(စကားချီး)စကားပြောဆိုခြင်းများကိုလည်း ချီးကျူးပြောဆိုခြင်းများဟူ၍ပင် ဆိုရပါ၏။

www.dhammaransi.com



ထိုသို့ အချိုးကို အကျူးဖြင့် အထူးပင့်လေရာတွင် အံ့လောက်စရာ ဖြစ်၍ ကျူးရင့်ခြင်းကား ကောင်း၏။ လူသာမန်တို့ တုယှဉ်အားကျတတ် အားရ စေနိုင်သောကြောင့်။

အကယ်တိတိ အထင်ကြီးခန့်မှန်းဖြင့်ဖြစ်စေ သူ့ဂုဏ်ကိုယ့်ဂုဏ် လျော့–ပေါ်လွင်လို၍ဖြစ်စေ မရှိကို အရှိလုပ် ဟိတ်ဟန်ထုတ်၍ ဆိုရာ ချီးကျူးစကားတို့ကား အချီးကျူးခံအား အပုပ်ချခြင်းတစ်မျိုး ဖြစ်ပြီး ချီးကျူးသံ နာခံသူအား သရုပ်ပြခြင်းတစ်မျိုးသာ ဖြစ်ချေသည်။

တစ်ဖက်အထင်ကြီးစေခြင်းသည် အထင်မှဝင်သော အမြင်ဖြစ်ခြင်းကြောင့် အပြင်မှ ဝင်သော အမြင်မျိုးလောက် မခိုင်ခံ့။ အသွင်မှဝင်သော အမြင်မျိုးလောက်လည်း မခိုင်ခံ့။

အထင်သည် ခန့်မှန်းသာ ဖြစ်ခြင်းကြောင့်။

ထိုခန့်မှန်းသည် အရှိထက်ပိုလွန်၍နေချေသော် အထင်ကြီးခံရမည်။

အကယ်တိတိ အရှိအောက်ကျသွားချေသော်ကား အထင်သေးခံရဦးမည်၊ အထင်ကြီးလည်း ကြီးသူတို့ နစ်နာပြီး သေးလည်း သေးသူပင် နစ်နာမည်။

ကြီးရာမှာ တဏှာ၊ သေးရာဝယ် မာန ပါနေသောကြောင့်။

တစ်ဖန် အထင်သေးမှု ကြီးမှု နှစ်ခု တစ်ခုခု ခံယူရသူဘက်၌လည်း

အကြီးခံရဆဲ မာန၊ အသေးခံရဆဲဝယ် ဒေါသ ဝင်နေသည်ဖြစ်သောကြောင့်။

ထို အထင်ကြီးသူ၊ အထင်ကြီးခံရသူတို့အကြား စကားဖြင့် အသံလွှင့်၊ မရှိဂုဏ်ကို မြှင့်ပေးနေသူတို့ဘက်၌လည်း မြှောက်၍စားခြင်း မကင်းရကား လူထမင်းစားနည်းမျိုး မဟုတ်ကြတော့ပြီ။

ကာမဘုံဖွား လောကီသားတို့...

သင်တို့သည်...

www.dhammaransi.com



အထင်ကြီးခံယူရသူ ဖြစ်နေလိုသလော၊
အထင်ကြီးသူ လူအဖြစ် နေလိုသလော၊
အထင်ကြီးရန် လှုံ့ဆော်သူ လူအဖြစ် နေလိုသလော၊
မည်သည့်ဘက်နေနေ သေချာသည်ကား...

တဏှာ၏နောက် မာနနှင့် ဒေါသတို့ ရောက်လာသည်နှင့် အမှောက်နောက်အမှားပါ တရားကွာအကျင့်ပျက် အမြင့်မတက်နိုင်ကြခြင်းပင်တည်း။

www.dhammaransi.com

## ၉။ သေသေသပ်သပ်

သေသေချာချာ သုံးသပ်ပြီးကာ လက်သပ်မွေးထားခြင်းသည် သေသပ်။

မသေသေရန် အပြီးသတ် သတ်ဖြတ်ချလိုက်ခြင်းသည်ကား သေသတ်။

လူတို့သည် မိမိပိုင်ပစ္စည်းတစ်ခုကိုသော်လည်းကောင်း၊ မိမိကိုင်အာရုံတစ်ခုကိုသော်လည်းကောင်း၊ မိမိစိတ်နှင့် ဟပ်မဟပ်ကိုလည်းကောင်း၊ မိမိအကျိုး ဝိုးမကိုးကိုလည်းကောင်း သေချာစွာ သုံးသပ်ပြီးနောက် သေချာပေါက်အဖြစ် ဟပ်၏၊ တိုး၏၊ အကျိုးရှိ၏ ဆုံးဖြတ်မိကြသောအခါ ထိုပစ္စည်း ထိုအာရုံများကို ခုံမင်စွာ သိမ်းပိုက်ကာ လက်သပ်မွေး အရေးပေးထားရာ၏။

၎င်းကို အလုပ်သေသပ်သည်၊ ကိုင်တွယ်ပုံ သေသပ်သည်ဟု မျက်မြင်တို့က သမုတ်ကြလေသည်။

တစ်ဖန်... မိမိသို့ တုံ့ပြန်လာသော ရန်သူကိုသော်လည်းကောင်း၊ ရောဂါကိုသော်လည်းကောင်း၊ တောဆိုးသစ်ပင်ကိုသော်လည်းကောင်း၊

www.dhammaransi.com



ကျူးပင်ခုတ် ကျူငုတ်မကျန်စေရ ဟူသော စိမ့်ချက်ဖြင့် ပယ်ဖျက်သုတ်သင်ခြင်းကို အသေသတ်သည်ဟု ဆိုကြလေသည်။

ထို နှစ်ပါးစလုံး လောကီဘုံဖွားတို့ အသုံးများကြပါကုန်၏။

ဓမ္မရေးရာဘက်၌ရှိသော ကျင့်နည်းသေသပ်ခြင်း၊ ပယ်နည်းသေသပ်ခြင်းမျိုးကိုကား ကာမကြီးစိုးသူ လူသားတို့ လက်သုံးမပြုလိုကြပြီ။

လိုချင်သည်ကို ရယူလိုလျှင် ထိုလိုချင်သည်ကိုပင် သတ်ယူရမည်။

မလိုချင်သည်ကို ပယ်မြစ်လိုလျှင် ယင်း လိုချင်သည်ကိုပင် သတ်ခဲ့ရမည်။ သို့သော် မည်သည့်ကာမကြီးစိုးသူ လူသားမျှ ထိုလမ်း မလိုက်ပါလို။ ကာမကို မျိုမတတ် ချစ်နေတတ်ကြသောကြောင့်။

ကာမကို သေသေချာချာ လက်သပ်မွေးထားလေသူသည် ကာမကို အသေသတ်ရန်ကိစ္စ စဉ်းစားမရစေတတ်။

တစ်ခါက တစ်ရွာဝယ် သိုက်စာကျ၏။ ထိုသိုက်စာကား ရွာ၏အရှေ့ ညောင်ပင်တွေ့၊ တပြေ့လွှတ်၍သွား၊ ပင်အောက်လံကွာ မြောက်ရပ်မှာ သေတ္တာ ရွှေငွေထား၊ အောင်လုနီးလောက် မိန်းမရောက် ခုတ်မြောက်မဆိုင်းစား ဟူ၏။

သိုက်စာအရ သိုက်ဆရာသည် လက်ရင်းတပည့်အား တာဝန်ပေးလွှတ်လိုက်ရာ တပည့်လည်း နောက်ပါရိက္ခာများနှင့်တကွ သိုက်စာကျရာရွာသို့ သွားရောက်ကာ အဒေါ်နေအိမ်ဝယ် တည်းခိုလျက်က တူးကြ၏။

ကျောက်သေတ္တာကြီးကား ပေါ်လာပြီ။ အောင်လုနီးနီးပင် မိန်းမကြီးတစ်ဦးလည်း တွင်းအနီးသို့ ရောက်လာပြီ။ တည်းခိုအိမ်က အဒေါ်ကြီး။

ထိုအခါ ရတနာဖော်လိုလျှင် မိမိ၏ စားရသောက်ရအိမ် အဒေါ်ကိုပင် သတ်ရမည်ဖြစ်သောကြောင့် တတ်လည်း မတတ်သာ၊ သတ်လည်း မသတ်သာပြီ။ ကာမကား အဒေါ်ထက် သတ်ရခက်မည်သာ။

www.dhammaransi.com



လောကီဘုံဖွား အို…လူသားတို့…

သင်တို့သည်…

ကာမကို သေသေသပ်သပ် လက်သပ်မွေးထားကြမည်လော။

သို့တည်းမဟုတ်…

ကာမကို အသေသတ် သတ်ဖြတ်ခဲ့ကြမည်လော။

အလိုသည် အလိုကိုလည်းကောင်း၊ မလိုကိုလည်းကောင်း သိမ်းထားလေ့ရှိသောကြောင့် လိုတစ်မျိုး မလိုတစ်မျိုး အချိုးပြောင်းပေးနေရတတ်ချေသည်။

မလိုသည်ကား အလိုကိုလည်းကောင်း၊ မလိုကိုလည်းကောင်း ဖြိုချပြီးဖြစ်ရာ လိုလား မလိုလား ထိုနှစ်ပါး မသွားရချေပြီ။

သို့ကြောင့် အလိုကို မသိ-ဖြိုသတ်ပြီးသူသည် လိုလား၊ မလိုလားမိမိက သွားနေမည့်အစား လိုလား မလိုလား ၎င်းတို့ကသာ လာရောက်ဦးခိုက်တတ်ကြချေရာ…

အလိုလာလည်း ပိုပိုသာသာ ပေးစရာမလိုပြီ။

မလိုလာလည်း ချိုချိုသာသာ ပေးစရာမလိုပြီ။

အကယ်တိတိ အလိုကို မဖြို၊ သိထားလေသူ ဖြစ်ပါမူကား… သင့်အဖို့ အလိုလာ သကာပျော်၊ မလိုလာ မသာပေါ်တတ်ပြီး သင့်မျက်နှာလည်း သနပ်ခါးလူး အိုးမည်းသုတ်မျိုးဖြင့် အရုပ်ဆိုး အကျည်းတန် တစ်ဖက်သား အနမ်းခံ အရမ်းခံရချေတော့အံ့။

www.dhammaransi.com

## ၁၀။ အံ့ကျအန

လောဘသို့ကျ ထိုခဏ အတွင်းပကိစ္စ ထိုနှစ်ဝ ဘာဆိုဘာမျှ မသိရတော့ကား အနစာရင်း အသွင်းခံရသည်။

ဒေါသသို့ကျ ထိုခဏလည်း တွင်းပကိစ္စ ထိုနှစ်ဝ ဘာဆိုဘာမျှ မသိရတော့ကား အနစာရင်းဝင် ဖြစ်သွားတော့သည်။

အကယ်တိတိ လောဘကိုချ ထိုခဏ အတွင်းကျကျ သိခွင့်ရတော့ရာ အနမှထ အလှကြွ အပြကောင်းတတ်သည်။

ဒေါသကိုချ ထိုခဏ အပြင်ကိစ္စ သိခွင့်ရတော့ရာ အနမဝင် ဘဝလျှင် အပြင်အဆင် ကြွနေမည်။

လောဘတို့သည် လူသားတို့စိတ်ကို နိမ့်ရာသို့ ကျစေတတ်ပြီး သူ့ကျွန်ခံဘဝ ပြန်လှန်ကာစကားဆိုခွင့် ပယ်မြစ်ခွင့် မရတော့ရကား ကွဲအက်နေသော ငွေဒင်္ဂါးပမာ၊ န–နေတတ်လှစွာ၏။ လောဘဒေါသ ထိုနှစ်ဝတို့ဖြင့် ငြိနေသောနေရာမှာလည်း ထမရ ကြွမရလည်း ဖြစ်နေတတ်လှစွာ၏။

ယနေ့ လင်နေမယားထားတို့၏ စိတ်အစဉ်ကိုလည်းကောင်း ဘဝအပြင်အဆင်ကိုလည်းကောင်း လေ့လာကြည့်လျှင်...

**ဖောဓိမြိုင်စာစဉ်**

www.dhammaransi.com



လင်၏စကား အမျှင်ကြားမှလည်း ရှန်းမထွက်နိုင်။

မယားစကား အမှားကြားမှလည်း ရှန်းမထွက်နိုင်။

ထမင်းကြမ်းခဲ ပြလျက်က တောလည်ရာဌာနသို့ မျှားအခေါ်ခံရသော ခွေးတို့သည် ပေးတော့မလို ကျွေးတော့မလို လွေးရတော့မလိုသော–မလိုအမှုအရာကိုပင် လိုချင်ကာ သူ့နောက်ကပ်၍ လိုက်ပါနေရသည့်ပမာ– ကိုယ်လိုချင်ရာ သူ့အရှိ၊ စိတ်အငြိဖြင့် ကြည့်လျက်က...

သူလိုချင်ရာ ကိုယ့်အရှိ စိတ်အငြိဖြင့် သူကလည်း ကိုယ့်ကြည့်လျက်က မိနေကြတော့ရာ...

မခံချင်ပါသော်မှ ခံရ၊ အနကြီးဘဝဖြင့် ကိုယ်မရှန်း၊ နှုတ်မဖွင့် အသင့်ဖြစ်ရသည်။

ရာဂသွေး မတောင်း၊ ဒေါသကို မောင်းထုတ်ထားသော သူတော်ကောင်းတို့ကား ရာဂကုတ် တုတ်တုတ်မခံ၊ ဒေါသကုတ် တုတ်တုတ်မခံ၊ တွန်းလှန်နေကြရာ အသံသည် မာကြောပီပြင် ကြည်ကြည်လွင်လျက် ရှိကြပါသည်။ ဟန်သည်လည်း ပေါ့ပါးတက်ကြွ အထက်အထက်သို့သာ ပြနေတတ်ပါသည်။

မီးစာကို ရှို့၊ ရေနံချို့ရာမှဖြစ်သော အခိုးအလျှံ ခံထားပြီး မီးပုံးပျံသည် မြေ၏ဆွဲအားမှ လွတ်လျက်က အထက်တက်ဟန် ပြနေပါသည်ပမာ...

စကားကလည်း အထက်သို့ လားစေမည့်စကားသာဖြစ်နေရာသည်။

အသွားကလည်း အထက်သို့ သွားနေသည့် အသွားအလာသာ ဖြစ်နေရာသည်။ ၎င်းတို့ဟန်ကား ၎င်းတို့ထံမှာ ရှိအရာများနှင့် တစ်ထေရာတည်းသာပင်။

အို... ဤလူ့ဘုံဖွား လောကီသား...

သင်ကား..

**ဟောဝိမြိုင်တာစဉ်**

www.dhammaransi.com



အကျဖြင့် နှ-လိုသလော၊ အထဖြင့် ကြွလိုသလော။

အကျအန ဝဝကြီးသုံးလိုသော် လောဘ၊ ဒေါသတို့ခေါ်ရာသို့ လိုက်ပါလေ။

အကယ်တိတိ...

အထအကြွကိုသာ လှလှကြီးသုံးလိုပါသော်ကား သူခေါ်လည်း မပြုံး၊ သူမုန်းလည်း မဖြုန်၊ မတုန်မလှုပ် ကျောက်ရုပ်ကြီးတမျှသို့ နေပြ လိုက်ပါလေ။

www.dhammaransi.com



ရေသည် မီးကဲ့သို့ ပူလောင်ခြင်းကား မရှိ။ သို့တစေလည်း ရေပေါ် ရေကျ တသွင်သွင်ထနေပါမှုကား မီးထက်ပင် ဝါးမြိုအားကောင်းလှချေ၏။

သည်ပမာလျှင် အရာရာတွင် သတိ၏ စူးစမ်းခြင်း၊ လေ့လာခြင်း၊ သုံးသပ်ခြင်းများက ထပ်မနားပင် သူ့ကိစ္စပေါ် တင်ထားမိချေသော်...

သူ့ကိစ္စ၏ အလာအသွား လွှားခနဲပင် ဝါးမြိုသွားခဲ့ပြီ။ သူ့အထာ၏ သဘာဝအတွက် တစ်စမကျန် ပယ်ဖျက်ပေးထားပြီ။

သို့ကြောင့် မည်သည့်အရာကိုမဆို လောကရေးရာ ဖြစ်စေ၊ ဓမ္မရေးရာဖြစ်စေ သတိသည် ရေကဲ့သို့ အလျှင်ကြီးခြင်း၊ ရေကဲ့သို့ အေးချမ်းခြင်းဖြင့် စူးစမ်းလေ့လာ သုံးသပ်မှုအရာ ထွင်ပေးနေသော် အရာကား ထင်လျက်ကသာ တွေ့ရမည်။

သညာအမှတ်က လောကရေးရာ အဖြာဖြာတို့၌ အရာထင်စေမည်။

သတိအမှတ်က လောကုတ်လောကီ နှစ်လီတို့၌ပင် အရာထင်စေမည်။

သညာအမှတ်ကား ကြားခံအာရုံ၌ဖြစ်စေ၊ ဝတ္ထု-သူ့အပေါ်၌ဖြစ်စေ အပေါ်ယံရစ်ဝဲ အမှတ်ဖြင့် ပိုင်းခြားစည်းအဖြစ် သားရုံသာ သားနိုင်ခွင့် ရှိသောကြောင့်။

သတိအမှတ်ကား အာရုံကိုကျော် သူ့ပေါ်မှုမက သူ့အတွင်း ထွင်းဖောက်ခြင်း၊ ကိုယ့်ကိုယ်တွင်း၌လည်း ထွင်းဖောက်ခြင်းဖြင့် အဖြစ်မှန်အား ပိုင်းခြားသိ ကွဲပြားသိ သူ့အစွမ်းသတ္တိအပြည့်ရှိသောကြောင့်။

လောကီဘုံဖွား အို...လူသား...

သင်သည် ရေရေရာရာ သွားလော၊ မရေမရာသွားလော။

သင့်ကိုယ်သင် စာရင်းသား ရေတွက်ပိုင်းခြားကြည့်သင့်ပြီ။

အကယ်တိတိ...သင့်အတွေ့၊ သင့်အကြံ၊ သင့်ဟန်များသည် စစ်ဆေးခြင်း၊ သုံးသပ်ခြင်း၊ အလျဉ်းမရှိသော သတိမဲ့မျိုး ဖြစ်နေသော် သင့်

www.dhammaransi.com



လုပ်ရပ်များလည်း အရာထင်ခြင်း၊ ပီပြင်ခြင်း၊ အလျဉ်းကင်းရကား သင့် သွားလမ်းများသည် မှန်းရာကန်းကာ မရောက်နိုင်ရာပြီ။

ယနေ့ သင် အကောင်းစကားပြောလျက် အဆိုးတောဘက် ယက်တက်နေခြင်းသည် ဘာကြောင့်နည်း။

ကောင်းရောဆိုလုပ်လျက် အပုပ်ဘက် ဆန်တက်နေခြင်းသည်လည်း ဘာကြောင့်နည်း။

www.dhammaransi.com

# ၁၂။ ရေရေလည်လည်

ချောင်းမြောင်းအတွင်းမှ ရေများကို လယ်စသည်များသို့ မြောင်းသွယ်ပေးရာ၌ ထိုလယ်၏ ခွက်ကွင်းပြည့်သွင်းရေများ ဆက်မိသွားသော အဝင်မှ သွင်းရေ တစ်ပတ်လည်လျက်က အဝင်ဘက် လှည့်လေရာ၏။ အဝင်ရေ အဝင်ဘက် လှည့်ပတ်ထွက်လာခဲ့သော ထိုရေသွယ်မှုကိစ္စ ပြီးစီးပြီဆိုရမည်။

တစ်ရစ်၏ တစ်ပတ်လှည့် ပတ်မိလျှင် တစပ်တည်း။

နှစ်ရစ်၏ နှစ်ပတ်လှည့် ပတ်မိလျှင် နှစ်စပ်တည်း။

သည်ပမာလျှင် လူသားတို့သည်လည်း တစ်ဦးလျှင် တစ်ဦးစကားနားသွင်းခြင်းဖြင့် ဆိုလိုရာ အခင်း၏သဘောအတိမ်အနက် နားသွင်းခံရသူဘက် အချက်သိသွားလျှင် တစ်ချက်မိ တစ်ချက်လျှင် အရေလှည့်စေသည်။

ရာဂစကား တပ်အပ်ကြားက ရာဂသွေးများ လည်ပတ်စေ၏။

ဒေါသစကား တပ်အပ်ကြားက ဒေါသသွေးများ လည်ပတ်စေ၏။

www.dhammaransi.com



ထိုအခါတွင် ရာဂကိစ္စ ဒေါသကိစ္စ စသည်တို့ တစ်ရစ်ပြီးတစ်ရစ် အရစ်ကျ တက်တက်လာကြပြီး...

ရာဂ၏ အဆုံးပန်းတိုင်ကား သူ့ငါပိုင် ငါ့သူပိုင်တည်း။

ဒေါသ၏ အဆုံးပန်းတိုင်ကား သူ့ငါကိုင် ငါ့သူကိုင်တည်း။

စကားဖြင့် နားသွင်းခြင်းသည် လူ့တစ်ကိုယ်စာ ခန္ဓာတွင်း အရည်သွင်းရာ၌ အထိရောက်ဆုံးသော ရေ့ပြေးစိမ်ချက် ဖြစ်သောကြောင့်။

စကားနောက်တရားပါစကား။

နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေစကား။

ယင်း ရေလည်စေသော စိမ်ချက်၏ သက်သေပြစကားများပင် မဟုတ်လော။

ယနေ့ လောကသားတို့ ကြုံတွေ့နေရသော အရှုပ်အရှင်းအငြင်းပွားမှု အားလုံးလိုလိုပင် စကားနှုတ်ချွေ အရေလည်ရာမှချည်း စတင်ကြ၏။

တစ်ယောက်သည် တစ်ယောက်သို့ အကြိုက်ကျ မျက်စိဖြင့် ကြည့်လျက်က သို့သော် နှစ်ကိုယ်ချင်း နှုတ်မဖွင့် ပွင့်လည်းမလာ အရေလည်း မပါစေ။

တစ်ယောက်သည် တစ်ယောက်သို့ မကြိုက်ဟန်ပြ မျက်စိဖြင့် ကြည့်လျက်က သို့သော် တစ်ဦးနှင့်တစ်ဦး နှုတ်ဖွင့်စကား မကူးလူးက အရေလည်း မမြူးလေ။

လယ်ကို ရေသွင်းရာ၌ ကတွတ်ပေါက်သည် သော့ချက်တည်း။

လူကို ရေသွင်းရာ၌ကား စကားနှုတ်ဖွင့်သည်သာ သော့ချက်တည်း။

အို... ကာမဘုံဖွား လောကီသား...

သင်သည်...

(က) သူတစ်ပါးတို့သို့ ကာမရေကင်း အညှိရေသွင်းမည်လော၊ သို့တည်းမဟုတ်...

www.dhammaransi.com



ဓမ္မရေကောင်း အကြည်ရေသွင်းမည်လော၊
သင့်ထံသို့လည်း...

(ခ) သူတစ်ပါးတို့က ကာမရေထည့်၍ အရေလှည့်ပေးနေပါသည်ကို ခံယူမည်လော၊
သို့တည်းမဟုတ်...
ဓမ္မရေထည့်၍ အရေလှည့်ပေးနေပါသည်ကို ခံယူမည်လော၊
အကယ်တိတိ...

သူ့ကိုယ်အတွင်း ကာမရေသွင်း လှည့်ပတ်နေခြင်းကား ချက်ချင်းလည်း ပတ်၊ သံသရာအဆက်မယွင်းသည်အထိလည်း ပတ်နေရဦးမည်။

သူကိုယ်နှစ်စင်း ဓမ္မရေသွင်း၍ လှည့်ပတ်နေခြင်းကား လက်ငင်းလည်းပြတ် သံသရာအဆက်ချင်းလည်း ပြတ်စေကြရမည်။

www.dhammaransi.com

## ၁၃။ မသိမသာ

မသိမရှိကြစေနှင့်၊ မသိလျှင် မသာပေါ်လိမ့်မည်။

အသိရှိကြပါစေ၊ သိလျှင်ကား အသာပေါ်တတ်သောကြောင့် အကြံတူရာတိုင်း၌ပင် ရန်သူဟူသည် ရှိစမြဲသာ။

သို့ကြောင့် မည်သည့်ကာလ၊ မည်သည့်ဌာန မည်သည့်ကိစ္စမဟူ သတိသည်လည်းကောင်း၊ အသိသည်လည်းကောင်း၊ မရှိမဖြစ်သော အရာတည်း။

သတိသည် တိုက်ခိုက်ရာ၌ ကျွမ်းကျင်လိမ္မာသောကြောင့်။

အသိသည် ခုခံရာ၌ ကျွမ်းကျင်လိမ္မာသောကြောင့်။

လူတို့သည် နံနက်လင်း မျက်စိပွင့်ချိန်မှသည် ညဥ့်အိပ်ယာဝင်ချိန်တိုင်အောင်အတွင်း၌လည်းကောင်း၊ မွေးသည်မှသည် သေသည်တိုင်အောင်အတွင်း၌လည်းကောင်း နိစ္စဓူဝပင် ရန်ဘက်အသွင် အချင်းချင်း စစ်ပြိုင်နေကြရသည်ချည်းသာ။

တုတ်၊ ဓား၊ လက်နက်ကိုင် စစ်မျိုးလည်း ရှိ၏။

စကားလက်နက်ကိုင် စစ်မျိုးလည်း ရှိ၏။ လူမှုရေး၊ စီးပွားရေး၊ နယ်ပယ်စုံ အကုန်၌ပင်တည်း။ မည်သည့်စစ်မျှ မပြင်ဆင်၊ အာရုံချင်း

www.dhammaransi.com



တိုက်ခိုက်မှုစစ်ကား အမြဲလျှင် ပြင်ဆင်တိုက်ခိုက်နေကြရတော့သည်သာ။ ထိုစဉ် လူလူချင်း သတ်ဖြတ်သုတ်သင်ရန် တာစူနေချေပြီ။

ထိုပွဲဝယ် မသိသူကား အငိုက်မိ၊ အရှိုက်ထိသွားကြရတော့ကား မသာပေါ်ပြီ။ သိသူမှာကား အငိုက်မမိသဖြင့် အရှိုက်မထိတော့ရာ အသာပေါ်သွားပြီ။

လူလူချင်း စီးပွားရေးစားကျက် လုယက်ရန် တာစူနေပြန်ပြီ။ ထိုပွဲမျိုးတို့၌လည်း သိသူသာ အသာစီးရ၍ မသိသူကား အနာကြီးနာရလေတော့သည်။

လူလူချင်း သားရေးသမီးရေး ဘက်လုယက်ရန် တာစူနေကြပြီ။ ထိုပွဲမျိုးတို့၌လည်း မသိသူသည် သိသူ၏ လော်မာဉာဏ်ကို အမှန်မရိပ်မိတော့ရကား အထဲနောက်ချေးခံ အပေါ်ယံ ရှေ့မှုန်ကြဲဖြင့် နွံရှရှာတော့သည်။

အသိပါ အသာရ၊ မသိရာ အနာပြ။

ထိုသဘာဝကား တစ်လောကလုံးအတွင်း ရှင်းရှင်းကြီး ပြသနေပါသည်။

လူချင်းကား တိုက်ကွက်မဆင်၊ အာရုံချင်း တိုက်ပွဲဝင်ရာ၌ပင် အသိရှိ အငြိမဝင်သာ၊ အသိရှိ အငြိဝင်သာသေးရာ အဘယ်မှာလျှင် မသိသူ ဒုသာရနိုင်ပါအံ့နည်း။

ပင့်ကူသည် မိုးကလည်းအကျ၊ အခိုးကလည်း အကြွ၊ ပိုးကလည်း အထတွင် ကွန်ယက်ဆင်ထား၏။ ထိုစဉ် ငြိသူကိုကား စားဖို့ပြင်၊ မငြိသူ စားလမ်းမထွင်သာပြီ။

သက်ပြင်းပိုးဆို၊ လက်ငင်းမထိုး ကြိုးမျှင်ဖြင့်ရစ် နေ့ဖို့ညစာအဖြစ်ထား။

သက်နုပိုးသား ချက်ချင်းစား၊ ကြိုးဖျားမှာပင် မသာပေါ်စေမည်။

အို... ကာမဘုံဖွား လူ့ပြည်သားတို့...

**ဟောင်ဂိမ္ဘိုင်တစ်ခု**

www.dhammaransi.com



သင်တို့သည်လည်း နေ့တိုင်းလျှင် အချိန်ပြည့် ရန်သူအိမ်ရှေ့ကချည်း ခရီးလျှောက်၍ သွားနေကြရရာ အသွားပျက်၊ အလာပျက်၊ ဓားချက်စာချည်း ဖြစ်နေကြရပါသည်။

စစ်ရေးဓားချက်၊ တစ်ခါတွက်က တစ်ချက်သေသာ အသေနာပါမည်။

စီးပွားရေးဓားချက် တစ်ခါတွက်က တစ်ကွက်သေသာ အသေနာပါမည်။

အိမ်ထောင်ရေးဓားချက် တစ်ခါတွက်က တစ်သက်သေသာ အသေနာရပါသည်။

အကယ်တိတိ…

အာရုံလက်နက် သူ့ဓားချက် အတွက်ခံရရာမှ တစ်ခါမက် တစ်ချက်မိသည် တစ်ချက်ဖြင့်လည်း မပြီး၊ တစ်ကွက်ဖြင့်လည်း မပြီး၊ တစ်သက်နှင့်လည်း မပြီးတော့ဘဲ အပြီးအစီးခံနေရတော့ရာ…

မသိရာ မသာထပ် မသာဇရပ်က မထွက်ကြရပြီဟရို့။

www.dhammaransi.com

## ၁၄။ ရိုးသားခြင်း

ရိုးသည် မလိုရာကို ဟန်တား စည်းအဖြစ်ထားရာ၌ ၎င်းမှတစ်ပါး အခြားအားကိုးစရာ မရှိပါချေ။

ခွေး၊ နွားစသော မိမိအကျိုးစီးပွားကို လာရောက်စော်ကားလိုသူ ဟူသမျှကို ဟန့်တားရာ၌ ခြံဝယ် ရိုးပမာ စည်းကာလျက်က သားထားမှ ရချေသည်။

မိမိလယ်ယာများကို လာရောက်ဖျက်ဆီးလေ့ရှိသည့် ပင်လယ်ရေ၊ ရေငန်များနှင့် အန့်များကို ဖျက်ဆီးမည့် ပိုလျှံရေအကျန်များကို ဟန့်တား ရာ၌ကား လယ်ယာထိပ်ဝယ် ရိုးပမာ ကန်သင်းကာခြင်း၊ တာရိုးကာခြင်း စသည်များဖြင့် စည်းသားမှု ပေးထားမှသာ သက်သာစေသည်။

သတ္တလောကကြီးတွင်းဝယ် ရိုးနှစ်ရိုး ရှိကြ၏။

တစ်ရိုးကား...

ကျွဲ၊ နွား၊ အဟိတ်တိရစ္ဆာန်တို့၏ ကျက်စားရိုးတည်း။

နောက်တစ်ရိုးကား...

လူသားရင့်မာတို့၏ ကျက်စားရိုးတည်း။

www.dhammaransi.com



ထိုတွင်...

တိရစ္ဆာန်လောကသားတို့ကား အကြောင်းလည်း မသိ၊ အကျိုးလည်း မသိ၊ အကြောင်းနှင့်အကျိုးကိုလည်း ဆက်စပ်မကြည့်မိသည့် အလျှောက်...

ကြိုက်လျှင်လိုက်

မကြိုက်လျှင် ကိုက်

မသိလျှင် ငိုက်...

ထိုရိုးကြီးသုံးထပ်တို့ဖြင့် ငါကောင်းစားလိုသော ငါတကော ကောလိုမှု၊ ငါနှင့် တန်းတူမထားလိုသော သူဟူသော သင်းခွဲထားမှုအတိုင်းသာ တစ်ဖက်သို့ စော်ကားခြင်း၊ ပြစ်မှားခြင်း၊ ပျော်ပါးခြင်း တင်းလင်းရှိချေသည်။

လူသားတို့ကား ၎င်းတို့နှင့် ပြောင်းပြန်လျှင် ဖြစ်ရမည်ဖြစ်ရာ ထိုအဆိုးများ စိတ်ဝယ် မထိုးကျင့်လာစေရန် ရိုးဟူ၍ ထားရချေမည်။

အကြိုက်ကို သတိဖြင့် စည်းသား၊ ကံပေးသမျှ ယူခြင်းဖြင့် အမုန်းကို သတိဖြင့် စည်းသား၊ ဉာဏ်ပေးဘဝ ခံယူခြင်းဖြင့် လူသားတိုင်း ကိုယ်ချင်းစာရိုး၊ မေတ္တာရိုး ရိုးနှစ်ရိုး ထားရသည်။

ကိုယ်ချင်းစာကား...

တိရစ္ဆာန်ဉာဉ်ကို ဟန့်တားရန်အတွက်တည်း။

မေတ္တာကား...

တိရစ္ဆာန်စရိုက်ကို ဟန့်တားရန်အတွက်တည်း။

တစ်ဖန် လူသားတို့၏ ရိုးနှစ်ရိုးဖြစ်သော ဒါနရိုး၊ သီလရိုးများဖြင့်လည်း တိရစ္ဆာန်တို့၏ ဉာဉ်စရိုက်ဆိုး စိတ်ဝယ်မတိုးမိစေရန် စည်းသားရသေး၏။

ရိုးသားသူ၌ တိရစ္ဆာန်ဉာဉ်ရိုင်း၊ ဒီလှိုင်းများ မဝင်သာ။

စည်းသားသူ၌ တိရစ္ဆာန်စရိုက် အကျင့်မိုက်များ မလိုက်သာ။

www.dhammaransi.com



မရိုးသားသူမှန်သမျှ၌ကား လူပင်ဖြစ်သော်လည်း တိရစ္ဆာန်တို့ စရိုက်ဉာဉ် ကမ်းပြည့်ဝင်နေရကား ကိုယ်ကသာ လူ၊ အကျင့်မူ တိရစ္ဆာန် ထုံးအတိုင်းသာ။

အိုဘယ့်…လူသား လောကီသားတို့…

သင်တို့သည် ရိုးသားကြပါကုန်၏လော။

အကယ်တိတိ…

မရိုးသားပါသော်ကား…

ဝက်သားကို ဝက်စိတ်ဖြင့် နှက်၊ ဝက်လိုပင် ပက်ရော့မည်။

ကြက်သားကို ကြက်စိတ်ဖြင့် သွတ်၊ ကြက်လိုပင် ခွပ်ရော့မည်။

နွားသားကို နွားစိတ်ဖြင့်မွေ့၊ နွားလိုပင် ဝေ့ရော့မည်။

ကြာသော်…

အစွယ်တစ်ဝက်ထွက်၊ အတက်တစ်ထုတ်ထုတ်၊ ချိုတကုတ်ကုတ် တို့ဖြင့်…

ဝက်မဟုတ်ခင်ကပင် ဝက်ရုပ်ဖြင့် ဝက်သရုပ်ပေါ်နေတော့ရာ–

ကြက်မဟုတ်ခင်ကပင် ကြက်ရုပ်ဖြင့် ကြက်သရုပ်ပေါ်နေတော့ရာ–

နွားမဟုတ်ခင်ကပင် နွားရုပ်ဖြင့် နွားသရုပ်ပေါ်နေတော့ရာ–

နေရာလည်း တိရစ္ဆာန်လိုနေ သေရာတွင်လည်း တိရစ္ဆာန်ပြည်သို့သာ သွားကြရတော့မည်ဟုရှိ၏။

www.dhammaransi.com

## ၁၅။ မတင်းမတိမ်

လက်ကြောမတင်းက ဘဝဆင်းရဲတွင်း ဝပ်ကျင်းမတိမ်ပြီ။

မဂ်ကြောမတင်းက ကာမဆင်းရဲတွင်း ဝပ်ကျင်းမတိမ်ပြီ။

တင်းခြင်းသည် အင်အားပြည့်မီခြင်းကို တာဝန်ယူ၏။

လျှော့ခြင်းကား အင်အား ဆုတ်ယုတ်ခြင်းကို တာဝန်ယူ၏။

အင်အားဟူသည် ကာယအား၊ ဉာဏအား၊ အားနှစ်ပါးစလုံးကို လျှင် ညွှန်း၏။

တစ်ဖန်...

ထိုအားနှစ်ပါးတို့အတွင်းဝယ် အားထားငါးပါးပင် ပါဝင်ရာ...

❖ ယုံကြည်ချက်အင်အား — ၎င်းက ဘာမဆို ရှေ့တိုးဖြစ်ရန် လှုံ့ဆော်သည်။

❖ ရဲတင်းချက်အင်အား — ၎င်းက ဘာမဆို စွတ်လွတ်ကာ ကြိုးစားပေးမည်။

❖ မလစ်ဟင်းသော အင်အား — ၎င်းက သွားလက်စလမ်းထား ပျောက်မသွားစေရန် ရံပေးမည်။

www.dhammaransi.com



❖ ခိုင်မာသောအင်အား -၎င်းက ရပြီးအင်အား ပျောက်ပျက်မသွားရန် ကိုင် ပေးထားမည်။

❖ တိကျသောအင်အား -၎င်းကား အတုအစစ်ကို စနစ်တကျစိစစ်ပြမည်။

အထက်ပါ အင်အားတို့သည်...

ဘဝအတွက် ဝမ်းစာနှင့် စီးပွားရှာရာ၌လည်း မပါမဖြစ်သော အင်အားသတ္တိများပင် ဖြစ်ချေသည်။

သည့်အတူ ပညာရေးမှသည် လူမှုရေး၊ တိုင်းရေးပြည်ရေးများအထိ ပင် မပါလျှင် မဖြစ်ချေပြီ။

ယုတ်စွအဆုံး ရည်းစားပိုးရာ၌ပင် မပါမပြီး ခရီးမရောက်တတ်။ မယုံလျှင် မရဲရာ၊ ယုံလျှင်ကား အရဲပါ အရာဝင်တော့သည်သာ။

ထိုအယုံအရဲတို့ အတွဲမိလာသော်...

စောင့်ကြည့်ခြင်းသတိ၊ စိတ်စိုက်ချထားခြင်း သမာဓိ၊ သူ့အထာ အညာမိခြင်း ပညာတို့ပါ ပါရှိလာတော့ရာ ဘာမဆို မပြီးမရှိတော့သည် သာ။

ထိုအားတို့ကပင် ကိုယ်လက်လှုပ်ရှားမှုကို တွန်းကန်အားပေးနေချေ သည်။

ထိုအားတို့ကပင် စိတ်အကြံ အမှန်ကျ နိုးထမှုများကို ပေးနေချေ သည်။ ထိုအင်အားသတ္တိတို့ကသာ ခိုင်မာစွာ ထောက်ခံအားပေးနေလျှင် ကိုယ်သည်လည်းကောင်း၊ စိတ်သည်လည်းကောင်း၊ အအားအနားမျှပင် မယူချေရာ အဘယ်မှာ မပြီးဘဲ နေအံ့နည်း။

လူအနေမရှိကြသေးသော နေရာ၌ စနစ်တကျ အကွက်ချ၍ မြို့ပြ တည်ပေးရာဝယ် အများစုကား မညီမညာ ချိုင့်ဝှမ်းကြီးနေရာ၌ အကွက်ရ ကြ၏။

www.dhammaransi.com



အချို့ကား မနေမနား မြေဖို့၏။

အချို့ကား နားနားနေနေသာ။

ထိုသို့ စရိုက်နှစ်မျိုး ထိပ်တိုက်တိုးနေချေရာ...

လက်ကြောတင်းတို့ ချိုင့်ကျင်းကြီးကား တစ်နေ့တခြား တိမ်လာချေပြီ။

လက်ကြောမတင်းတို့၏ ကျင်းကား နက်မြဲနက်လျက်ကသာ။ မို့စေမောက်စေလို၍ ဖို့ရာတိုင်း၌ အတင်းသည်ကား အတိမ်ကို ပိုင်ဆိုင်လျက်ကသာ။

လောကီဘုံဖွား အို...လူသား...

သင့်ထံရှိ ကာမဆင်းရဲတွင်း၊ ဘဝဆင်းရဲတွင်းများကား တိမ်သလော၊ နက်သလော။

အကယ်တိတိ... သင်သည်...

သင့်ထံရှိ ဆင်းရဲတွင်းအနက်များကို တိမ်စေလိုသော်...

အားပါသောလက် တစ်ဆုံးထုတ်လျက်ကလည်းကောင်း၊

အားပါသောမဂ် တစ်ဆုံးထုတ်လျက်ကလည်းကောင်း၊

ကျားကုတ်ကျားခဲ ကျားနာဆွဲသို့ ရဲရဲသာ တွန်းဖို့ပေးပါလေ။

www.dhammaransi.com

## ၁၆။ ကြေအေးခွင့်လွှတ်

အခဲကြေလျှင် ရန်မသမ်း အေးချမ်းပေးရသည်။

အခွင့်အရေးလက်လွှတ် သူ့သို့ညွှတ်၊ သူ့ချွတ်သလို ခံရမည်။

လူတို့တွင် ဒေါသလက်စွဲ၊ အာဃာတအခဲ မကြေသေးသမျှ တစ်ဖက်သို့ ကြဲ၊ ရန်သူသည် မအေးတတ်၊ ကြေလျှင်ကား အေးပြီ။ တစ်ဖန်ဖျားယောင်းလျက်က လူချင်းတွဲ၊ လူခဲကြေမွသွားတော့လျှင်ကား အာဃာတစွဲဖို့နေနေသာသာ သူ့အောက်သို့ ကြို့ရှုနေရပါသောကြောင့် အေးအေးလေးနှင့်ပင် သူတောင်းသမျှ ပေါင်းပေးရပေတော့မည်။

အရေမရွှဲ လူခဲမကြေသေး အေးစရာ မလိုပြီ။

သနွေ့စွဲ လူခဲကြေနေလျှင်ကား အေးဖို့သာ ပြင်ပေရော့။

ထိုအခါ မိမိရှိ အခွင့်အရေးမှန်သမျှလည်း အားလုံးပင် လက်လွှတ်ရတော့သည်။

အိမ်တွင်းအရေး ခွေးပါမကျန် သူ့ထံ အကုန်အပ်နှံလိုက်ရ၏။

ကိုယ်တွင်းအရေး သွေးပါမကျန် သူ့ထံအကုန်အပ်နှံလိုက်ရ၏။

ငါတို့ရွာက ကိုသူတော် မရင်လှတို့ဇနီးမောင်နှံတွင် ခင်တင့်ဆိုသော သမီးလေးတစ်ယောက် ထွန်းကားလာ၏။

**ဆောင်ဝိမြှင့်ဆာဇဉ်**

www.dhammaransi.com



ထိုသမီးလေး အရွယ်ရောက်သော်မှ တစ်ဦးတည်းသော သမီးလေး ဖြစ်၍ အရိပ်ကြည့်လျက် မခိုင်းရက်၊ ပြောသလိုပြင်၊ သင်သလိုရ သမီး လေးဖြစ်နေ၍လည်း တက်ရိပ်ကြည့်လျက် မခိုင်းရက်။

တစ်နေ့ ဆင်ကြဲကြဲလျက် ကျားချောင်းချောင်းနေသော ကာလ သားခေါင်း ချစ်တီးနှင့် ငြိတော့ရာ ငြိရာမှ စွန်း၊ အလွန်းတင်ပြီး ဖြစ်သွား ရရှာ၏။ သို့ကြောင့် သန္ဓေလည်း စွဲ၊ လူခဲလည်း ကြေသို့ ဆိုက်သွားတော့ ရာ မိဘတို့ခမျာ ရင်ထုမနာ သမီးအဖြစ် လက်တခါခါ။ သို့ပါသော်လည်း ချစ်တီးအပေါ် ပစ်ပစ်ခါခါ မပြောဝံ့ကြပြီ။ အခဲကြေနေသဖြင့် အေးအေး လေးဖြင့်သာ နေရာချပေးလိုက်ရပါသည်။ ထို ချစ်တီးသမက်ကား အိမ် ပေါ်သို့ တက်လာခဲ့ပါပြီ။

ထိုချစ်တီး မယားမှတစ်ဆင့် အိမ်ကို စီးမိလေသောအခါ...

တစ်လသော် ယောက္ခမနောက်မြီး ဟီးလေးခိုလျက်က စီးနေသေး ၏။

နှစ်လသော် ယောက္ခမနောက်ပါး ရောက်ရားရားလျက်က သွားနေ ပါသေး၏။ ထိုမှ နောက်သုံးမှလေးထောက် ခြောက်လလောက် ကြာလွန် သွားသောအခါ ဇ,ပြလာပြီ။ မယားလည်းကိုင် နွားလည်းကိုင်ဖြင့် အပိုင် ဝက်မွေး မွေးတော့သည်သာ။

ထိုနွားက ကိုင်သလိုမလှုပ် ယောက္ခမကိုပါ ငါကိုင်တုတ်တော့၏။

ထိုမယားက ကိုင်သလိုမလှုပ် ယောက္ခမကိုပါ ငါကိုင်တုတ်တော့ ၏။ ချစ်တီး ငါကိုင်တုတ်သဖြင့် ထိုယောက္ခမတို့ကပါ မလှုပ်တော့သော အခါ နွားကိုလည်း တဖတ်ဖတ် ရိုက်နှက်တော့သည်သာ။ မယားကိုလည်း တကျက်ကျက် ရိုက်နှက်တော့သည်သာ။ နွား၊ မယား နှစ်ပါးတို့ခမျာ ပြာႏြပြာသာ ဝပ်ကြရရှာသည်။

အို... ကာမဘုံဖွား လောကီသားတို့...

www.dhammaransi.com



သင်တို့၏ တိုင်းပြည်ကြီးအတွင်း၌လည်း အိမ်သာ၍ ဇည့်လာနေကြပါ၏။

အချို့ကား ဝမ်းစာနှင့် စီးပွားအတွက်မျှလောက်ကိုသာ...

အချို့ကား အိမ်ပိုင် မြေပိုင်မှသည် တိုက်ပိုင် ပြည်ပိုင်အထိ အကြံရှိ။

သို့စဉ်လျက် သင်တို့သည်...

ကိုယ်နှင့်မဆိုင်သလိုတွေး၊ ကြေအေးနေကြလျှင်...

ကိုယ်နှင့် ကပ်ခွာလုပ်နေသော ဇာတ်၊ ခွင့်လွှတ်တတ်နေကြလျှင် တစ်နေ့ အိမ်ရှင်က ဧည့်ဖြစ်၊ ဧည့်ညစ်ရာ ကိုယ်ခံ၊ ဧည့်နံ့ရာ ကိုယ်မွှေး၊ ကိုယ့်ကလေးကိုယ်ပင် မောင်မြန်မာလို့ မမှည့်ရဲတော့သလို ဖြစ်ကြတော့မည်ဟုရို့။

www.dhammaransi.com

## ၁၇။ ကျေနပ်နှစ်သက်

ဝဋ္ဋကျေသော် ထမင်းနပ် နပ်စားစားရုံရှိတော့သည်။

နှစ်သတ် မြုပ်သတ် နင်းသတ်သတ် အောက်ရပ်သို့သာ သက်ရမည်။

နွားတို့တွင် ပခုံးကျေသောနွား ထမ်းပိုးနပ်၏။

လူတို့တွင် ဘဝကြေသောလူ လိမ္မာပါးနပ်၏။

မီးချက်အစာတို့တွင်ကား ဝဋ္ဋကျေက နပ်တော့သည်သာ။

ဤသို့လျှင် နပ်မျိုးသုံးခုရှိရာ အားလုံးလိုလိုပင် လူတို့၏ နပ်ခြင်းကို ခံကြရခြင်းပင်။

လူတစ်ယောက်သည် လူတစ်ဦးကို ခိုင်းလိုရာ၌ အချို့ကို အာဏာဖြင့် ထမ်းပိုးတင်ကျင့်၏။ အချို့ကို ဥစ္စာဖြင့် ထမ်းပိုးတင်ကျင့်၏။ အချို့ကို တဏှာဖြင့် ထမ်းပိုးတင် ကျင့်၏။ ထိုတွင် တဏှာဖြင့် ထမ်းပိုတင်အကျင့်ခံရခြင်းသည် အကျေတကာ့ အကျေဆုံး အနပ်တကာ့ အနပ်ဆုံးတည်း။

တဏှာဖြင့် ထမ်းပိုးတင်သမားသည် လူတစ်ဖက်သားကို ကျေအောင်လည်း နှစ်၏။ နပ်အောင်လည်း နှစ်၏။ အနှစ်များ၍ ကျေနပ်

www.dhammaransi.com



လာသောအခါ တစ်ဖက်သားခများ အောက်သက်ကျေသွားတော့ရကား သူ့အောက်ဖက်သို့သာ ယက်၍ယက်၍ ဝင်တော့မည်။ သခင်ဖြစ်သူ ထမ်းပိုးတင်သမားကိုကား သူ့အထက်သို့သာ ဖက်၍ ဖက်၍ တင်တော့သည်။

စင်စစ် ကျေနပ်ခြင်း နှစ်သက်ခြင်းသည် သခင့်အတွက် မိမိပါ ဆန်တစ်ခွက် ထမင်းချက်၍ ခူးခပ်ကျွေးနေခြင်းပင်တည်း။

သို့သော်... နေရာတိုင်း မကျေသင့် မနပ်သင့်ကြပြီ။ ကျေသင့်ရာကျေ၍၊ နပ်သင့်ရာလောက်သာ နပ်သင့်ကြ၏။ သည့်အတူ အနစ်ခံသင့်သလောက်ခံ၊ ဆန်သင့်သလောက်လည်း ဆန်သင့်ကြသေး၏။

တိုင်းခြားပြည်ခြားတို့ ချေတိုင်းကျေ၊ ကျေတိုင်းနပ်သင့်ကြသလော။

လူ၏ မျိုးခြားရိုးခြားတို့ ချေတိုင်းကျေ၊ ကျေတိုင်းနပ်သင့်ကြသလော။

၎င်းတို့ ချေသလိုကျေ၍၊ ကျေသလို နပ်စေမည့် အနှပ်ခံနေမှုကြီးသည်...

တိုင်းပျောက်ပြည်မဲ့အထိ အထိနာကြမည်။

မျိုးတုံးလူမဲ့အထိ အထိနာကြမည်။

ဘာသာမြိုလမ်းပျက်အထိလည်း အထိနာကြမည်။

စင်စစ် ထိုသုံးဦးတို့၏ အနှစ်သည် တစ်ရစ်မျှ မြုပ်ခြင်းလည်း မဟုတ်၊ တစ်ထစ်မျှ မြုပ်ခြင်းလည်း မဟုတ်၊ ဘဝပါနစ်၊ စနစ်ပါပျောက်၊ အောက်အဝိစိပေါက်အထိ တောက်လျှောက်ဆင်းသက်ကြရမည်ဖြစ်ရာ မျိုးသားမွေးအစပျောက်၊ မျိုးခြားရေ အဝသောက်ကြရပါတော့မည်။

အို... လူ့ဘုံဖွား လောကီသားတို့...

သင်တို့သည်...

ကျေနပ်ခြင်းကို နေရာတိုင်းဝင်... ထင်တိုင်းလျှင် မသုံးချင်ကြပါကုန်လင့်။

**သောစိမြိုင်တာစဉ်**

www.dhammaransi.com



နှစ်သက်ခြင်းကိုလည်း တွေ့တိုင်းပြ၊ စတိုင်းလည်း မကျကြပါကုန်လင့်။

အကယ်တိတိ…

အကျေနပ်မှား အနှစ်သက်မှား လားမိသော် သွားတိုင်းလည်း မြုပ်၊ စားတိုင်းလည်း မြုပ်၊ ထားတိုင်းလည်း အသုတ်ခံကြရတော့မည်ဟာရို့။

www.dhammaransi.com

## ၁၈။ အားမလို အားမရ

အားသည် လိုသူသို့လာစေတတ်ရာ အားလိုလျှင် အားရတတ်ချေသည်။

အားသည် မလိုသူထံ မည်သည့်အခါမျှ မလာတတ်ချေရာ အားမလိုသူများအဖို့ မည်သည့်အခါမျှ အားရလိမ့်မည် မဟုတ်ပါချေ။

အားသည် ကာယအား၊ ဉာဏအား သို့မဟုတ် ရုပ်ဓာတ်၊ စိတ်ဓာတ်ကို မှီလျက်က ကာမအား၊ ဓမ္မအားဟူ၍ နှစ်မျိုးရှိလေရာ...

ကာမအားကား... မိမိ သူတစ်ပါး နှစ်ဦးသားစလုံးနှင့် ဆက်ဆံရသည်သာ။

ဓမ္မအားကား... မိမိမှတစ်ပါး အခြားသူများနှင့် သွားလာစရာမရှိ။

ထိုဟွင်...

ကာမအား ပွားစီးရာ တစ်ဖက်အာရုံ ကာမဂုဏ်ကို ခံစားလိုမှုဖြင့် ဆိုတစ်ဖက်သို့ ခံစားခွင့်တောင်းခံမိချေသော်...

ထိုတစ်ဖက်သည် မိမိနှင့် အလိုမတူညီသဖြင့် မကြည်မဖြူ မိမိ ခပေးတိုင်းလျှင် မယူပါက သူမလို ကိုယ်မရ အားမလိုအားမရ ဖြစ်တတ်

www.dhammaransi.com



လှချေသည်။ သို့ကြောင့် ထို အားမလို အားမရမျိုးသည် မိမိကပေးသော ကာမအားကို တစ်ဖက်က မလိုရာမှ မိမိမရလာသော အားမလို အားမရနည်း ဖြစ်၍ လွမ်းလွမ်းနှင့် ပြန်လာခဲ့ရသော လွမ်းပြန်အားများ ဆိုရ၏။

တစ်ဖန် ဓမ္မအား ပွားစီးရာ၌ကား ထိုသို့ မဟုတ်ပြီ။

အကြင်သူသည် အထက်တန်းသွားနှင့် အထက်တန်းစားများချည်း ဖြစ်ကြပါကုန်သော အရိယာသူတော်ကောင်းကြီးများ စားသုံးသည့် ဓမ္မရသ၊ ဝိမုတ္တိရသခေါ် ဓမ္မဓာတ်မှ ပေးဝေသော သုခချမ်းသာ၊ ခင်မင်မှုအားလုံးတို့ လွတ်မြောက်ရာမှ ပေးဝေသော သုခချမ်းသာ၊ ဖလချမ်းသာမျိုးကို မလိုသဖြင့် မလား။

ထိုသူသို့ ထို ဓမ္မဓာတ်အား အတုမဲ့ ချမ်းသာများကား နားလိမ့်မည် မဟုတ်ချေပြီ။ ဓမ္မဓာတ်အားသည် အားထားသူသို့သာ အားပွားစေသောကြောင့်။

သို့ကြောင့်... ထို ဓမ္မဓာတ်အားများသည် မလိုလျှင် မလားပြီ။ ထို အားမလိုအားမရမျိုးသည်ကား မိမိမလိုသောကြောင့်သာ မိမိထံ မလားသော အားမလိုအားမရနည်းဖြစ်၍ တစ်ဦးတည်း ကျွမ်းပြန်စေသော ကျွမ်းပြန်အားများဟူ၍ပင် ဆိုရချေမည်။

သင်သည် ထို အားမလိုအားမရဘေးမှ ကင်းဝေးစေလိုလျှင် ကာမအား ဖြစ်ခဲ့သော် တစ်ဖက်သားသဘောကျ မျှောကျကျ၍ စပါလေ။ ဓမ္မအား ဖြစ်ခဲ့သော် မိမိသဘောကျ လျှောချချ၍ စပါလေ။

အတိုချုံး သုံးရသော် မည်သည့်အားမဟူ ယှဉ်သုံးထက် မြှုသုံး၊ ချုသုံးအားများက အစစ အရာရောက်ကြောင်းများပင်တည်း။

www.dhammaransi.com

## ၁၉။ ပြင်းပြင်းပြုပြု

အင်အား ပြင်းထန်မှုကိုသုံးလျှင် ယင်းသတ္တိများက အကျိုးသွားပြနေတတ်ချေသည်။

အင်အား ပျင်းရိမှုကို သုံးလျှင်လည်း ယင်းသတ္တိများက အကျိုးသွားပြနေတတ်လှသည်။

အားသည် အရှိန်သတ္တိကို တွန်းကန်ပို့လွှတ်တတ်ချေရာ မည်သည့်အားမဆို တန်ပြန်ဟူသော တုံ့ပြန်အကျိုးကို သည်ပိုးပြမည်သာ။

သို့မဟုတ် အချိန်ကို ပြနေသော နာရီဝယ် လက်တံနှစ်ခုတို့က တစ်ဆယ့်နှစ်ဟူ၍ ညွှန်ပြနေစဉ် အသံသည်လည်း တစ်ဆယ့်နှစ်ချက်ပေါ်ထွက်လေသည့်ပမာ။

အား၏အရှိန်ပမာဏကို ရလာဒ်က ကန့်သတ်ပြနေမည်သာ။

အားပြင်းနောက် ထန်ခြင်းရလာဒ်များက လာရောက်ရပ်ပြခြင်းတည်း။

အားပျင်းနောက် ရိဆွေးခြင်း၊ နွမ်းပါးခြင်းများက လာရောက်သက်သေခံပြခြင်းတည်း။

www.dhammaransi.com



ထိုတွင် အားပြင်းကို ရာဂသမား၊ ဒေါသသမား နှစ်ဦးတို့က သယ်ဆောင်ကြမည်။

အားပျင်းကိုကား မောဟသမားတစ်ဦးတည်းကသာ လေလံဆွဲထားမည်။

ကိလေသာမီးပုံပေါ်သို့ တက်လျက်က မယားတစ်ဖက် သားတစ်လက်တို့ဖြင့် မီးပုံပွဲ ကစားလျက်ရှိကြပါကုန်သော လောကီသားတို့လက်ထဲဝယ် ယင်းစရိုက်သုံးမျိုးတို့ကသာ တိုးတက်ကြီးပွားမြဲ ကြီးပွားနေကြလေရာ...

မမြင်လိုက်နှင့် ကြိုက်ဖို့နှင့် တိုက်ဖို့ကိုသာ ဟန်ပြင်နေကြလေသော ရာဂရှင် ဒေါသရှင်တို့ကား တက်စိတ်မျိုးဖြစ်၍ အားပြင်းကြလေကုန်၏။

မြင်သော်မှ မမြင်သလို နေလေ့ရှိသော မောဟရှင်ကား ကျစိတ်မျိုးချည်းသာ ဖြစ်ရကား...ငှက်ပျောသီးစားမလားမေး အခွံခွာပြီးသားလားအမေးခံရတတ်သည်။ ကြက်ဥသောက်မလားမေး ဖောက်ပြီးသားလားအမေးခံရတတ်သည်။

သို့ကြောင့်လျှင်...

ရာဂဒေါသသမားတို့ လက်ဝယ်ကား ကြိုက်ကွက်ကို တိုက်ကွက်ဖြင့် ချိန်လျက်က အားပြင်းတို့ တာထွက်တတ်ချေရာ အဆုံးကား စိတ်ထန်၍ စည်းစိမ်ခံဘဝသို့။

မောဟသမား၏ လက်ဝယ်ကား တွေ့ချက်ကို မေ့ကွက်ဖြင့် နင်းလျက်က အားပျင်းချည်း ကျန်ရစ်တတ်ချေရာ အဆုံးကား စိတ်မရဲနှင့် ကိုယ်မွဲဘဝသို့။

သင်သည် ပြင်းခြင်းကို နှစ်သက်သလော။ ပျင်းခြင်းကို သာယာပါသလော။

**ဟောမိမြိုင်စာစဉ်**

www.dhammaransi.com



အပြင်းသည် အထန်ဖြင့် အတင်းသို့ ထိုးပို့တတ်ရာ ထိုးသလောက် တက်ပါမည်။

အပျင်းသည် သာမန်ဖြင့် အဖျင်းသို့ချည်း ပျိုးပို့တတ်ရာ ပျိုးသလောက် ပျက်ပါမည်။

ထိုနှစ်ခု သင့်လက်ထဲရှိ ဆန္ဒစုကို ထု၍ထု၍ မေးကြည့်ပါလေ။

www.dhammaransi.com

## ၂၀။ အောက်ကျနောက်ကျ

မြစ်ပင်လယ်ထဲ ခရီးခဲသွားကြရာ၌...

သဲသည် လေးလံလွန်းရကား ကြမ်းခင်းအထိ အောက်သို့ကျသက်ပြီး ခရီးဆက်ရလေ့ရှိရာ ဖွဲလောက် ခရီးမရောက်တတ်။

ဖွဲသည်ကား ပေါ့ပါးသွက်လက်သောအသွင်ကိုဆောင်ရကား ရေပေါ်ထက် တက်လျက်က ခရီးဆက်ရလေ့ရှိရာ သဲထက် ခရီးထွက်မြန်ဆန်၏။

သည်ဥပမာအတူသာလျှင် လူတို့တွင်လည်း အလုပ်ကို ကြိုးစားကြရာတိုင်းတို့၌ အချို့ကား ပျင်းရိလေးကန် အချိန်ပိုအကုန်ခံဖြင့် အားမသန်မာန်မတင်း ခပ်ဖျင်းဖျင်း။ အချို့ကား ပေါ့ပါးဖျတ်လတ် အချိန်အလဟဿ အဖြစ်မခံသဖြင့် အားမာန်ဖွဲ့တင်း အားထုတ်ခြင်း။

ဤသို့လျှင် နှစ်မျိုးနှစ်စားရှိတတ်မြဲဖြစ်ချေရာ ခြေသွက်လက်သွက်ရဲတင်းသော ဖွဲ့အားသန် မာန်တင်းချက်များဖြင့် စီးပွားရှာထွက်သူတို့သာ ကြီးပွားတိုးတက် အထက် အထက်သို့ ရောက်ချေသည်။

ရလာဒ်နှင့် အခွင့်အရေးမှန်သမျှတို့သည် ထို လက်မနှေး၊ ခြေမနှေးတို့အတွက် သက်သက်ထားသော အရာများဖြစ်ကြ၍ ခြေနှေး၊ လက်

www.dhammaransi.com



နေ့တို့အဖို့မှာမူကား သွားလည်း နောက်ကျ စားပြန်လျှင်လည်း အောက်ကျ ဘဝဖြင့် ရလာဒ်နှင့် အခွင့်အရေးမှန်သမျှ ၎င်းတို့လက်သို့ မကျပြီ။

တစ်ခါက ငါတို့ရွာဝယ် သတို့သမီးတစ်ဦးသို့ လူပျိုနှစ်ဦး အပြိုင်ပိုးကြလေရာ တစ်ဦးကား… ပစ္စည်းရှိ ရုပ်သန့်၊ သို့သော် အေးစက်စက်ခပ်ရွံ့ရွံ့။

ကျန်တစ်ဦးကား… ပစ္စည်းသာမန်၊ ရုပ်သာမန်၊ သို့သော် နှုတ်သွက်အာသွက်၊ ဝက်မြီးလက်။

အို… လူ့ဘုံဖွား လောကီသားတို့…

ပျင်းရိခြင်းသည် မိမိရရှိထားသော လူ့ဘဝ၏ ကိုယ်စိတ်နှစ်မျိုးကို တိုးတက်အောင် မဆောင်ကျဉ်းတတ်ပါချေ။

သွက်လက်ခြင်းသည်သာ မိမိဘဝကို နေသားတကျ အသုံးချတတ်သူ ဖြစ်ပါသည်။

သို့ပါ၍ သင်တို့သည် ပျင်းရိသော နုံစိတ်ကို ပယ်သတ်လျက်က ထက်မြက်သော သွက်စိတ်ကို လက်ကိုင်ထားကြပါလေကုန်။

www.dhammaransi.com

## ၂၁။ ဖြုန်းစားကြီး

ဆိုင်းသမားတို့သည် ပွဲဝင်လျှင် ဗျောတစ်လုံးကို တွင်တွင်သုံး တဖြုန်းဖြုန်းနှင့် စကြသည်။

ပွဲသိမ်းပြန်လျှင်လည်း ဗျောတစ်လုံးကိုလျှင် တွင်တွင်သုံး တဖြုန်း ဖြုန်းဖြင့် ပိတ်တော့သည်။

၎င်းတို့ကို ပွဲစပွဲဆုံး ဗျောကိုပင် သုံး၊ တဖြုန်းဖြုန်း တီးခေါက်ကြ ပြီး ပွဲရှင်ကပေး ပွဲကြေးများကို ယူငင်စားသုံးကြလေရာ ပွဲရှင်ကကျွေး ပွဲ ကလေးများကိုလည်း တွင်တွင် စားသုံးသွားကြလေရာ ဖြုန်းစားကြီးသမား များဟူ၍ပင် ဆိုရပါချေသည်။

ထိုဗျောသည် ဆိုင်းဆရာ၊ ဝိုင်းဆရာတို့ ဆိုင်းမဆင့် ပုံမဆင့်ခင်က ပင် စတင်ခေါက်ကြရချေ၏။ အသက်ကို အချက်ပေးခြင်းတည်း။

ဗျောခေါက်သံကြောင့် ပွဲကြိုက်ခင်တို့ ရင်မအေးပြီ။ သို့ကြောင့် ရတ်တရက် ပေါ်ထွက်လာသော ထိုဗျောသံကို နာခံလျက်က အင်း...မင်း သမီးအဝတ်အစားလဲ ထင်၏။ အင်း... ဩ်ခံဆိုင်း ဝိုင်းဖွဲ့တီးတော့မည် ထင်၏။ ထိုအတွေးများဖြင့် ကသုတ်ကယက် လုပ်လက်စအလုပ် ဖျက်လို

www.dhammaransi.com



ဖျက်၊ ထုတ်လက်စအထုပ် ဝှက်လိုဝှက်ဖြင့် ရှုပ်ရှက်ခတ်ကုန်ကြတော့ရာ အလှူဗျောကား အလှူ့ဒကာပင် အမောဆို့ရတတ်ပါသည်။

သည့်အတူပင်လျှင် နေရာတကာတိုင်းတို့၌လည်း လူတစ်စုသည် လူတစ်စုသို့ လူတစ်ဦးသည် လူတစ်ဦးသို့ အလှူဗျောသို့ ဗြုန်းစားကြီး မတီး မခေါက်မိကြစေရာ။

တီးမိခေါက်မိသော် ထို အခေါက်ခံရလေသူ၏ စိတ်– ထိတ်ခနဲ ဖြစ်စေတတ်ပြီး ထို အခေါက်ခံရလေသူ၏ ရုပ်သည်လည်း လှုပ်ခနဲ ဖြစ်သွားတော့ရာ စိတ်ထိတ်သော် အရိပ်အခြည် အတည်မမြင်ရတတ်။ ကိုယ်လှုပ်သော် အရှုပ်အရှင်း ကင်းကင်းမနေရတတ်။

သို့ကြောင့်လျှင်... သင်ကို့သည် ဗြုန်းစားကြီးသမား အပါးလာက အားမနာပါးမနာ သွားပါသာဆို လွှတ်လိုက်ကြပါကုန်။

အကယ်တိတိ ထိုသို့ မဆိုမိချေသော် ထို ဗြုန်းစားကြီးသည် တီးသလောက်မြည် မြည်သလောက် တီးသော ဗျောနှင့် ဗျောသမားပမာ သင့်အားလည်း တီးလည်းတီး ခေါက်လည်းခေါက် ဖောက်လည်း ဖောက်တော့မည်ဖြစ်ရာ သင်ကား ကြိုက်ပြီ ကြောက်ပြီ ထိုနှစ်လီ တစ်ခုခုတော့မြည်ပေးရမည်သာ။

တီးတိုင်းမြည်လျှင် မြည်တိုင်းလည်း တီးနေတော့မည်သာ။

www.dhammaransi.com

## ၂၂။ စီကာပတ်ကုံး

ပတ်များကို အသေးအကြီးစီ အသံမြည်အောင် တီးတတ်သော ဆိုင်းဆရာ။

စကားကို အသေးအကြီးစီ အသံပီပီစွာ ပြောတတ်ဆိုတတ်သော အပြောသမား။

ထိုနှစ်ဦးသားစလုံး အရွယ်ကုန် ပုံပျက် ရှေ့ခရီးဆက်ဖို့ ခပ်ခက်ခက် ဖြစ်တတ်လှချေသည်။

လူတို့သည် အပြောကောင်းသူကို အမြဲမျှော်လင့်ကာသာ နေတတ်ကြ၏။ အပြောကောင်းသူ၏ ဆွဲဆောင်မှုများကိုလည်း အမြဲလျှင် စောင့်စားကာ နေတက်ကြ၏။

အပြောကောင်းသူသည် စကားတန်ဆာဆင်ရာ၌ ဆိုင်းဆရာ ပတ်လုံးများကဲ့သို့ သံစဉ်ခုနစ်ပါးစလုံး ချယ်မှုန်းထားသောကြောင့် ရံတစ်ခါ ရယ်စရာမောစရာ အသောအရွှင်လေးများ ပါတတ်၏။ မရွှင်ရသူတို့ ခင်မင်အားကျဆေးများတည်း။

ရံတစ်ခါ လွမ်းစရာဆွေးစရာအရေးကလေးများလည်း ပါတတ်သေး၏။ စိတ်မအေးရသူတို့ အတွေးပို အဝေးကို စိတ်နှင်ဆေးတည်း။

ရံတစ်ခါ စိတ်ဝင်စားစရာ စိတ်ဓာတ်တက်ကြွစရာ အထာလေးများလည်း ပါ၏။ စွန့်စားလိုသူတို့ သတ္တိမွေး အားဆေးတစ်ခွက်တည်း။

www.dhammaransi.com



ဤသို့ဖြင့် အချို့ကို ဖြစ်စဉ်၏ အသေးအမွှားလေးမှသည် အကြီး အမားထိ ဖို၍ဖို၍ ပြောဆို၏။ အချို့ကို ဖြစ်စဉ်၏ အကြီးစားမှသည် အသေးမွှားတိုင် လှိုင်လှိုင်ကြီး ပြောဆို၏။ အချို့ကို ဖြစ်စဉ်၏ အလယ်မှနေ ဘယ်ဖေ့ညာဖေ့၍ ပြောဆို၏။

ထိုသူ့စကား နာကြားကြရသော ခမျာများမှာ အချို့ကား ပါးစပ် အဟောင်းသား ကောင်းသလား ဆိုးသလားပင် ဝေဖန်ချိန် မရတော့။ အချို့ကား အကျိုပင့် လုံချည်ပင့် သင့်မသင့်ပင် ချင့်ချိန်ခွင့် မရတော့။ အချို့ကား ကိုယ်လှုပ်လက်လှုပ် ဟုတ်မဟုတ်ပင် သရုပ်ထုတ်ခွင့် မရတော့။

အပြောသည် အလုပ်ကို ဖင့်နှေးစေတတ်ပါသည်။

အပြောဖြင့် ပြီးသောခရီး မည်သည့်နေရာမှာမှ မရှိပါချေ။

သို့ကြောင့်...ပတ်တို့ကို စီကာကုံး၍ ပတ်လုံးတို့ကို တီးသော ဆိုင်းသမားကြီး အရွယ်လွန် အညွန့်ကျိုး ပွဲမတိုးတော့သောအခါ သူဌေးဟူသော သညာ သူ့၌ ပါမသွားရှာ။

စကားများကို စီကာကုံး စကားလုံးများကို ပြောသော အပြောသမားကြီးသည်လည်း အရွယ်အို ချိုကျိုး ပွဲမတိုးတော့သောအခါ သူဌေးအရာ မဝင်ရှာတော့ပါ။

အို... လောကီဘုံဖွား ကာမသားတို့...

သင်တို့သည်လည်း ဆိုင်းသမားနည်း၊ အပျော်ကြီး၍လည်း မနေကြပါကုန်လင့်။ အပြောသမားနည်း အပြောကြီး၍လည်း မနေကြပါကုန်လင့်။

အပျော်သည်လည်းကောင်း၊ အပြောသည်လည်းကောင်း သဘောသို့ မဆိုက်၊ ဥစ္စာထုပ်ကို မပိုက်မိသောကြောင့်ပါတည်း။

www.dhammaransi.com

## ၂၃။ မတောက်တခေါက်

မင်္ဂအလင်းရောင် ဖိုလ်အလင်းရောင် မတောက်ပသေးက သေရွာသို့ တစ်ခေါက်တစ်ခေါက် သွားကြပေဦး။

ဆိုင်းနားနီးသော ဆိုင်းသမား၏ သားကြီး မိဘဟူသော ပညာရှင်အောက် မှီခိုနေရသော်လည်း ပညာကား မထွန်းတောက်။ သို့ပေသော်လည်း ဆိုင်းသွေးနှင့် သန္ဓေပေး ဆိုင်းသွေးဖြင့်ပင် မွေးထားသော ထိုသားကြီးသည် ဗီဇနှင့် ဝါသနာ အတင်းရောအမွှပါ လိုက်ပါလာလေသောကြောင့် ပတ်စာမှ ကပ်ပေးခါရှိသေး ထိုသားကြီး ပြေးပြီး တီးခေါက်ကြည့်၏။

ပတ်စာခွာတော့မည့်ဆဲဆဲ၌ပင် ဝိုင်းတွင်းဝင် တွင်တွင်ခေါက်ကြည့်လိုက်သေး၏။ ထိုသားကြီး မည်မျှပင် ခေါက်ခေါက် ပညာရည် ကြွယ်ဝသည်အထိလည်း မထွန်းတောက်။ ဥစ္စာခနေ ကုံလုံပြည့်ဝသည်အထိလည်း မထွန်းတောက်။ ယုတ်စွအဆုံးဝမ်းစာတစ်ထပ် မျက်နှာတင်းတင်းထား စားရန်ပင် မတတ်နိုင်။

ဆိုင်းသည် တိုင်၊သစ်ပင်စသည် အမှီတစ်ခုခု၌ ကြိုးဖြင့် ဆိုင်းထားခြင်းပင်ဖြစ်ရာ မည်သည့်ဆိုင်းပင်ဖြစ်ဖြစ် ဆိုင်းငံ့ခြင်းကို ကိုယ်စားပြုရချေ

www.dhammaransi.com



ရာ ရုပ်ဆိုင်းခြင်းကိုလည်း ဖြစ်စေနိုင်ပါသည်။ တုံ့ဆိုင်းခြင်းကိုသော်လည်း ဖြစ်စေနိုင်ပါသည်။

ထိုဆိုင်းအားလုံး ထွန်းတောက်မှု မရရှိသေးသောကြောင့်ချည်း တည်း။

စီးပွားရေး မထွန်းတောက် တစ်ခေါက် စီးပွားရေးစားကျက် ထွက်လေဦး။

ပညာရေးမထွန်းတောက် တစ်ခေါက် ပညာသင်ရာဘက် တက်လေဦး။

သည့်အတူပင်လျှင် မည်သည့်ကိစ္စရပ်၌မဆို ကိလေသာခို နဂိုစိတ် မပေါက် ဉာဏ်ရည်များ မတောက်ပသေးသမျှ တစ်ခေါက်ကျ တစ်ခေါက်ကျ ထိုကိစ္စရှိရာအပေါက်ဝ ရောက်ကြရဦးမည်သာ။

ထိုအခြင်းအရာများသည် စိတ်ဓာတ်လျှော့ဆင်း ရုပ်ဓာတ်များ တင်းတင်းရင်းရင်း မရှိကြလေသော ပေါ့ပေါ့နေ ပေါ့ပေါ့စား ပေါ့ပေါ့သွားသမားများ၏ လက်ထဲဝယ် အမြဲနေကြပါချေ၏။

ထိုလက်ကြော မတင်း ကိုလူပျင်းတို့၏ စိတ်ဓာတ်သို့ ဆန္ဒများ လုံးဝ မနားသက်ကြလေသောကြောင့်တည်း။ ရဲတင်းအားများ လုံးဝမနား သက်လေသောကြောင့်တည်း။ ကြံစည်အားများ လုံးဝ မဝင်ဆံ့နိုင်သော ကြောင့်တည်း။ စူးစမ်းအားများ လုံးဝ မဝင်ဆံ့နိုင်သောကြောင့်တည်း။

အဓိပတိလေးမျိုး အခိုးပြယ်လျက်ရှိသော ထိုလူသား မည်သည့်နေရာ ရောက်ရောက် တစ်မီပေါက် တစ်ယောက်ထွန်း မဖြစ်နိုင်။

မထွန်းလျှင် မတောက်
မတောက်တခေါက် ပြန်ကြပါလေဦး။

www.dhammaransi.com

## ၂၄။ ကြိုးစားပန်းစား

ကုန်းတွင်းကျက်စား ကုန်းလုပ်သားမျိုး ဖြစ်ခဲ့သော် ကြိုးကိုဝါးလျက်က ပန်းတိုင်ဖျားရောက်သည့်တိုင် အပြေးသန်သော မြင်းကဲ့သို့ လျင်မြန်စွာ အကျိုးခံစားခွင့် ရစေရမည်။

ရေနေကျက်စား ရေလုပ်သားမျိုးဖြစ်နေသော်ကား ယက်ပန်းကို စားလျက်က ပန်းတိုင်ဖျားရောက်သည့်တိုင် အလှော်သန်သော လှေသမား တစ်ဦးကဲ့သို့ လျင်မြန်စွာ အကျိုးခံစားခွင့် ရစေရမည်။

တရားကျက်စား တရားသမားမျိုး ဖြစ်နေခဲ့သော်ကား မဂ်ခဏ ဖိုလ်ခဏတို့အကြား အကျိုးဖလကို ခံစားလျက်က နိဗ္ဗာန်ထက် သက်သည့်တိုင် ပိုင်နိုင်စွာ အကျိုးခံစားခွင့် ရစေရမည်။

ကြိုးစားခြင်းကား မြင်းကို စံနမူနာထား ပြောဆိုရာစကား။

ကျိုးစားခြင်းကား နိရောဓဆိုက် မဂ်အခိုက်နောက် ကျိုးဖလရောက် စကား။

ပန်းစားခြင်းကား လှေသမားများ ယက်ပန်းကိုယ်စား လှော်ခတ် ကစားရာမှ စကား။

**ဓာတ်မြိုင်ဆရာ**

www.dhammaransi.com



ပမ်းစားခြင်းကား ပင်ပမ်းကြီးစွာ ကစားပြီးမှ အောင်ပွဲရစကား။

ထိုလေးခု မည်သည့်အရာကိုတုတု အားထုတ်မှုကား အတူတူပင်။

ကစားခြင်းအတတ်သည် စီးပွားရေးကိစ္စမှသည် တရားဘာဝနာကိစ္စအထိ ကိစ္စစုံ အကုန်ပါ၏။ ယုတ်စွအဆုံး လင်မယားချင်း ပေါင်းသင်းရာ၌ပင် ပါ၏။ သို့ကြောင့် အားကစားနည်းကို ဂေါက်ကွင်း ဘောကွင်း စသည်ထဲအထိ ရှာနေစရာ မလို အိမ်ခန်းတွင်း ဈေးတွင်းများ၌ပင် အလွယ်တကူ ရယူနိုင်ပါသည်။

အားကစားမှန်သမျှ ဗိုလ်လုပွဲသည် အဓိက။

ဤ၌ ဗိုလ်လုပွဲဟူသည် အားအသာဆုံးသောလူကို ရွေးကောက်ခြင်းပင်။ ထိုဗိုလ်ကား ရုပ်ဗိုလ်ကား တစ်ခု၊ စိတ်ဗိုလ်သာ အများစု ဖြစ်ချေသည်။

ယုံကြည်ချက်စွမ်းအားနှင့် ခွဲခြမ်းစိတ်ဖြာဉာဏ်ပါမှ စွမ်းအားတစ်တွဲ။

တည်ငြိမ်မှုစွမ်းအားနှင့် လှုပ်ရှားပေးရမှု စွမ်းအားတစ်တွဲ။

ထိုနှစ်တွဲတို့ကို စေ့စပ်သောသတိ၊ စူးစိုက်သော သတိတို့က ကွပ်ကဲရပြီး အဆီးအတားဟူသမျှကို အတူတကွ တက်ညီလက်ညီ အင်အားပြကြရခြင်းပင်။

အရောင်းသမားဖြစ်က အဝယ်သမား၏ငွေကို လိုသလောက် မပေးခြင်း၊ ပစ္စည်းကိုကား လိုသည်ထက် ပိုယူခြင်း အဆီးအတား။ အဝယ်၌လည်း ထို့အတူသာ။

နိုင်ငံရေးသမားဖြစ်က အတိုက်အခံတို့၏ အမနာပပြောဆိုပုတ်ခတ်ခြင်း၊ အာဏာရယူရန် ကြိုးစားနေခြင်း အဆီးအတား။ အာဏာမဲ့၌လည်း ထို့အတူသာ။

ထိုသို့သော အားပြိုင်ပွဲများဝယ် အထက်ပါ ဗိုလ်ငါးပါးတို့က နှလုံးရည်ဟူသော သတ္တိအားကို ပြလျက်က ဝီရိယတစ်ခုတည်းကသာ ကြောင့်ကြ

www.dhammaransi.com



စိုက် ဝီရိယအားက သတ္တိအားကိုကူပံ့ပြီး ရဲတင်းမှု ဝီရိယအားက လက်ရုံးရည်ဟူသော ဖျတ္တိအားကို ကူရသည်။

လက်ရုံးရည် အားသာသူမှသာ ဗိုလ်လုပွဲ တက်ခွင့်ရမည်။

လက်ရုံးနှလုံး နှစ်မျိုးစလုံး စွာသူမှသာ ဗိုလ်စွဲခွင့် ရစေမည်။

ရှေးအခါက ငါတို့ ဇမ္ဗူဒိပ်ကျွန်းဝယ် အစစအားသာသော ဘုရင်ကြီးတစ်ပါးသည် ၎င်းနှင့်ဖက်ပြိုင် စစ်မက်ဖြစ်ပွားနိုင်သူ မရှိတော့သဖြင့် ပျင်းရိလာ၏။ သို့ကြောင့် သမီးတော်လေးပါး ရထားပေါ်တင်စေပြီး ဝန်ကြီးများကို စေခိုင်း၏။ တိုင်းပြည်တိုင်းသို့ လှည့်လည်၍ ဤသမီးတော်လေးပါးတို့ကို ဆက်သလေ။ လက်ခံသောဘုရင်သည် ငါနှင့် စစ်ပြိုင်ရမည်။ လက်ကားမခံ လက်ဆောင်ပဏ္ဏာသာ ဆက်သသူဖြစ်က ငါနှင့် စစ်ပြိုင်ရန်မလို။

ဝန်ကြီးတို့လည်း ထိုအမိန့်ဖြင့် တိုင်းပြည်တိုင်း ခရီးလှည့်လေရာ တိုင်းပြည်တိုင်းကပင် မြို့တံခါးမှ ကြိုဆို လက်ဆောင်ပဏ္ဏာများချည်း ပေးလွှတ်ကြရမြဲ။

သို့နှင့် တိုင်းပြည်ငယ်တစ်ခုသို့ ရောက်လေသောအခါ ထိုပြည်မှ ပညာရှိအမတ်သည် စစ်တိုက်ရန် သဘောတူလိုက်ခါ သမီးတော်လေးပါးကို သိမ်း၍ ဘုရင်နှင့် ကိန်းစေ၏။

ထိုအခါ သမီးရှင် ဘုရင်ကြီး စစ်အင်္ဂါလေးပါးတို့ဖြင့် ချီတက်စုရုံးလာ၏။ အနီးနေ ဘုရားအလောင်းရသေ့အား စစ်အနိုင်အရှုံး မေး၏။ သင်သာ နိုင်မည်ဖြေ၏။

တစ်ဖန် တိုင်းပြည်ငယ်၏ အမတ်ပညာရှိ လာရောက်၍ ရသေ့အား မေး၏။ သင်ကားရှုံးမည်ဖြေ၏။ ပညာရှိကား ဤအဖြေဖြင့် မရပ်၊ နောက်ထပ် မေး၏။ ရှုံးသူ့ဘက်က ဘာနိမိတ်ပြ၍ နိုင်သူဘက်က ဘာနိမိတ်ပြမည်နည်း။ ထိုနိမိတ် မည်သူသာ မြင်လိမ့်မည်နည်းဟူ၍။

www.dhammaransi.com



ရှုံးသူဘက်က နွားနက်၊ နိုင်သူဘက်က နွားဖြူအဖြစ် ၎င်းတို့ ကိုယ်စောင့်နတ်များလည်း ပြိုင်တူဇော့ကြမည်။ ဘုရင်နှစ်ပါးကသာ မြင်မည်ဖြေလိုက်ရာ စစ်တိုက်နေ့တွင် ပညာရှိအမတ်သည် ဘုရင်ကို သညာပေးပြီး လူချင်း စစ်မတိုက်မီ နွားချင်း ဇော့ရာ၏။ နွားဖြူကို ဝိုင်းဝန်းထိုးသတ်ကြလေရာ ထိုနွားဖြူရှုံး၍ လုံးလုံးပြေးလေတော့လျှင်ပင် တစ်ဖက်ဘုရင်လည်း ကြောက်စိတ်ဝင်ကာ ပြေးသွားရသောဟူ၏။

အို... ကာမဘုံဖွား လောကီသားတို့...

သင်တို့သည် အားတကာ့အား တို့တွင် ပညာအားသည် အစွာဆုံးဖြစ်ကြလေသဖြင့် ပညာအားပါရန် တာစူသင့်လှပါသည်။

အားငါးဖြာတို့အကြား ရုပ်အားနှင့် စိတ်အားကို ပူးကပ်ထားလျက်က မရှိမှ အရှိဘက် ယက်ထုတ်ရာဌ်ဖြစ်စေ အဆီးအတား ကျော်လွှားလိုလျှင်ဖြစ်စေ...

မြင်းလိုပြေးလွှား ကြိုးကိုပဲ စားစား၊
လှေကိုပင်လှော်ကစား ယက်ပန်းကိုပဲ စားစား၊
ကောင်းကျိုးမျိုး၊ ကျိုးဖလတို့ဌ် တိုး၍သာ ခံစားကြရပါမည်။
ယင်းခံစားခြင်းသည် ခံသူပေါ်မှ စားရခြင်းပင် မဟုတ်လော။

www.dhammaransi.com

## ၂၅။ အတက်အကျ

လူတို့၏ဘဝဖြစ်စဉ်ကြီးသည်လည်းကောင်း ထို ဖြစ်စဉ်ကို ထောက်ပံ့ပေးနေကြသော ကံအရှိန်သတ္တိ စိတ်အရှိန်သတ္တိများသည်လည်းကောင်း ထို အရှိန်သတ္တိများကို လိုက်၍ ထိုက်တန်စွာ ဖြစ်ထွန်းပေးလေ့ရှိသော ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိဟူသော ဘဝနှင့် စည်းစိမ်တို့၏ ဖြစ်စဉ်များသည်လည်းကောင်း နေတစ်နေ၏ ကမ္ဘာပေါ်သို့ ထွက်ပြူသက်ရောက်လာခြင်းသည် နိမ့်ရာမှ မြင့် မြင့်ရာမှ တည့် တည့်ရာမှ စောင်း အဆင့်ဆင့်ပြောင်းလဲကာ နောက်ဆုံး အကျဘက်သက် တစ်ဘက်လျှောက် ပျောက်ကွယ်သွားရသည့်ပမာ ဖြစ်သလောက်တက်၍ တက်သလောက်ပင် ကျစေပါသည်။

ကံအခြေကောင်းသော စီးပွားရေးသမားကောင်း နောက်ဆုံး အကျဘက်ပြောင်းရသည်။

သည့်အတူပင်လျှင် ကာမအာရုံစုကို အခြေပြုလျက်က ပြုစုပျိုးထောင်ရာမှ ထိုးတက်လာကြကုန်သော ဘုံဗိမာန်ရှင် အသီးသီးများသည်လည်း အပျက်ကို အဖြစ်အဖြစ် စီမံကာ ဖြစ်လာခြင်းကြောင့်လည်းကောင်း အဖြစ်သည်လည်း အပျက်ဆီသို့သာ တစ်ဖန်စီးဆင်းသွားတော့ခြင်းကြောင့်လည်းကောင်း မည်သည့်အခါမဟူ အဖြစ်ကြီးသမားက အပျက်ကြီးသမားဘဝ

www.dhammaransi.com



ရောက်ရပြီး အဖြစ်နည်းသမားက အပျက်နည်းသမားဘဝ ရောက်ကြရသည် သာ။

ဆင်သည် အကောင်အကြီးစားဖြစ်၍ ပျက်သောကာလ ပုပ်စော်နံ များလှပါသည်။

ခြင်သည် အကောင်အသေးစားဖြစ်၍ ခြင်သေ၏အပုပ်နံ့ နေရာ ကျယ်ကျယ်မနံ့။

ကာမအာရုံစကို လျစ်လျူရှုလျက်က သဘာဝဘက် ဆက်ရာမှ တက် လာသောသိက္ခာသတ္တိရှင်များ၏ ဘဝနှင့် ဘုံဗိမာန်များကား အပျက်ကို အပျက်အတိုင်း ပိုင်း၍ ပိုင်း၍ ခြားထားခဲ့သောကြောင့်လည်းကောင်း၊ အဖြစ် ကိုလည်း အပျက်သို့ လုနေသည့် အဖြစ်တုဟူ၍ ရှု၍ရှု၍ မမှုတော့သော ကြောင့်လည်းကောင်း၊ ဘဏ်စာရေးသည် အများတို့ အပ်နှံထားသော ငွေ ကြေးတို့ကို ရေတွက်အပ်နှံခြင်းသည် ထုတ်ယူရန်အတွက်ဟူ၍ အချက်သိ နေတော့ကာ ဝင်လည်း ပြုံးမပြ၊ ထွက်လည်း မဲ့မပြပမာ အတက်လက်မခံ သဖြင့် အပျက်နှင့်လည်း မဆက်ဆံရပြီ။

အို... ကာမဘုံဖွား လောကီသားတို့...

သင်တို့သည် ထမင်းစားရာ၌ ဝ၍တော်သည် ဖြစ်ပါလျက် တစ်ဖန် ထပ်၍ ဆာသည်ကို တွက်ချက်၍ သိုပေါက်သည် ယိုပေါက်၏ တံခါးဝဆို သည်ကို ရိပ်မိကြပါကုန်။

www.dhammaransi.com

## ၂၆။ တိတိကျကျ

သူ့အရှိ တိတိကြီးပိုင်းချပစ်နိုင်လျှင် ကျမည်။

သူ့အထာကြည့် တည့်တည့်သိဖြင့် ပိုင်းချနိုင်လျှင်လည်း ကျမည်။

မြေ၏ အစွန်းအထွက် မို့မောက်သော အချက်ကို ပေါက်ပြားတူရွင်းများတို့ဖြင့် ဖိ၍ဖိ၍ တိပေးနိုင်လျှင် ကျမည်။

ရွှေ၏ အစွန်းထွက် မို့မောက်သောအချက်ကို တံစဉ်းလွှပါ၊ စိန်ကျောက်သွားဖြင့် တိ၍တိ၍ တိပေးနိုင်က ကျပါသည်။

လူ၏ အစွန်းထွက် မို့မောက်လာသောအချက်ကိုကား သတိရှေ့ထား အထာရှိ သိသောဉာဏ်ဓားဖြင့် ရိ၍ရိ၍ တိပေးနိုင်က ကျသည်။

သစ်ငုတ်ပေါ်ထိုင်၊ သစ်ကိုင်းကို ချိုင်ရာ၌ ကျလိုရာ၌ာန ဓားဖြင့် ပိုင်း၍ပိုင်း၍ ချပေးတိုင်း ပိုင်းရာအရှိ တိခနဲ ကျသည့်ပမာတည်း။

လူတို့၏ အလုပ်လုပ်ရာ၏ စည်းကမ်းပိုင်းသည် ပိုင်းလိုရာအရှိ တိတိပြတ်၍ ကပ်ကျကျရန်ပင် ဖြစ်၏။ သည့်အတူ လူလူချင်းအရ ပိုင်းရာ စီးပွားရေးအရ ပိုင်းရာ ပညာရေးအရ ပိုင်းရာ စသည်များ၌လည်း မိမိဖြစ်စေလိုသော ဆန္ဒသို့ တိခနဲ ကျလာစေရန် စီးပွားရေးမျက်စိ စီးပွားရေး

www.dhammaransi.com



အထာရှိသို့ တည့်တည့်ကြီး သိဖို့ လိုချေမည်။ ပညာရေးမျက်စိ ပညာရေး အထာရှိသို့ တည့်တည့်ကြီး သိဖို့လိုချေမည်။ ရည်းစားရေးမျက်စိ သူ့အညှာ အထာရှိ တည့်တည့်ကြီးသိဖို့ လိုလိမ့်မည်။

ထိုသို့သာ အပိုင်သိ သိရှိနေခဲ့သော် အဘယ်အရာမဆို မပိုင်ရ မရှိ၊ မကိုင်ရမရှိ မထိုင်ရမရှိပြီ။

မိရာအရှိ တီခနဲ ချလိုက်သည်နှင့် စိခနဲ ကျလာမည်မှာ သေချာသည်။

ယနေ့ လောကသားတို့သည် ဘယ်အရာကိုမဆို အထင်ဟူသော ခန့်မှန်းချက်ဖြင့်သာ မှန်းတွက်တွက်နေကြရာ ထို မှန်းချက်သည် ရံတစ်ခါ အထင်ကြီးခြင်းသို့ ချော်ထွက်သွားစေပါသည်။ သူ့အရှိထက် မိမိ၏ မှန်းချက်က ပိုလွန်သွားသောကြောင့်တည်း။

ရံတစ်ခါ အထင်သေးခြင်းသို့ လွင့်စင်သွားစေပါသည်။ သူ့အရှိလောက် မိမိက မထောက်လှမ်းနိုင်သောကြောင့်တည်း။

အို...ကာမဘုံဖွား လောကီသား...

သင်သည်...

သင်လိုရာ သူ့အရှိ တီခနဲကျစေလိုသလော။

ကျစေလိုသော် သင့်ထံရှိ ခန့်မှန်းချက် အထင်ကြီးခြင်း၊ သေးခြင်း နှစ်ချက်ကို သိုဝှက်ထား၊ ထိုသူ့အနား သွားနိုင်သမျှ တိုးကပ်သွားပါလေ။ အနားရောက်သော် သူ့အညှာအထာရှိ တည့်တည့်ကြီးအသိဖြင့် တီခနဲ ချပါလေ။

www.dhammaransi.com

## ၂၇။ တလေးတစား

သူ့ဘက်က တစ်လေးသာ သူကပင် တစ်ခါစားပါမည်။

ကိုယ့်ဘက်က တစ်လေးသာ ကိုယ်ပင်လျှင် တစ်ခါစားပါမည်။

မည်သည့်ဘက်ကမျှ အလေးမထား၊ မည်သူမျှ မစားကြရပြီ။

လူ့လောကထဲဝယ် အချို့ကား စီးပွားရေးအလေးထား၏။ အချို့ ပညာရေး အလေးထား၏။ အချို့ လူလူချင်း အလေးထား၏။ ဘာသာရေး ကအစ အလေးထားကြစမြဲပင်။

ထိုအလေးထားခြင်းကား နှစ်ဦးနှစ်ဖက် ချိန်ခွင်လျှာညီမျှရန်အတွက် ချည်းသာ။

မိမိဘက် အလေးထားသူ တစ်ဖက်ကို သွင်းကုန်ထုတ်ကုန်ပမာ အဖြေရှာမည်။

တစ်ဖက် အလေးထားပါမူ မိမိသို့ ပို့ကုန်ပမာသာ အဖြေရှာမည်။ ယိုအဖြေရှာချက်များသည် သူ့ဘက်ကချည်း အလေးသာနေပါက လျှာထုတ် ပြတိုင်း ကုန်ပစ္စည်း ကုတ်ကုတ်ထည့်ပေးနေရသည့်ပမာ မိမိကချည်းသာ ပေးဆပ်နေရပါသည်။ ထိုတစ်ဖက်ကား အစားသမားသက်သက်တည်း။

www.dhammaransi.com



အကယ်တိတိ မိမိဘက်ကချည်း အလေးသာလာချေသော်–ထိုတစ်ဖက်ကား ပေးဆက်သမား မိမိကား အစားများသူဖြစ်လာမည်။

ဤနည်းဖြင့် စီးပွားရေး၌လည်း တလေးတစား ရှိနေကြပါသည်။

ဤနည်းဖြင့်ပင် ပညာရေးလောက၌လည်း တလေးတစား ရှိနေကြပါသည်။

ဤနည်းဖြင့်ပင် လူမှုရေးတို့၌လည်း တလေးတစား ရှိနေကြပါသည်။

လောကနှင့် မကင်းသေးသူမှန်သမျှ ထိုတလေးတစားဘဝမှ မလွတ်ကင်း။

သို့တစေလည်း ထိုအလေးသည် အလေးမှန်ဖြစ်ဖို့ လိုပေမည်။ အလေးမှန်မှလည်း အစားမှန် ဖြစ်လာမည် ဖြစ်သောကြောင့်တည်း။

အကယ်တိတိ အလေးမှန် မဟုတ်ရာမှ အစားမှန်မဟုတ်သော အစာကို စားမိခဲ့ပါသော် အစာမကျေ လေထန်အံ့လျှင်လည်း အပုပ်၊ ဆန်လျှင်လည်း ချဉ်စုပ်စုပ်ဖြစ်တော့မည်။

အို…လူ့ဘုံဖွား လောကီသားတို့…

သင်တို့၏ အလေးကို အလေးမှန် ဟုတ်မဟုတ် ဦးစွာစစ်ဆေးကြပါကုန်။

အလေးမှန်မှ အလေးမှန်ပါဆိုခဲ့သော် ထိုအလေးသည် အလေးကြီးဟုတ်မဟုတ်ကိုလည်း ထပ်မံစစ်ဆေးကြပါကုန်။

အလေးမှန်အလေးကြီး ဖြစ်နေပြီဆိုပါမူကား အလေးစီးသလောက်ခရီးရောက်၍ အလေးထောက်သမျှ ကောက်စားကြရပါတော့မည်။

ထိုအလေးသာ အစာကို စားသုံးသောအခါတွင်သာ အရိုးကို ချန်ထား၊ အသားကိုချည်း ညက်ညက်ဝါးစားကြပါဟုရို့။

www.dhammaransi.com

## ၂၈။ တင်းမာ

တစ်ဖက်က တင်းခံနေသမျှ တစ်ဖက်ကား မာနေမည်သာ။

တစ်ဖက်က မာနေသောကြောင့်လည်း တစ်ဖက်ကား တင်းနေခြင်းတည်း။

သို့မဟုတ် တင်းလွန်းလျှင်မောက်၊ မောက်လွန်းက မာစေသည်ကား မုချတည်း။

ထိုသဘောတရားတို့သည် နှစ်ဦးနှစ်ဖက်အားဖြင့်လည်း ဖြစ်တတ်၏။ တစ်ဦးတည်းလည်း ဖြစ်တတ်၏။

တစ်ဦးတည်း၌ ရာဂစိတ်ဖြင့် တင်းလာလျှင် ထိုအတင်းဒဏ် ခံနေရသော နေရာသည် မာလာပေရော့မည်။

အကယ်တိတိ ဒေါသစိတ်ပြင်း တင်းခဲ့လျှင် ထိုအတင်းဒဏ် ခံရသည့်နေရာသည်သာ မာကျောလာတတ်ပါသည်။

နှစ်ဦးနှစ်ဖက်တို့၌ကား တစ်ဦးက စိတ်ထားတင်းနေခဲ့လျှင် ဓာတ်ဓာတ်ချင်း ကူးတတ်သောသဘောဓမ္မတာအရ ကျန်တစ်ဖက်၏ စိတ်ထားသည်လည်း အလိုလို မာကျောလာခြင်း အမြင်အကြားနား နားမျက်စိ ပေါက်ရောက်ရာမှ မာကျောလာခြင်းများ ဖြစ်လာတတ်ရာ၏။

www.dhammaransi.com



တစ်ဖက်လျှော့က တစ်ဖက်ကား ပျော့လာတော့သည်သာ။

ငါတို့အထဲ၌ ကိုကျော်စိန် မညိမ်းဟူသော စုံတွဲတစ်တွဲ ရှိ၏။

ကိုကျော်စိန်ကား အညာသား၏ စိတ်အနေ ရွှတ်ရွှတ်ပေပေ။

မညိမ်းကား ရန်ကုန်သူအကျင့် အပေးအယူ အနိမ့်အမြင့်။

ထိုအတွဲကား အတူနေလျက် တကျက်ကျက် တရက်အေးသည် မရှိပြီ။

တစ်နေ့ မညိမ်းကိုကောက်၍ ကိုကျော်စိန်တစ်ယောက် ကားဂိုဒေါင်ထဲ ဝင်ရောက်ခါ ထမင်းမစား၊ ဟင်းမစား တင်းသလားမမေးနှင့်ဟူ၏။

တစ်ဖန် မညိမ်းဘက်ကလည်း စိမ်းရက်တယ်မထင်နှင့် သူကြင်မှ ကိုယ်ကြင်၊ ဂျင်းစိမ်းနှင့် မိဿလင်ပမာ ခပ်မာမာ။

ဤသို့ဖြင့် ကိုကျော်စိန်ခမျာ သေပွဲဝင်သွားရရှာပါသည်။ ထို အသေရုပ် အပြေထုတ်၍ ကြည့်လိုက်သောအခါ တင်းချက်လည်း မပါ၊ တင်းမျက်နှာလည်း မပြ၊ အားလုံးကို လက်မြှောက်လိုက်ပါပြီခင်ဗျာ့ ပမာသာ။

ထိုအခါ မညိမ်းလည်း မမာရှာတော့ဘဲ သူတော်ကောင်းကြီး ငါ့ကြောင့်သေရရှာလေခြင်းဟူ၍ နောင်တသိချင်းဖြင့် ငိုချင်းချပါလေတော့၏။ လျှော့ပေးသဖြင့် ပျော့သွေးဝင်လာခြင်းတည်း။

အို... လောကီဘုံသား ကာမဖွားတို့...

သင်တို့သည် အပျော့ကိုလိုချင် အတင်းဖြင့် မဝင်မိကြပါလေလင့်။

အတင်းဖြင့် အပျော့ရှာ အမာကိုသာ တွေ့တတ်ပါသည်ကို ဤကိုကျော်စိန် မညိမ်းတို့က သက်သေပြသွားကြပါပြီ။

www.dhammaransi.com

## ၂၉။ စိတ်ပါလက်ပါ

လက်သွက်နေသော် စိတ်ဖက်က ပါနေမှန်းသိရတော့သည်သာ။ လက်သည် စိတ်အလိုကျဆောင်ရွက်ရာ၌ နာမည်ရဖြစ်သောကြောင့်။

လက်ငြိမ်နေသော် စိတ်ဏ္ဍ ခြွေရနေကြောင်း ကောင်းကောင်းကြီး သိရသည်။ လက်မပါသော် စိတ်ချည်း မည်သည့်အခါမျှ လက်စွမ်းမပြတတ်သောကြောင့်။

လူတို့၏ ဘဝလမ်း သွားလမ်းထွင်ရာ၌ မျက်စိကား ကားမီးပမာ ရှေ့လမ်းပြမှုသာ၊ နားနှစ်ဖက်တို့ကား သွားလမ်းသိ ကြည့်မှန်ပမာသာ၊ နှာကား မီးခိုးမှုတ်စရာ အိတ်ဇောပိုက်ပမာမျှသာ၊ ပါးစပ်ကား ကားဟွန်းပမာ အချက်ပေးရုံမျှသာ၊ ခြေတို့ကား ကားဘီးပမာ သွားပေးရုံသာ၊ ခန္ဓာတွင်းသွင်း အတွင်းကလီစာများကား ကားအစိတ်အပိုင်းပမာ အသက်ဝင်ရုံမျှသာ၊ အစာသစ်အိတ်ကား ကားသွားစရာ ဆီနှင့် ရေပမာသာ၊ လက်သည်သာ စိတ်တည်းဟူသော ကားရှင်နောက်မှ ကပ်ပါလာသော စပါယ်ယာတည်း။

စိတ်လိုလက်ရဆိုသောစကား၊ ၎င်းတို့နှစ်ပါး အသွားညီပုံကို ဖော်ကျူးထားသောစကား မဟုတ်လော။

ဘောဓိမြိုင်စာစဉ်

www.dhammaransi.com



တစ်ဖက်သို့ လက်ဖြင့်တို့၍တို့၍သော်လည်းကောင်း၊ ပုတ်၍ပုတ်၍ သော်လည်းကောင်း ပြောဆိုနေခြင်းဖြင့် မိမိ၌ ရာဂစိတ်အားကြီးနေကြောင်း ပြသနေပါသည်။

မိမိဘာသာ လက်သီးကို ကျစ်ကျစ်ပါဆုပ်၍ဆုပ်၍ ပြောဆိုနေခြင်း ဖြင့် မိမိ၌ ဒေါသစိတ် အားကြီးနေကြောင်း ပြသနေပါသည်။

မိမိဘာသာ တစ်ဦးတည်းတစ်ဦး လက်မှိုင်ချကာနေခြင်းဖြင့်လည်း မိမိ၌ မောဟစိတ်အား ကြီးနေကြောင်း ပြသနေပါသည်။

စင်စစ် ထိုလက်သည် စိတ်၏ တည်နေပုံ ပုံပန်းသဏ္ဍာန်ကိုလည်း ကောင်း၊ ကျုံ့လွှန်နေပုံ စေတနာ၏ အတိုင်းအတာကိုလည်းကောင်း သရုပ် ဖော်ပြနေခြင်းပင်။

လက်တိုက်ရိုက်ပါသော လွှန်ကျုံ့မှု၊ လက်ကူဖြင့် လွှန်ကျုံ့ဖြစ်မှု၊ ဤမျှသာ ကွာမည်။ ဘယ်အရာမဆို လက်မပါ နေရာမကျပြီ။

ယုတ်စွအဆုံး သွားရာလာရာ၌ပင် လက်၏ လှုပ်ရမ်းမှုအရှိန်ဖြင့် ခရီးတွင်စေရသည်ချည်း မဟုတ်လော။

အို... ကာမဘုံဖွား လောကီသား...

အားလုံးကပင် သင့်လက်လှုပ်ရှားမှုကို စောင့်စားကြည့်ရှုနေကြ ပါသည်။

သင်ကသာ သင့်လက်ကို ထုတ်၊ သရုပ်ဆောင်ပြဖို့ ရှိသည်။ ထို သင့်သရုပ်ဆောင်ချက်ကား စိတ်ကောင်းလေလား စိတ်ဆိုးလေလား သို့ မဟုတ် စိတ်ဖြူလား၊ စိတ်ညစ်လား၊ သစ်သားကို လက်သမားသည် လက်ရိုက်တုတ်ကို သုံးဟန် ရုပ်လုံးပေါ်စေသည့်ပမာ သင့်စိတ်ကို ရုပ်လုံး ပေါ်စေပါမည်။

www.dhammaransi.com

## ၃၀။ မလှုပ်မယှက်

မြင်လျှင်ငုတ်တုတ် ကိုယ်မလှုပ်ခြင်းသည် တစ်ဖက်နှင့် မစပ်ယှက်၍သာ။

မြင်သူကကုတ် ကိုယ်မလှုပ်ခြင်းသည်ကား အရှက်မရှိတော့၍သာ။

လောကကြီးကို ဖျက်ဆီးပစ်နေသောအရာကား မျက်မြင်တို့ကို ကဲ့ရဲ့မှုကို မရှက်တော့ခြင်းနှင့် နောင်သံသရာ တစ်ခါပြန်လည် မိမိတာဝန်ခံရတော့မည်ကို မကြောက်ခြင်းတရား နှစ်ပါးပင်တည်း။

ယနေ့ကြိုက်စွဲကြီးနေသူတို့၏ ဘာဖြစ်ဖြစ်ဖြင့် ဇွတ်နှစ်လိုက်သောအကျင့်။

ယနေ့မာနစွဲကြီးနေသူတို့၏ ဘာပြိုင်ပြိုင် အနိုင်တိုက်သောအကျင့်။

ယနေ့ ငါစွဲကြီးနေသူတို့၏ ဘာပြောပြော ငါတကောကောသောအကျင့်။

ပစ္စုပ္ပန်၌ တူ၊ သံသရာဝယ် ပေ အဖြစ်ကို ပို့မည့် ထိုအကျင့်ဆိုးသုံးမျိုးတို့ကို လက်မရွံ့၊ ပခုံးမတွန့်၊ လွန့်ဝံ့ခြင်းများသည် ယင်း အရှက်မဲ့အကြောက်ကင်းတို့၏ မြှောက်စားခြင်းကို ခံရသောကြောင့်ပင်။

**ဆောဓိမြိုင်ဆရာ**

www.dhammaransi.com



ထိုအကျင့်ငှား၊ အကျင့်များသမား သုံးဦးတို့သည် မိမိဘက်က ချစ်ခြင်းများ တက်မလာသော် မိမိပိုင် မယားကိုသော်မှလည်း မြင်လျက် မလှုပ်၊ ကိုယ်လက်များလည်း လှုပ်လိမ့်မည် မဟုတ်ချေ။

၎င်းတို့ မလှုပ်သည်ကိုထောက်သော် တစ်ဖက်နှင့် မည်သို့မျှ မပတ်သက် စပ်ယှက်နေခြင်း ကင်းနေသည်ကို သိရမည်။

အကယ်တိတိ…

မိမိဘက်က ချင်ခြင်းများတက် အကျင့်ဆိုးသုံးချက်တို့ တွဲဖက်လာချေသော် မိမိမယားမဆိုထားဘိ တစ်ပါးတခြား သွားစရာ အပေါက်တောက်လျှောက်တွေ့သူတိုင်းအပေါ် လော်မာပတ်သက် မရ အရ စပ်ယှက်ကြပေလိမ့်မည်။

ထိုအခါ…

လူတွေ့မရှောင် သူတွေ့မရှောင် မျက်နှာပြောင်တိုက်ရဲလာတော့ရာ မနေသာသူတို့ မည်မျှ လက်ကုတ်ကုတ် မလှုပ်တော့ပြီ။

ထို ကိုယ်မလှုပ် လက်ကပါမယှတ်လေသည်တို့ကို ထောက်သော် တစ်ဖက်က မည်သို့ပင်ရှက်ရှက် ၎င်းကား အရှက်မရှိတော့ကြောင်း ကောင်းကောင်းသိရပြီ။

အရိယာဘုံသားများ၏ မြင်လျက်က မလှုပ်ခြင်းကား တစ်ဖက်နှင့် မည်သို့မျှ မပတ်သက်တော့ခြင်းကြောင့်သာ။

မြင်သူက ကုတ် မလှုပ်ခြင်းကလည်း ကုသိုလ်ဘက် အရှက်မရှိတော့ခြင်းကြောင့်သာ။

အိုဘယ့်လူသား… လောကီဘွား…

သင်၏ မလှုပ်မရှက်ခြင်းကား မည်သည့်အချက်ဖြင့် အသက်ဝင်နေဘိသနည်း။ သင်၏ မလှုပ်မယှက်ခြင်းကား မည်သည့်အချက်ဖြင့်အသက်ဝင်နေဘိသနည်း။

www.dhammaransi.com



သင်သည် တဏှာ၏ ဖမ်းစားခြင်း၊ မာရ်နတ်ဖမ်းစားခြင်း၊ ဒိဋ္ဌိ ဖမ်းစားခြင်းတို့ ခံနေရပါလျက်က မလှုပ်မယှက် လှုပ်မရှက်မျိုး ဖြစ်နေခဲ့သော် ခံတွင်းမချဉ်သေးသဖြင့် ပါးစပ်မပြင်သေးခြင်းမျှသာ။

www.dhammaransi.com

## ၃၁။ တွင်တွင်ကျယ်ကျယ်

ခရီးတွင် အမြင်ကျယ်တက်သည်။

အလုပ်တွင် အဝင်ကျယ်တတ်သည်။

အပြောတွင် အခင်ကျယ်တတ်သည်။

သဘောတွင်မှ အဖျင်ကျယ်မည်။

ခရီးဟူသောစကားသည် ဘဝဖြစ်စဉ်ခေါ် ခရီးစဉ်ကြီးနှင့် ဆက်စပ်လျက်ရှိချေရာ အလွန်ကျယ်ပြန့်သော စကားတစ်လုံးပင်။

လေ့လာရေးခရီး ပညာသင်ခရီးမှသည် အချစ်ရေး အိမ်ထောင်ရေး ခရီးများအထိ အသုံးတွင်ကျယ်စေသော စကားတည်း။

ခရီးဟူသည် မိမိရောက်လိုသောနေရာသို့ လမ်းကြောင်းပေးထားခြင်းကို ဆို၏။

ခရီးသွားကား ထိုလမ်းထားပေးအတိုင်း ရှေ့သို့ တိုးတက်သွားခြင်းပင်။ သို့ကြောင့် မိမိ၏ ရောက်ဆဲကာလ၊ ရောက်ဆဲဌာနတို့မှ ရှေ့သို့ရှေ့သို့ တိုးတက်သွားစေသော စိတ်သွားသူ ရုပ်သွားမှန်သမျှ ခရီးသွားချည်းသာ။

www.dhammaransi.com



သင်သည် စိတ်ဖြင့်ဖြစ်စေ၊ ရုပ်ဖြင့်ဖြစ်စေ ရှေ့သို့ တစ်ဆင့်တိုး သွားမိလေတိုင်း အတွေးသစ် အတွေ့သစ်များလည်း တစ်ဆင့်တစ်ဆင့်ကျပင် အမြင်ကျယ်စေပါမည်။ တွေနေသော် ထစ်၊ တစ်ဆစ်တစ်ဆစ် ရပ်နေပြီ။

ထို ရှေ့သို့ တစ်ဆင့်တိုးခရီးစဉ်ကြီးထဲ၌ အလုပ်ကပါ ပါနေခဲ့သော် လုပ်သလောက်လည်း တွင်၊တွင်သလောက်ပင် ဝင်ဆံ့လာမည်။အလုပ်နောက် အပြောလေးပါ ထောက်ခဲ့သော် သူ့နားကြည်လင် သူ့အခင်ပါတိုးစေပါမည်။

အကယ်တိတိ ပြောစကားအကြား သဘောထားပါထင် အပြင်တွင် လာသော် အခက်အခဲမှန်သမျှ ပယ်ဖျင်ပြီးသား ဖြစ်စေပါသည်။

ထိုသဘောတွင်ကား စကားသဘောလေလား၊ တရားသဘောလေ လား ခွဲခြားတတ်ရန်သာ လိုပါမည်။

စကားသဘောထား တွင်ကျယ်ပါများလာက ကာမချင်းပြိုင် အနိုင် လုရာ၌ တွင်သလောက်ကျယ်၊ ကျယ်သလောက် ပြန့်ဖြင့် အကန့်အသတ် ရှိခြင်းကို ဖျင်လျက်က အကန့်အသတ်မရှိဘက် ထွက်စေပါမည်။

အကယ်တိတိ တရားသဘောထား တွင်ကျယ်ပါများလာပါသော် ကား ကိလေသာအတား၊ ကိုယ်တွင်းဖြစ် အယုတ်တရားများ ပွားသလောက် ပါး၊ ပါးသလောက် ရပ်နားဖြင့် အကန့်အသတ်ကို ပယ်ဖျင်လျက်က အကန့် သတ်ဘက် ထွက်စေပါမည်။

အို... ကာမဘုံဖွား လောကီသား...

သင်၏ တွင်ကျယ်ခြင်းများကား မည်သည့်အရာများပေနည်း။

အမှားခရီး လမ်းချိုးကြီးထဲသို့ တွင်ခြင်း မြင်ခြင်း ဝင်ခြင်း ခင် ခြင်းများဖြင့် အမှန်ကို ပယ်ဖျင် ဖယ်ကြဉ်သော လုပ်ရပ်မျိုးဖြစ်ပါမူ...

အကန့်ကို မသတ်မိသဖြင့် အကန့်၏ သတ်ခြင်းကို တစ်ဝကြီး ခံရမည် မုချတည်း။

www.dhammaransi.com

## ၃၂။ သိသိသာသာ

တစ်ခုသိလျှင် တစ်ခုပင် အသာရချေသည်။

နှစ်ခုသိလျှင် နှစ်ခုပင် အသာရချေသည်။

အားလုံးသိလျှင်ကား အားလုံးပင် အသာရနေတော့သည်သာ။

ထိုအသိတွင်လည်း အပေါ်ယံကြောမျှသိသောသူသည် အတွင်းသိ အစင်းသိလောက် ခရီးမရောက်ချေ။

အတွင်းသိ အစင်းသိသော်မှလည်း သူတကာ့အတွင်း ချဉ်းသိသိသူထက် မိမိအတွင်း အစင်းသိ သိလေသူက သာ၍ ခရီးရောက်ချေသည်။

ထိုစဉ် သူတကာ့အတွင်း ချဉ်းသိသိသူကား လောကရေးရာများ၌တည်း။

မိမိအတွင်း အစင်းသိသိသူကား ဓမ္မရေးရာမှာတည်း။

လောကရေးရာသည် သူတကာ့အကြောင်း ကောင်းကောင်းသိမှ အသာစီးရ၏။ သက်မဲ့ဖြစ်က သူ့ရှိ အတွင်းသဘာဝ ခရေစေ့တွင်းကျ သိသိနေစေရမည်။ သက်ရှိဖြစ်က ဉာဉ်စရိုက်ဝါသနာတွင်းရှိ သူ့စိတ်ရင်းကို ရှင်းရှင်းကြီး သိနေစေရမည်။

www.dhammaransi.com



ဖော့တက်သောနွားကို ကျွဲကိုင်ကိုင်က ဖင်ထိုင်လဲရတတ်သည်ပမာ၊ ကန်တတ်သောမြင်းကို ဆင်လိုထင်က အဝင်မမှန် အကန်ခံရသည်ပမာ၊ သက်မဲ့၌ အသွင်၊ သက်ရှိဉာဉ် အမြင်မမိက အထိနာရတော့သည်သာ။

သို့ကြောင့် စီးပွားရေးနယ်ပယ်၌လည်း အတွင်းသိ သိနေသူတို့က သာ နေရာရနေပါသည်။ လူမှုရေးနယ်ပယ်၌လည်း အတွင်းသိ သိနေသူတို့ သာ တွင်ကျယ်နေပါသည်။

ယုတ်စွအဆုံး ရည်းစားထားရာ၌ပင် တစ်ဖက်ဉာဉ် အမြင်မိလေသူ တို့သာ အောင်ပွဲခံသွားကြရပါသည်။

စင်စစ် ထိုအသိတို့၏ အမိသည် မိမိကားပမ်း၊ တစ်ဖက်ကား နွမ်းရသည့်ဇာတ်လမ်းသို့သာ တန်းဝင်စေရာ သိရာမှသာ၊ သာရာမှ နာလာ ရတတ်ပါသည်။

အကယ်တိတိ ကိုယ်တွင်းကြည့်ဖြင့် ကိုယ်တွင်းသိ သိပိုင်ပါမူကား ငါမရှိမှန်း အပိုင်သိသည်နှင့် အထက်တက်ရာမှာ အသာရလာစေပါမည်။

ထိုအသာသည် မိမိလည်း အချမ်းသာ၊ တစ်ဖက်လည်း အချမ်းသာ နိဗ္ဗာန်အထိ အချမ်းသာစေပါသည်။

ထို့ထက်အလွန် တစ်ဖက်နှင့်တစ်ဖက် အကြိုက်ပေးဖျက်ဆီးမိကြ ရာမှ နှစ်ဖက်စလုံး ပျက်စီးကြရပုံ အစုံအစေ့ မြင်တွေ့ရခြင်း မိမိတစ်ဖက် သတ်ဘဝအပေါ် အကောင်းမှတ်ဖြင့် တပ်မက်မိရာမှ တစ်ဦးတည်းငြိနေပုံ အစုံအကုန် မြင်တွေ့ရခြင်းတို့ဖြင့် ကိုယ့်ခန္ဓာတွင်း အပျက်တလင်းကို လက်ငင်းကိုကြည့်၍ ရှေ့နောက်အရှိကို သိနေပါသော် အားလုံးပင် အသာ ရနေတော့ပြီသာ။

www.dhammaransi.com

## ၃၃။ မက်မော

မက်လျှင် မော၊ မမက် မမောရစေပြီ။

ရက်လျှင်ရော၊ မရက်က မရောရစေပြီ။

မည်သည့်အာရုံကိုမဆိုမက်မိနေက မောရသည့်ချည်းသာ။

တစ်ဖက်ရှိ သက်မဲ့သက်ရှိများ၏ အမြင်အာရုံကိုဖြစ်စေ အကြားအာရုံကိုဖြစ်စေ အတွေ့အထိ စသည့်အာရုံများကိုဖြစ်စေ သွားရောက်တုဖက်စုံမက်နေချေသော် တောလိုက်ခွေးအုပ်ကြီးအကြား မျက်စိလည်လမ်းမှားသွားသော ယုန်သူငယ်ပမာ တစ်ဖက်ရှိ အာရုံစုံ အကုန်သိုင်းဖက်ခြင်းကိုခံရရာ စိတ်ခမျာ တစ်ခုမိ အားလုံး၏အဖိကို ခံရပါတော့မည်။

အာရုံကို မက်သဖြင့် ရမွှက်၊ ရသလောက် မက်သဖြင့် ရမက်ကလည်း အတွင်းဘက်ကနေ ဘက်ကန်ဦးမည်ဖြစ်ရာ စိတ်ခမျာမက်သလောက်မောရပါမည်။ တစ်ဖန် တစ်ဖက်အာရုံတို့ကလည်း အလုအယက် သူ့ထက်ငါ အပါချူကို ခံနေရသဖြင့်လည်း မောရပါမည်။ အရိပ်ကို အနိပ်ဟူ၍အထင်မှတ်မှားခါ တစ်ခါထိ မိနိုးနိုးဖြင့် ကြိုးစားနေမိခြင်းကြောင့်လည်း မောရပါမည်။ အာရုံကြောအစုံလိုက် မျောနေမိခြင်းကြောင့်လည်း မောရပါမည်။

www.dhammaransi.com



ငါတို့ကို ငယ်ငယ်တုန်းက ငါ့မိခင်ကြီးသည် တစ်ဖက်အိမ်က ထန်းတက်သမား ကိုဘသိန်းအား ထန်းပလပ်ကို မြင်းရုပ်ပမာ ရှေ့မှနေ ဓားဖြင့်ထစ်စေ ဇက်ကိုချိုး၊ နောက်မှာဝယ် မြင်းမြီးပမာ ပြောင်းဖူးမိတ်ဆာ တပ်၊ ရှေ့နောက်ဝယ် ပခုံးဖြင့် လွယ်စီးရန် ထန်းလျှော်ကြိုး တပ်ပေးခိုင်းကာ ငါတို့အား မြင်းရုပ်ဆိုကာ ပေးလေ၏။

ငါတို့ကား မြင်းစီးရပြီဟူ၍ ပျော်ပါဘိခြင်း။ သို့ကြောင့် ငါသည် ရွာလယ်လမ်းမကြီးဝယ် ရှေ့အပေါက် နောက်အပေါက် အခေါက်ခေါက် အခါခါ တစ်ညနေလုံးလုံး လှည့်လည်စီးပြလိုက်ရာ ညတွင်ကား ခြေကုန် လက်ပမ်းကျဘဝဖြင့် အိပ်ရာထဲ လဲရပါချေပြီ။

ကာမဘုံဖွား လောကီသားတို့...

သင်တို့သည် အာရုံစဉ် အမြင်ထက် မှင်သက်၍နေနေမိကြလျှင် လိပ်ကန် ငါးကန်ကြီးအတွင်း ပေါက်ပေါက်ဆုပ် ပစ်သွင်းလိုက်သည်ပမာ အာရုံစဉ် အမြင်ဓာတ် သူ့ဝင်ဟပ် ငါဝင်ဟပ် ခံနေရသည်ချည်း ဖြစ်ပါသဖြင့် သွေးကလည်း ခပ်ပြတ်ပြတ်၊ အသားကလည်း ခပ်ကပ်ကပ် အခြေအနေ အထိ ရောက်ကြရပြီး ကာမရေယဉ်ကြောဝယ်...

ဖျက်သလောက်လည်းမက် မက်သလောက်ပင် မောကြရပါတော့ မည်။

ရက်သလောက်လည်း ရော၊ ရောသလောက်ပင် မျောကြရပါတော့ မည်ဟရို့။

www.dhammaransi.com

## ၃၄။ ရက်ရော

ကာမဘက်ဝယ် အကျင့်ရက်က ကာမဘက်သားများက ရောတော့မည်။

ဓမ္မဘက်ဝယ် အကျင့်ရက်ကလည်း ဓမ္မဘက်သားတို့၏ အရောကို ခံရမည်။

နေသည် အချိန်နှင့် စက်လျက်က အပူလှိုင်းကို အန်ထုတ်နေချေရာ နေအောက်ရှိ လောဂသားအားလုံးတို့သည်လည်း နေတောက်သို့အလိုက် သွေးတလှိုက်လှိုက်သာ။ နေချိန်အစက် အပူဓာတ်သက်များသည်လည်း တဖျက်ဖျက်ဖြင့် ရှေ့သို့ချည်း ဆက်နေတော့ရာ အချိန်ကာလကိုလည်းကောင်း၊ အရာဝတ္ထုမှုန်သမျှကိုလည်းကောင်း၊ သတ္တဝါတို့ကိုလည်းကောင်း တို့လျှက်တို့လျှက်ကသာ။ သို့ကြောင့် နေ့ရက်ဟူသော စကားပေါ်လာရချေသည်။

လ,ကားသတ္တဝါတို့ကို အနားပေးရာဖြစ်၍ ညရက်ဟူ၍ကား မရှိပြီ။

နေမင်းကြီးသည် အရှိန်လှိုင်းတို့ဖြင့် လူတို့ကို ရက်ထုတ်နေချေရာ နေနှချိန် သွေးအေး၍ နေရင့်ချိန် သွေးဆူလာရတော့သည်သာ။

www.dhammaransi.com



ထိုအခါ စရိုက်ဖြင့်ချင့်သော အကျင့်သန်တို့သည် အကျင့်ထန်ခြင်း၊ အကျင့်ခံခြင်းများတို့ဖြင့် တစ်ဦးပေါ်တစ်ဦးတက် အမှုမှ အမှုသို့ချည်း ရက်တွက်နေကြရာ အကျင့်ချင်းလည်း ရောနှောကြလေကုန်၏။ အလုပ်ချင်းလည်း ရောနှောကြလေကုန်၏။ သွေးအဟုန် အစုန်ပြင်းလာလေသောအခါ သွေးချင်းပင် ရောကြတော့သည်သာ။

အကျင့်သည် ကာမဘက်ရက်က ကာမဘက် ရောတော့သည်။

အကျင့်သည် ဓမ္မဘက်ရက်က ဓမ္မဘက် ရောပော့သည်။

ဓမ္မဘက်ကရောသော် မိမိတစ်ကိုယ်တည်း လိုသလို ပြီးစီးမည်။

အကယ်တိတိ...

ကာမဘက်က ရောခဲ့သော် သူတစ်ပါးနှင့်တွဲဖက် သူ့ဘက်ကိုယ့်ဘက် ရက်၍ရောကြမည်ဖြစ်ရာ ကိုယ်လိုသလို မပြီးစီးတော့။

ရံတစ်ခါ လိုသည်ထက် ပိုနေမည်။

ရံတစ်ခါ လိုရာအထိ မရောက်တတ်။

နေ၏အရှိန်သည် လူတို့ကို ဆားကို လျှာဖြင့်တို့လျှက်ဘိသို့ ထိတွေ့တို့လျှက်၍ချည်း နေတော့ရာ လူအားလုံးပင် သွေးတက်လျှက်က အာရုံကိုချည်း ရက်ယူနေချေသည်။ အာရုံကို တို့လျှက်က ထိုအာရုံရှင်၏ အရောကိုလည်း ခံရတော့မည် မုချတည်း။

နေသည် အချိန်ကို တို့လျှက်၍ လောကဘက်သို့ တက်လာခဲ့၏။ ထိုနေအောက်ရှိ လောကသားတို့သည်လည်း နေ၏ အချိန်စက်တို့လျှက်ရှိန်အတိုင်း အချင်းချင်းပင် အာရုံလှိုင်းများကို တို့လျှက်ကသာ ကိုယ့်ကိုကိုယ်လည်း အရောခံနေကြပါကုန်၏။ တစ်ဖက်သို့လည်း ရောရန် ကြံရွယ်နေကြပါကုန်၏။

သင်သည် ကိုယ့်ကိုကိုယ် တို့လျှက်၍ ကိုယ့်ကိုကိုယ်ပင် ရောနေသလော။

**ဟောဝိမြိုင်စာစဉ်**

www.dhammaransi.com



တစ်ဖက်သို့ တို့လျှက်၍ တစ်ဖက်သို့ပင် ရောနေသလော။
ရောလျှင်နှော နှောလျှင်မျော၊ မျောလျှင်မောဖို့ သေချာသွားပြီ။

www.dhammaransi.com

## ၃၅။ မတော်မတည့်

မတော်သောအရာမှန်သမျှ မတည့်သေး၍မျှသာ။

မတော်သောအရာတွေ့ တည့်လိမ့်မည်ကား မဟုတ်ချေ။

လူလူချင်း ပေါင်းသင်းကြရာ၌ အမြင်ချင်းသော်လည်းကောင်း သဘောထားချင်းသော်လည်းကောင်း မတည့်ကြလေသေးသမျှ တော်ပါပေသည်စကား လုံးဝ ကြားရလိမ့်မည် မဟုတ်သေး။

တည့်သွားကြလျှင်တော့ သူခိုးကြီးဖြစ်ပါစေ၊ ဓားပြလူဆိုးကြီး ဖြစ်ပါစေ... သူ့ ချာ ဉာဉ်ပါပေ၍သာ လုပ်ရရှာတာပါ၊ ဝမ်းစာကြောင့်သာ လုပ်နေရရှာတာပါ၊ သဘောကတော့ တော်ရှာပါသည်ဖြင့် အပေးအယူ တည့်နေကြတော့သည်သာ။

လူ့လောက၏ သဘောဓမ္မတာ၌ အကြိုက်ချင်း တည့်မတည့်ဖြင့်သာ သင့်တော်သည် မတော်သည်ဟူသော အတွေးအခေါ်ကို အဓိပ္ပာယ်ဖော်လေ့ရှိတတ်သောကြောင့်။

ထိုသို့ အဓိပ္ပာယ်ဖော်ရာ၌ အချို့ကား အချင်းချင်း မတည့်ကြရာမှာ မတော်ဟူ၍ ဆုံးဖြတ်၏။ အချို့ကား အချင်းချင်း မတော်ကြရာမှ မတည့်ဟူ၍ ဆုံးဖြတ်၏။

www.dhammaransi.com



မည်သို့ပင် ဆုံးဖြတ်ကြပါစေ၊ မသင့်၍ မတော်၊ မတော်၍ မတည့် ခြင်းချည်းပင်။ ဓာတ်ဖက်မသင့်ခြင်း၊ ဓာတ်ဖက်မသင့်ခြင်း၊ ကပ်ဖက်မသင့် ခြင်း အားလုံးသည် မတော်သည်ချည်း ဖြစ်၍ မတော်ကလည်း အပေးအယူ လည်း မတည့်ကြပြီ။

လူသားတို့တွင် အပူဓာတ်ဆောင် အအေးဓာတ်ဆောင်ဟူ၍ ဓာတ် ကောင် နှစ်အုပ်စုမျှရှိရာ အပူကောင်ကား သွက်လက်ထက်မြက်၍ အအေး ကား အေးတိအေးစက်မျှသာ။

သို့ကြောင့် ထိုနှစ်ဦးတို့ စိးပွားဖက် မိတ်ဖက် အိမ်ထောင်ဖက်များ အဖြစ် အတူပေါင်းထုတ်လျက်က အပေးအယူ လုပ်ကြသော် ရေခဲနှင့် ငရုတ် သီး တွဲဖက်၍စားနည်း ရှာဖွေသော် ရေခဲလိုက်၍ ဖျော်ရည်လုပ်ကလည်း ငရုတ်က မလိုက်၊ တစ်ဖန် ငရုတ်လိုက်၍ ချက်ပြုတ်မည်ဆိုကလည်း ရေခဲ က မပါတော့သည်ပမာ မည်သည့်အခါမျှ သင့်မည်လည်း မဟုတ် တော် မည်လည်း မဟုတ် တည့်မည်လည်း မဟုတ်ပြီ။

ကာမဘုံဖွား လောကီသားတို့…

သင်တို့သည် ဓာတ်မတူချင်း ပေါင်းသင်းလိုကြပါသော် သင်သည် သင့်ဓာတ်သက်သက်ဖြင့် ထပ်ဖျက်ဖျက်လျက်က ဓာတ်သက်ချေသတ်သွင်း ၍ ပေါင်းသင်းပေးသော် သူကလည်း သင့်အတုယူ သင့်နမူနာအတိုင်း ညွှတ်ကိုင်းလာ ချေမည်။

သင်က ငရုတ်သီးမို့ သတ္တိပြနေသော် သူကလည်း ရေခဲသတ္တိ အပြည့် ပြနေမည်သာ။

www.dhammaransi.com

## ၃၆။ ပေးကမ်း

ပေးခြင်းသည် တစ်ဖက်မှတစ်ဖက်သို့ လက်ပြောင်းရသည်ချည်းဖြစ်ရာ ဤမှာဘက်ကမ်းမှသည် ဟိုမှာဘက်ကမ်းသို့ ကူးတက်ခြင်း၏ သင်္ကေတတည်း။

အပေးသည် အကောင်းပေး အဆိုးပေးအားဖြင့် နှစ်စား၊ ကြိုက်ပေး မုန်းပေးအားဖြင့်လည်း နှစ်စားရှိရာ စင်စစ် တစ်ဖက်ကမ်းသို့ အပေါက်တောက်လျှောက်ရောက်နိုင်ခြင်းသည် အကောင်းပေးတစ်မျိုးတည်းသာ ရှိ၏။ သို့ကြောင့် ပေးကမ်းဟူသောစကား အခြားတို့နှင့် မဆိုင်ပြီ။

အယူသည်လည်း အကောင်းယူ အဆိုးယူအားဖြင့် နှစ်စား၊ ကြိုက်ယူ တိုက်ယူအားဖြင့်လည်း နှစ်စားပင်ရှိချေရာ စင်စစ် တစ်ဖက်ကမ်းသို့ မချို့တောက်လျှောက်ပို့နိုင်ခြင်းသည် အကောင်းယူတစ်မျိုးတည်းမျှသာ။ သို့ကြောင့် ရယူဟူသောစကား အခြားတို့နှင့် မသက်ဆိုင်ပြီ။

လူတို့သည် သဘောတူ အယူသင့်က အဆိုးကိုလည်း လက်ခံ၏။ အကြိုက်ကိုလည်း ဆက်ဆံ၏။ အရက်သမား အရက်သမားအချင်းချင်းတို့၏ အပေးအယူကိုကြည့် သိနိုင်တော့သည်သာ။

www.dhammaransi.com

အကယ်တိတိ ပေးသူက အမှန်းဖြင့် အမှန်းဝတ္ထုကိုပေးသည်ကို တစ်ဖက်က လက်ခံရာ၌ကား ဝတ္ထုချင်း အပေးအယူအစား ရန်ချင်းပေးယူကစားကြတော့မည်ဖြစ်ရာ ကမ်းမဆိုက် အလယ်၌ပင် နစ်ချေမည်။

တစ်ဖက်က ရန်စရိုက်နှက်သဖြင့် တစ်ဖက်က တုံ့ပြန်သည်ကိုကြည့် သိနိုင်တော့သည်သာ။

အကောင်းပေးအကောင်းယူကား ဒါနဖြင့် တစ်ဖက်သို့ ရက်ရောစွာပေးခြင်း၊ သီလဖြင့် တစ်ဖက်၏အပေးကို လက်ခံခြင်းများ၌သာ ရှိတတ်ရာ ယင်းသည်သာ သံသရာတစ်ဖက်ကမ်း တက်လှမ်းခြင်း၏ အရာဝင်ချေသည်။

ထို အကောင်းပေး အကောင်းယူသော်မှ အပျော်ဖက် အမျှော်ဝင် မတော်အမြင်ဖြင့် ပေးခဲ့သော်၊ သတိမစိုက် မိတ်လိုက် အမိုက်ကဲ ခပ်သဲသဲဖြင့် ပေးခဲ့သော် ကမ်းသို့မတင် သောင်ပြင်၌ပင် သောင်တင်တတ်လှချေသည်။

အို… လူ့ဘုံဖွား လောကီသားတို့…

သင်တို့၏အပေးကို အထက်ပါလေးချက်တို့ဖြင့် ရွေးစီစစ်ကြပါကုန်။

အကယ်တိတိ သင်တို့၏ လက်ကမ်းသောအပေးသည် အကြိုက်ပေး အမုန်းပေး အဆိုးပေး သုံးမျိုးတို့နှင့် မကင်းမရှင်းသော် အပေးသည် အကမ်းသို့ မသက် ကိုယ့်စေတနာဘက် တစ်ဖန်ပြန်ထွက်လာစေပြီး မယူဒုက္ခ ယူဒုက္ခဖြင့် လူရပ်ပင် မလှဖြစ်ကြရတော့မည်ဟုရို့။

www.dhammaransi.com

## ၃၇။ ချမ်းသာ

အပူမသမ်း လူကို အချမ်းသာစေခြင်းသည် ချမ်းသာ။

မပင်မပမ်း ကိုယ်စိတ်တို့ အချမ်းသာစေခြင်းသည်လည်း ချမ်းသာ။

လူတို့တွင် အချို့ကား တစ်ဖက်သို့ အကြိုက်ပေးလျက်က ဖျက်ဆီးပစ်လေ့ရှိ၏။ အချို့ကား တစ်ဖက်သို့ အကြိုက်မပေးဘဲလျက်က ဖျက်ဆီးပစ်လေ့ရှိ၏။

အကြိုက်ပေးသမားကား သူ့ထံရှိ ကိုယ့်အကြိုက်ရလိုသဖြင့် ကိုယ့်ထံရှိ သူ့အကြိုက်ဖြင့် မျှား ဖြားယောင်းဖျက်ဆီးမှုကြီးတည်း။

အကြိုက်မပေးသမားကား သူ့ထံရှိအကြိုက်ကိုလည်း နှိုက်မစားလို၊ ကိုယ့်ထံရှိ အကြိုက်ကိုလည်း အလိုက်မပေးလိုသူတည်း။ သို့ကြောင့် တစ်ဦးကား တစ်ဖက်သို့ ကောင်းကောင်းပေး တူးဖြိုပစ်နေပြီး၊ နောက်တစ်ဦးကား မကောင်းတရောင်း တူးဖြိုပစ်နေခြင်းပင်။

ထိုတွင် လူသားတိုင်းလူသားတိုင်းပင် တရိရိနှင့် မသိမသာ ပျက်စီးနေသော သို့မဟုတ် ပျက်သွားမှန်းမသိ တတိတတိနှင့် ပျက်စီးလျက်ရှိသော အကြိုက်ပေးဖျက်ဆီးခံရမှုကြီးကိုပင် လက်ခံကြိုဆိုလျက်ကသာ ရှိဘိ၏။

**ဗောဓိမြိုင်စာစဉ်**

www.dhammaransi.com



အရသာရှိသည်ဟု အသိအမှတ်ပြုလိုဘိ၏။ ၎င်းကိုပင် ပါဠိလို သုခ မြန်မာလို အချမ်းသာသည်ဟု အဆိုပြုရ၏။

အကောင်းကို လိုလားမျှော်စောင့်လျက်ရှိသော လူသားတိုင်း အကြိုက်လည်းမကျ အလိုက်လည်း မရသော မကောင်းတရောင်း တူးဖြိုခံရမှုကြီးကိုကား မည်သည့်ကာလမျှ လက်သင့်မခံလို။

သို့တစေလည်း အကောင်းသည် အဆိုးကြားမှပင် ရှာဖွေထုတ်လုပ်ယူရမည်ကတစ်ကြောင်း၊ အကောင်းသည် အဆိုးနှင့်တွဲဖက်ခံစားမှ အရသာပေါ်လွင်သည်ကတစ်ကြောင်း၊ အကောင်းသည်ပင် အဆိုးကိုပြုပြင်၍ တီထွင်ထားသော အတုဖြစ်သည်ကတစ်ကြောင်း၊ ဤသုံးချက်တို့ကြောင့် ဝက်သားဟင်းကောင်းခြင်းကြီးအထင်ဖြင့် တွင်တွင်ကြီး ဝါးမျိုမိလေရာ နောက်တစ်နေ့နံနက်မှာ စအိုဝမှ အပုပ်နံ့ ပြလာသည့်ပမာ အဆိုးဒုက္ခသို့သာ မုချထိုးဆင်းသွားရတော့သည်သာ။

ကာမဘုံဖွား လောကီသားတို့...

သင်တို့သည် ကြိုက်၍ ကောင်းသော ကြိုက်ကောင်းကြီးကို တကယ့်အကောင်းထင်ကာ မြင်မြင်ကရာ လိုက်စား၍နေကြပါသော် လူ့ဘဝ၏အချမ်းသာဆုံးလသည် ပြာသိုလပဲဟူ၍သာ စာတင်ကာ ကမ္ဘည်းထိုး လမ်းဆုံဝယ် ဓောက်ထိုးဆွဲထားကြရလိမ့်မည်ဟရို့။

www.dhammaransi.com

## ၃၈။ ဘက်လိုက်

အမြင့်မတူရာ နှစ်ဖက် တစ်ဖက်ဖက်သို့ လိုက်ပါခြင်းသည် ဘက်လိုက်။

အလိုမတူရာနှစ်ဖက် တစ်ဖက်ဖက်သို့ လိုက်ပါခြင်းသည်လည်း ဘက်လိုက်ပင်။

လူနှစ်ဦးချင်း ပက်ပင်းတွေ့ကြလေသော် တစ်ဦးက အရှေ့ဖက်ကနေသော် အနောက်ဖက် မျက်နှာမူရမည်။ တစ်ဦးက အနောက်ဖက်ကနေသော် အရှေ့ဖက် မျက်နှာမူမည်ကား မလွဲပြီ။

အကယ်တိတိ အထက်နှင့်အောက် ဖြစ်နေခဲ့သော် အထက်သည် အောက်ဖက်မျက်နှာပေး၍ အောက်နေသူကား အထက်ဖက်သို့ မျက်နှာပေး၍ နေရမည်။

ထိုသို့ ဘက်မတူသော် အမြင်ချင်းလည်း မတူရကား တစ်ဖက်ဖက် မပူးပေါင်းလျှင် တဖောင်းစေးနှင့် မျက်ချေးပမာ တကျက်ကျက်ချည်းသာ။

သို့ကြောင့် မိဘနှင့်သားသမီး ဖြစ်နေခဲ့သော် မိဘတို့ဘက်သို့ သားသမီးက လိုက်ရမည် ဖြစ်ပါက ထိုသားသမီးတက်ရန်ကား သေချာသည်။ ပျက်ရန်ကား မသေချာ။

အကယ်တိတိ သားသမီးတို့ဘက် မိဘများက လိုက်ရပါသော်ကား ထိုသားသမီးများ တက်ရန်ကားမသေချာ၊ ပျက်ရန်ကား သေချာလှချေသည်။

**ဟောဝိမြိုင်စာစဉ်**

www.dhammaransi.com



သားသမီးတို့၏ဘဝသည် မိဘတို့လောက် အတွေ့အကြုံ မရင့်ကျက်ရကား စိတ်အလိုလိုက် အကြိုက်နောက်ပါ သူတကာမြူရာမြောက်ရာနောက် ကောက်ကောက်ကြီး ပါသွားတော့မည် ဖြစ်သောကြောင့်။

သည့်အတူ ဉာဏ်အမြင် မကျယ်သေးသော တပည့်ဘက် ဆရာက ဆင်းသွတ်ပေးရသော်၊ ကိုယ့်ဖို့သာသိသော မယားဘက် လင်က စီးပွားရေး ဝကွက်၍ ထားပေးနေရသော် ပညာရည်မထက် စီးပွားလည်း မတက် အရှက်ရဖို့သာ ရှိချေသည်။

တပည့်သည်ပညာကိုမလေးစား၊ ခင်ရာကိုသာ အရေးထားတတ်သည်။

မယားသည် မိတ်ကောင်းမို့လည်း မညှာ စိတ်ကောင်းလည်း မသဒ္ဒါတတ်။

အချစ်သည် အလိုသို့ လားတတ်သောသဘောရှိ၏။ အချစ်ဉာဏ်ပြေ မဆည်နိုင်သူတို့ ကာမ၏ လိမ်သယ်သယ်ရာနောက် ကောက်ကောက်ခါခါ ပါသွားမိချေသော်...

မိဘတို့၏ အချစ်ချိန်ခွင်လျှာ သားသမီးတို့ဘက်သာ လျှာထုတ်ပြတတ်လှပါ၏။ ဆရာလင်တို့၏ လျှာသည်လည်း တပည့်မယားအရိုမျှားရာ ဘက်သို့သာ။

အို... ကာမကြီးစား လောကီသားတို့...

သင်တို့သည်လည်း ဘက်နှစ်ဘက် အထက်နှင့်အောက် အရှေ့နှင့် အနောက် ပက်ပင်းရောက်ခဲ့သော်... အထက်သို့ဇော့ အရှေ့ကိုလျှင် မွေ့ကြမည်လော။

သို့တည်းမဟုတ် အောက်ကိုငုံ့၍ အနောက်သို့ပင် ကြုံ့ကြမည်လော။

မတွေ့သေး ရွေးထား တွေ့နေလျှင် ရွေးစားကြပါလေကုန်။

www.dhammaransi.com

## ၃၉။ မလိမ့်တပတ်

ကျွမ်းပြန်တစ်လိမ့် ကိုယ်လိမ့်ခြင်းကား မရှိ၊ သို့သော် လူ့ဥကွောင်းကား တစ်ပတ်တော့ ပတ်မိသွားပြီ။

လူသည် ဒိုးမဟုတ်။ သို့ကြောင့် လူကို ဒိုးတစ်လုံးကဲ့သို့ လှိမ့်၍ ရမည်ကား မဟုတ်ချေ။

လူသည် ရင်တသိမ့်သိမ့်သော စိတ်ညိမ့်ကိုကား ကြိုက်၏။ သို့ကြောင့် စိတ်ချင်းထိုး၍ ဒိုးကဲ့သို့လှိမ့်က ရတတ်သည်။

လူသည် လူကဲ့သို့ စိတ်မသန့် ဟိုဟိုသည်သည် ပျံ့နေခဲ့ချေသော် ဝန်းကျင်ရှိ လည်သောလူသည် ထိုသူ့အား လျှော်ကဲ့သို့ လိမ်ကျစ်တော့မည်။

လူသည် လူဖြစ်ပါလျက်က ကြက်ကဲ့သို့ ချေးကျရာ ပျော်နေချေသော်... ဝန်းကျင်ရှိ ရောင်းတတ်သောလူသည် ထိုသူ့အား ချိန်ခွင်မပြဘဲ ရောင်းချပစ်လိမ့်မည်။

ထို အလိမ်ခံ အရောင်းခံ၏စိတ်သည် လိမ်တတ် ရောင်းတတ်သူ၏ အလိုနောက် အလိုလို ရောက်သွားတော့ရာ ကိုယ့်စိတ်ကိုဖယ် သူ့စိတ်တိုင်းကျ လည်ပါသွားတော့သည်။ သို့မဟုတ် စိတ်ထားရာကျောင်း ဥကွောင်းလောက်တော့ လည်ပါသွားစရာ ရှိသည်။

www.dhammaransi.com



ထိုသို့ ကိုယ်၌မတည် သူ့ဆီသို့ စိတ်လည်သွားစေခြင်းသည် မဟုတ်ကို အဟုတ်လုပ်ကာ အတည်ပေါက်ဖြင့် အယုံသွင်းခံရရာမှ စတင်၏။

ထိုသူ မယုံသေးက ဇဝေဇဝါဖြင့် တွေနေဦးမည်။ အယုံသွင်းကို ရှင်းရှင်းကြီး လက်ခံမိလေသောအခါ မျက်လုံးသည်လည်း သူ့ဘက်သို့ လည်ပါသွားချေပြီ။ ထို့နောက် ဥက္ကောင်း၊ ထို့နောက် ကိုယ်တစောင်း။

တစ်ဖန် ထိုတစောင်းနှင့်မကောင်းသေး နောက်တစ်စောင်းပြောင်းပေးမိသော် ရပ်လျှက်က တစ်ပတ်လည် မကျေနပ် လျောင်းလျှက်ကပင် တစ်ပတ်လည်တော့မည်။

ထိုသို့ ပတ်လည်လည်ပေးရလေတိုင်း စီးပွားရေးနယ်ပယ်၌လည်း ကိုယ့်ဟာသူ့ဟာဖြစ် သူပိုင်အစစ် ဖြစ်သွားပြီ။ နိုင်ငံရေးနယ်ပယ်၌လည်း ကိုယ့်ဟာသူ့ဟာဖြစ် သူပိုင်အစစ် ဖြစ်သွားပြီ။ အိမ်ထောင်ရေးနယ်ပယ်၌လည်း ကိုယ့်ဟာသူ့ဟာဖြစ် သူပိုင်အစစ် ဖြစ်သွားပြီ။

ဤနည်းဖြင့်ပင် လူလည်တို့ အလည်လူကို လှိမ့်၍ ငြိမ့်နေပါချေပြီ။ ဖောက်ပြားနေသော ယနေ့လောကသားများအတွင်း ဤနည်းကား ကြီးပြင်းနေပါပြီ။

ကာမဘုံဖွား လောကီသားတို့...

သင်တို့သည် ကာမဂုဏ်ရမ္မက်ဒိုးကြီးဖြင့် လှိမ့်နေသလော သို့တည်းမဟုတ် လိမ့်နေသလော။

သင်တို့သည် တစ်ဖက်နှိမ့်လျက်က လှိမ့်လေတိုင်းလည်းကောင်း တစ်ဖက်ငြိမ့်လျက်က လိမ့်လေတိုင်းလည်းကောင်း နိမ့်ခြင်းမြင့်ခြင်း ထိုနှစ်ခင်းတို့၏ ကစားခြင်းကို ခံရတော့မည်ဖြစ်ရာ မျက်နှာကား ငိုမရ ရယ်မရပုံစံမျိုးမျှသာ။

www.dhammaransi.com

## ၄၀။ မတော်မတရား

မတော်ဘဲလျှက်က ဖော်စားက ယင်းလုပ်ရပ်သည် မတရား။

တော်သဖြင့် ဖော်စားလျှင်ကား မခံလည်းတရား ခံလည်း တရား တော့သည်သာ။

လူ့လောကထဲတွင် အချို့ကား မိတ်အဖြစ်ဖြင့် တော်၏။ အချို့ကား ဆွေအဖြစ်မျိုးအဖြစ်ဖြင့် တော်၏။ အချို့မှာမူကား လင်အဖြစ် မယားအဖြစ် ဖြင့်ပင် တော်ကြသေး၏။

တော်လျှင်စပ်... စပ်,ကပ်မည်သာ။

ထိုသို့ အချင်းချင်း စပ်မိကပ်မိနေစဉ်ကာလ မိတ်တော်ဖြစ်က ပြင်ပ ပစ္စည်းများကို ပေးရစားရ၏။ ဆွေမျိုးတော်ဖြစ်က ပြင်ပပစ္စည်းမျှမက အရေး ကြုံသော် ရွှေငွေစသည် အိမ်တွင်းပစ္စည်းများပါ ပေးကြစားကြလေ၏။

ထိုသို့ ပေးရာစားရာ၌ ရံတစ်ခါ သဘောတူသည်လည်း ရှိ၏။ ရံ တစ်ခါ၌ကား သဘောမတူချေ။ မည်သို့ပင် သဘောမတူပါသော်လည်း အများက တော်သည်ဟု အသိအမှတ်ပြုခံထားကြရကား ဖော်စားစား ခေါ် စားစား လျော်စားစား တရားတော့သည်သာ။

www.dhammaransi.com



သားသည် မိဘထံမှ ငွေတစ်သောင်း ယူငင်သုံးစွဲ၏။ သို့သော် အချိန်ကျသော်လည်း ပြန်လည်မပေးနိုင်။ မည်သို့ပင် မပေးသော်ငြားလည်း သားတော်နေရကား တရားနေသောကြောင့် ရုံးစွဲ တရားစွဲသည် မရှိချေ။

အကယ်တိတိ မည်သည့်ဘက်ဖြင့် မတော်သူတစ်ဦးက ထိုသို့ချေးငှားပြီး မပေးဘဲ နေငြားသော် မတရားလုပ်ရာရောက်သဖြင့် ရုံးစွဲတရားစွဲခံရချိမ့်မည်။

မည်သို့ပင်ရှိစေ တော်...မတော် နှစ်မျိုးစလုံးပင် နှစ်ဦးနှစ်ဖက် ကိုယ်စိတ်လည်းချမ်းသာ အကျိုးလည်း ပါ အဖြိုးလည်း မကွာပါမှသာ တရားသည် ဆိုရချေမည်။ ထိုမှလွဲက မတရားတော့သည်သာ။ စေတနာသည် နေရာတကာ လိုက်လံစုံစမ်းလျက်က အရေးယူနေသောကြောင့်။

သည်ဘဝ မယားကလင်ကို လိုသည်ထက်ပိုတောင်းတောင်းထားသော် နောက်ဘဝ လင်က မယားကို လိုသေးလိုသေးဖြင့် အပိုကြေးတောင်းလိမ့်မည်။

ယနေ့ မယားနိုင်လင်ရှုံး လင်နိုင်မယားရှုံး နှစ်တွဲစလုံးတို့ပင် နောက်နောင်က စေတနာ၏ တန်ပြန်များပင် ဖြစ်ချေသည်။

ယနေ့ သူပြုရာကိုယ်နှ ကိုယ်ပြုရာသူနှ ထိုနှစ်ခုစလုံးတို့လည်း နောက်နောင်က စေတနာ၏ စီရင်ချက်များပင် ဖြစ်ချေသည်။

၎င်းနှစ်တွဲစလုံး တော်မတရားများ၏ ရုပ်လုံးတည်း။

ကာမဘုံဖွား လောကီသားတို့...

အကြိုက်ထား အနိုင်ကျင့် အမုန်းပါအနိုင်ကျင့် မတော်မတရားအဆင့် မကျင့်မဝင်မိကြပါစေကုန်လင့်။ ကျင့်မိသော်နှင့် ပြီးသော်အင့်ဖို့သေချာသည်။

www.dhammaransi.com

## ၄၁။ အနှောင့်အယှက်

အလုပ်ချင်း စပ်ယှက်နေသော် အကြံတူရန်သူဖြစ်နေတော့ရကား အနှောင့်ထား အတားပေါ်တော့ရာ သွားတိုင်းလျှင် ခရီးမသွက် တက်ဟန် ပြင် အင်၍နေတတ်သည်။

လူ့လောကထဲဝယ် စီးပွားရေးဘက် လူမှုရေးဘက် နိုင်ငံရေးဘက်မှ သည် ရည်းစားရေးဘက်အထိပင် တစ်ကွက်သို့နှစ်လက် အပြိုင်လုရာတိုင်း တစ်လက်သို့ရောက် နောက်တစ်လက်က နှောက်တတ်သည်။ ထိုတစ်ကွက် သည် နှစ်ဖက်စလုံးနှင့်ပင် ပတ်သက်နေသောကြောင့်။

ထိုအနှောက်ကို အသွားဘက်မှ တိုးဝင်သော် မိမိသို့ပင် ထိမည် ယှမည်ဖြစ်သောကြောင့်။ မည်သည့်အရာ၌မဆို နောက်ကွယ်တည်းဟူသော အနှောင့်မှပင် စပ်ယှက်သောအားဖြင့် တားတတ်သည်။ ခြေပုန်းခုတ်ခြင်း ဆိုက မမှားပြီ။

အလိုသည်မိမိသို့ လားနေသမျှ ကျန်တစ်ဖက်သို့ မလားချေ။ ထို တစ်ဖက်သား သွားသည်ကို မလိုလားခြင်းကပင် အနှောင့်အယှက်ပေးနေ ခြင်းတည်း။

www.dhammaransi.com



အချင်းချင်း တန်းတူမှာထား မရှု့စားနိုင်သမျှ... ကိုယ့်ထက်သာက မသဒ္ဓါမကြည်ဖြူ မျက်နှာစူစူဖြင့် ငြူစူတတ်လှသည်။ ကိုယ့်အောက်ဖြစ်က တန်းတူမှာစိုး မုန်းငြိုးငြိုးဖြင့် မတိုးသာအောင် နှောင့်ယှက်မည်။ တန်းတူတွေ့က ခြသေ့်နှစ်ကောင် ဂူတစ်လုံး ငါသာလျှင်သုံးအံ့ဖြင့် အဟန့်ဝင်တတ်သည်။ ဝမ်းသာခြင်း သနားခြင်း မျှတခြင်းများ ကင်းဝေးနေရှာမည်။

မိမိက ထိုသို့သဘောထားလျှင် တစ်ဖက်ကလည်း အသွားတစ်တိုင် ဆန် အပြန်တစ်တိုင်ထုံးဖြင့် မိမိဘက်သို့လည်း ထိုသို့သာ သဘောထားရှိချေမည်။

ဘောသင်းနှစ်သင်းတို့သည် တစ်ဖက်က ဂိုးသွင်းရန်ဖန်လျှင် တစ်ဖက်ကလည်း ခုခံဟန့်တားထားချေသည်။ တစ်ဖန် ကျန်တစ်ဖက်က ဤသို့လျှင် ဂိုးရရန် ဖန်သော် ဤမှာဘက်ကလည်း အားကျမခံ ထိုနည်းလည်းကောင်းပင် တန်ပြန်မည်။

သူရလိုသော ဂိုး သူ့စွမ်းသလို ကြိုးစားပါစေ။ ဤသို့သောသဘောထားနှင့် နှစ်ဖက်စလုံးကပင် လုံးဝမထားတတ်ကြပြီ။

သို့ကြောင့်ပင် နှစ်သင်းစလုံး ခွင့်ပြုချိန်အပိုင်းအတွင်း ရသင့်သလောက် မရခြင်းတည်း။

ကာမဘုံဖွား လောကီသားအပေါင်းတို့...

စပ်ယှက်တိုင်း မနှောင့် အောင့်၍သာ ကြည့်တတ်ကြပါစေကုန်။

သည်သို့သာ သူစပ်ယှက်ရာ ကိုယ်မနှောင့် အောင့်၍စောင့်ပေးတတ်ပါသော် ကိုယ်စပ်ယှက်ခွင့်ရရာ အလှည့်မှာလည်း သူ့ဘာသာ အောင့် စောင့်ပေးပါတော့မည်။

သူ့အလှည့်ကိုယ်ဖြည့်က ကိုယ့်အလှည့် သူ သိတတ်မည်မှာ ဓမ္မတာပင်မဟုတ်လော။

www.dhammaransi.com

## ၄၂။ မှန်ကန်

မှန်သည် ရောင်ပြန်သတ္တိဖြင့် ဘက်ကန်တတ်ချေရာ မှန်မကြည့်နှင့် သင့်အရှိ အတည်ပြုလိမ့်မည် မဟုတ်ချေ။ သင်က တောင်သို့ မျက်နှာမူကြည့်လျှင် သူက မြောက်သို့ မျက်နှာမူပြမည်။

လူတို့တွင်လည်း အရွယ်အားဖြင့်လည်း အကြီးအငယ်ရှိတတ်သည်။ ရာထူးဌာနန္တရအားဖြင့်လည်း အကြီးအငယ်ဟူ၍ပင် ရှိတတ်သည်။

ထိုတွင် အကြီးသည် မိမိရောက်ရှိနေရာ အရွယ်ရာထူးအဆင့်များမှနေ၍ မိမိအတွေးအခေါ်ဖြင့် အမှန်မြင် အမှန်သိအတိုင်း အငယ်သို့ မဆုံးမသင့်။

ဆုံးမသော် ထိုအငယ်ကလည်း ၎င်းရောက်ရှိနေရာမှသိသော အမြင်အသိတို့ဖြင့် မိမိအား တစ်ဖန် ဘက်ကန်မည်မှာ သေချာသည်။

သို့ကြောင့် အကြီးက အငယ်သို့ ဆုံးမလိုသော် အငယ်သည် မိမိလည်း ထိုအရွယ် ထိုအဆင့်မျိုးရောက်ပါက သည်သို့သာ ဆုံးမပေးရာ၏။ အချင့်ဖြင့် အသင့် နှလုံးသွင်းတတ်ကြရာသည်။ အကြီးကလည်း မိမိ ထိုအရွယ် ထိုအဆင့်တုန်းကထုံး နှလုံးမူရာသည်။

www.dhammaransi.com



အကြီးဖြစ်သော်ငုံ့ကြည့် အငယ်ဖြစ်ကမော့ကြည့်တတ်ရန်တည်း။

၆ ပေတန်းရှိ မျက်လုံးသည် မြင်ရာသို့မှန်း လှမ်းကြည့်သော် ၆ ပေခဏ်းအထိ မြင်သိနိုင်စွမ်း ရှိသည်။

၃ ပေတန်းရှိ မျက်လုံးသည်ကား သူမြင်ရာမှန်း လှမ်းကြည့်သော် ၃ ပေခဏ်းမျှသာ မြင်သိနိုင်ရာသည်။

ကြီးငယ်ကွဲပြားသော လောကသားအပေါင်းတို့...

သင်တို့သည် သူသည် ငါမြင်သလောက် မမြင်ရကောင်းလားဟူ၍ ဇောင်းမထကြပါကုန်လင့်။ ဇောင်းထသော် ဇောင်းချခံရသဖြင့် ခေါင်းမလှ ကိုယ်မလှ ဖြစ်တတ်သည်။

သူသည် ငါမဟုတ်သည်ကို သတိကြပ်ကြပ်ထား စဉ်းစားကြပါကုန်။

အကယ်တိတိ သူသည် ငါ ဖြစ်နေခဲ့သော်လည်းကောင်း၊ ငါသည် သူ ဖြစ်နေခဲ့သော်လည်းကောင်း၊ လောကဝယ် ငါမရှိ သူမရှိ ယောကျ်ားမရှိ မိန်းမမရှိဖြင့်လည်းကောင်း၊ တစ်ဖန် လူမရှိ နတ်မရှိ ခွေးမရှိ ဝက်မရှိဖြင့်လည်း ကောင်း၊ မရှိသော အရှိတို့ချည်း ဖြစ်သွားကြတော့မည်ဟရို့။

www.dhammaransi.com

## ၄၃။ ကြီးပြင်း

အကောင်ကြီးသည် အကောင်သေးထက် အင်အားပြင်းထန်မည်။

ကိလေသာကာမဂုဏ် ခံစားမှုအင်အားသည်လည်း အကောင်ကြီးလေ ပြင်းထန်လေဆိုသည်ကား မည်သို့မျှ ငြင်းကွယ်မရချေ။

ဆင်သည် ဆိတ်ထက် အစားလည်းကြီး အားလည်း ကြီး၏။ သို့ကြောင့် ဆင်တစ်ကောင် ဆိတ်အကောင်တစ်ရာမျှအထိ ခွန်အား ပြင်းထန်သည်။

နွားသည် ကျွဲလောက် အစားလည်းမကြီး အားလည်း မကြီးတတ်။ သို့ကြောင့် နွားတစ်ရှဉ်း ကျွဲတစ်ကောင်ပမာ ကျွဲက အားပြင်းထန်ပါသည်။

သို့သော် ကာမအား၌ကား ကျွဲသိုးက နွားသိုးမမီတော့သည့်ပမာ၊ ဆင်ပေါက်ကလည်း ဆိတ်သိုးလောက် ကာမလျှော့စီး အားမကြီး ကြိတ်နှုန်းကား နည်းနည်းသာ။

တစ်ဖန် ဆင်သည် တိရစ္ဆာန်တို့တွင် အကောင်ကြီးအားထန်ဖြစ်သော်မှ လည်း မေ့တတ်သောသဘာဝကို ဆောင်ထားသူဖြစ်ချေရာ အယုတ်တရားများ ဖြစ်ကြလေသော မာန ဒေါသစသည် စိတ်ဓာတ်ပြင်းမှု၌ကား ပရွက်ဆိတ်ကို မမီတတ်။ ပရွက်ဆိတ်၏ မာနဒေါသအားကြီးပြင်းထန်မှုသည် ဆင်ကောင်ကြီးကိုလည်းတု၊ ဆင်ပြောင်ကြီးကိုလည်း တု၊ ဆင်တောင်ကြီးရှိသော်မှ တုဦးမည်။

www.dhammaransi.com



ထိုအချင်းအရာတို့ကို ထောက်ဆလျက်က ကြီးတိုင်းလည်း မပြင်း ပြင်းတိုင်းလည်း မကြီးဟူ၍ မှတ်ချက်ချရမည်။

တစ်ဖန် ထိုကြီးပြင်းခြင်းသည် ရုပ်ဓာတ်စိတ်ဓာတ် နှစ်ရပ်စလုံးနှင့်ပင် ပတ်သက်နေရာ ရုပ်ကြီး၍ စိတ်အားနည်း စိတ်ကြီးပြီး ရုပ်အားနည်း ရုပ်ကြီး၍ စိတ်အားကြီး စိတ်လည်းကြီး ရုပ်လည်းကြီး အသီးသီး ရှိသေးသည်။

ကလေးငယ်ငယ်က စိတ်ကြီးသည်လည်း ရှိ၏။ လူကြီးလာကာမှ စိတ်ဓာတ်ပါ ပြင်းထန်လာသည်လည်း ရှိ၏။ လူကြီးလာသော်မှလည်း ကိလေသာနှင့် တွဲဖက် စိတ်ဓာတ်၏ ခက်ထန်ခြင်း ကင်းသည်လည်း ရှိသေး၏။

အများစုကား လူကြီးက ကာမစိတ် ပြင်းထန်လာတတ်ကြသည်သာ။ အိုးစားကြီးက ခိုးစားကြီးလည်း ဖြစ်လာတတ်ကြသည်သာ။ ရာထူးကြီးက နှာဘူးကြီးလည်း ဖြစ်လာတတ်ကြသည်သာ။

ကာမဘုံဖွား လောကီသားအပေါင်းတို့...

သင်တို့သည်လည်း ဘာကြီး၍ ဘာတွေ ဘာတွေ ပြင်းထန်နေကြပါသနည်း။

လူကြီးခြင်းဖြင့် ဓမ္မစိတ် ပြင်းထန်နေက တော်သေးဆိုရမည်။

www.dhammaransi.com

## ၄၄။ ပျင်းပျင်းရိရိ

အပူလွန်အရည်ထွက် ပျင်းတွဲတွဲ ဖြစ်လာက နွမ်းရိညှိုးချောက်ဖို့ သေချာသည်။

လူပျင်းကိုကြည့်က မျက်နှာပျစ်ချွဲ ကိုယ်ပျင်းတွဲတွဲ တွေ့ရမည်။

ခွေးပျင်းကိုကြည့်က ကိုယ်ပါပစ်လှဲ ခွေလျက်လဲနေသည်ကို တွေ့ရမည်။

သစ်ပင်ပျင်းကိုကြည့်က အပွေးခြောက်မွဲ အရိုးအရွက် ကျဲကျဲသာ တွေ့ရမည်။

စင်စစ် ပျင်းခြင်းသည် အတွင်းနေ အပူဓာတ်လွန်ကဲခြင်းကြောင့်လည်းကောင်း ခြင်ဆီများ ယိုထွက်လာရာမှ ခုခံအား ကျဆင်းခြင်းကြောင့် လည်းကောင်းပင်။

အချို့ကား ခန္ဓာကိုယ်အသုံးချ ကြမ်းတမ်းရာမှ ခြင်ဆီများ လျော့ပါးသွားတော့ကာ ခြေမသယ်ချင် လက်မသယ်ချင် ပျင်းတွဲတွဲအမူရာ ဝင်လာခြင်းပင်။

ယင်း ပျင်းရိမှုသည် လောကကိုလည်း အကျိုးမပြု၊ ဓမ္မကိုလည်း အကျိုးမပြု၊ ဘာတစ်ခုမျှ အကျိုးပြုသည် မရှိချေ။

ပျင်းရိခြင်းသည် ဝီရိယကို နှောင့်ယှက်တတ်သောကြောင့်။ ဝီရိယကို စောင့်ကြို့ဖျက်ဆီးပစ်နေတတ်သူမှာ ပျင်းရိခြင်းသည်သာ။

www.dhammaransi.com



ဝိရိယကင်း ပျင်းရိစိတ်သွင်းထားလေသူမှာ အပျင်းသည် အပျော့ကို မွေးစား၍ အရိကား အညံ့ကို အကူခေါ်ထားတတ်လေသည်။

ဓားပျော့သည် အနှစ်ရှိသစ်ပင်ကို ပယ်ဖျင်ရာ၌ တာဝန်မယူနိုင်။

အားပျော့သည် အနှစ်ရှိ စီးပွားဥစ္စာရတနာသိုက်ကို နှိုက်ရာ၌ လက်မလိုက်။

ငါတို့မှီရာ ဤကမ္ဘာကြီးသည်ကား အဓမ္မရာဂ အဓမ္မဒေါသသမားကမ္ဘာစီးပွားရေးသမားကြီးများ၏ တူးဆွထိုးခုတ် ရေမြေတောတောင်ကြီးများကို ဖြုတ်ထုတ်သတ်လုပ်နေကြချေရာ...ဥတုသည် အအေးဓာတ်သက်မှ အပူဓာတ်သက်သို့ ရုတ်ချည်းပြောင်းလဲနေ၏။ အာဟာရသည်လည်း နူးညံ့ခြင်းမှ ကြမ်းတမ်းခြင်းသို့ ဒရကြမ်း ထိုးဆင်းနေ၏။

ထို ပြုပြင်ပြောင်းလဲခြင်းနှစ်ခုတို့၏ လက် ဝကွက်အပ်နှံထားကြရလေသော ကမ္ဘာသူကမ္ဘာသားများ၏ စိတ်ထားနှင့် ပြုကျင့်မှုများကလည်း တင်းမာနေပြီသာ။

စိတ်တင်းသည် စိတ်ပြင်းမှတစ်ဆင့် စိတ်ပျင်းစိတ်ဖျင်းတွင်းသို့ တစ်မဟုတ်ချင်း ထိုးဆင်းသွားတော့ရာ သက်သာမှုသို့သာ စောင့်စားနေပါသည်။ မစားဘဲလုပ်ခြင်းမှ မလုပ်ဘဲစားခြင်းသို့ မျှော်ကိုးရင်းက အကွက်ကောင်နေ့ပါသည်။

အကယ်တိတိ ကမ္ဘာ့တီထွင်ရှင်ကြီးများက မြန်ကောင်းသက်သာ စီမံကိန်းအရ အလိုအလျောက် ထမင်းစားစက်ကြီးများ တီထွင်ထုတ်လုပ်ခဲ့ချေသော်...

ငါတို့တတွေ လူသားတွေကား အမှာစာရေး၍ တစ်မျိုး၊ စရံပေးက တစ်ဖုံ ကြိုတင်ပေးက တစ်ဖြာဖြင့် သူ့ထက်ငါ အလုအယက်မှာကြားဝါးမျိုကြလေမည်လား မသိ။

www.dhammaransi.com

## ၄၅။ မြတ်နိုး

မြတ်သောသူ စိတ်မသိုး နိုးနိုးကြားကြားရှိချေသည်။

အမြတ်တွေ့ရနိုးနိုး ရှေ့သို့တိုး၍ ချိုးတတ်သည်။

အလေးပြုစရာနှင့်တွေ့ ဗွေခနဲလေး စေတနာမျိုး နိုးလာတတ်သည်။

လောကတွင်းရှိ လူသားတို့တွင် စီးပွားရေးဘက် အမြတ်စွန်းထွက်နေသူများ နိုင်ငံရေးဘက် အမြတ်စွန်းထွက်နေသူများ ပညာရေး အိမ်ထောင်ရေးစသည်တို့ဘက် အမြတ်စွန်းတက်နေကြသူများ အားလုံးလိုလိုပင် တက်ကြွခြင်းသတ္တိက နှိုးဆွနေတော့သဖြင့် နိုးထနေကြလေပြီ။

စိတ်ညှိုးကိုယ်ညှိုး မနိုးထသူမျိုးကား အလုပ်ကံခေ စိတ်လေစိတ်လွင့်သမားများလောက်မျှသာ။

တစ်ဖန် လောကုတ္တရာစီးပွားဘက် ခန္ဓာမြင် ဝိပဿနာဉာဏ်စဉ်များမှသည် မဂ်အကြား ဖိုလ်အကြား ချုပ်ပျောက်ငြိမ်းအေးမှုအလားအထိ သွားမိလာပြီးကြပါလေသော အရိယာဇာတ်သား ပုဂ္ဂိုလ်မြတ်အစားစားတို့ကား ကိုယ်လည်းမညှိုး စိတ်လည်းမညှိုး အိပ်စက်မှုလည်း မရှိ ပကတိ နိုးကြားနေကြတော့သည်သာ။

လောကီဘက်သားတို့အနိုးကား တဏှာမာန်နိုးကြား ကိလေသာ အခိုးထွားခြင်းတည်း။

**ဆောဝိမြိုင်တာစဉ်**

www.dhammaransi.com



လူဖြစ်လျက်က လူစစ်စာရင်းဘက် ဖဲ့ထွက်လိုသူတိုင်း တစ်နေ့တစ်နေ့ စီးပွားတက်လျှင်တက် စီးပွားမတက် ပညာတက်မှသာ လူ့ဘဝ၏ လူတန်ခိုး လူဖြစ်ကျိုးပြ သင်္ကေတ ထွန်းပပြချေမည်။ သို့မဟုတ်က လူ့ဘဝ တစ်လျှောက်လုံး မေမေ့ပျောက်ပျောက်နှင့် ဘဝကောင်းတစ်ခု ဆုံးရှုံးနစ်နာမည်။

မိဘတို့က အမွေပေးထားခဲ့သော ရွှေငွေဥစ္စာ ရတနာအနှစ်များကို လောင်းကစားအပျော်လိုက် စိတ်လေရာလိုက်ဖြင့် ဖြုန်းပစ်လိုက်သကဲ့သို့ပင် ရှိလိမ့်မည်။

ယနေ့ ကိုယ်စိတ်တို့၏အပမ်းကို အကြမ်းဖြင့်ကုစားလျက်ရှိသူတိုင်း မိမိ၏ လူ့ဘဝတန်ဖိုးကို တိုးသည်ထက်တိုးရန် မကြိုးစားကြလေဘဲ တစ်ပွဲတိုး ထုံးမန်းဖြင့်သာ အပမ်းဖြေမိနေကြရကား ရက်တိုးလေ အတက်ညှိုးလေ ဖြစ်တတ်လှချေသည်။ အကြမ်းတစ်ချက်မိ အဖမ်းတစ်ချက် တစ်ချက်ထိထိလာတတ်သောကြောင့် စက်ရုံကြီးသည် ထုတ်လုပ်မှုဘက်က မကြီးထွားသော်လည်း တန်ဖိုးကား တစ်နှစ်လျှင် တစ်နှစ်နှုန်းလိုက်လျက်က အလျှော့ချခံနေရပါသည်။ ထိုလုပ်ငန်း တန်းလန်းလန်းကြီးဖြင့်ပင် ဒေဝါလီ ခံရတော့မည် မှချတည်း။

ကာမဘုံဖွား လောကီသားတို့...

သင်တို့သည် နိုးကြားကြပါသလော။ သို့မဟုတ် အိပ်မှုန်စုန်မွှားလော။

နိုးကြားနေကြပါသည်ပဲ ထား... တဏှာမာန်၏ နိုးကြားခြင်းလော။ သို့မဟုတ် ပညာဉာဏ်တို့၏ နိုးကြားခြင်းလော။

အကယ်တိတိ ပညာဉာဏ်နိုးကြားက စိတ်တန်ခိုးသတ္တိများ ထွားကြလိမ့်မည်။

တဏှာမာန် နိုးကြားလေလျှင်ကား ယုံကြည်ရာမြတ်နိုး မြတ်နိုးက အကောင်းထင် တစောင်းဝင်တစောင်းပြင်နှင့်ပင် အချိန်ကုန်ကြရလိမ့်မည်ဟာရို။

www.dhammaransi.com

## ၄၆။ ထစ်ထစ်ခွခွ

သူတို့လက်သပ်မွေးထားသော အယုတ်တရားစုတို့တွင် တဏှာသည် ကလေးပမာ မြင်ရာရာ အမြဲပူဆာနေတတ်လှချေသည်။ မာနသည် အသာ တကြည် မရက ပြိုင်၊ ရသော် ကိုင်ပြတတ်လှချေသည်။

ဒိဋ္ဌိသည် ဘုံဆိုင်ကိုယ်ပိုင်လုပ်လျှက်က ရေတွက်ပေးနေတတ်လှ သည်။ ထိုသို့ ကြိုးစား ထိုသို့ပင် တိုးပွားလာလေရာတွင် ထိုရပစ္စည်းကို ဒိဋ္ဌိ က ထစ်ပေးခြင်း မာနကလဲ့ပေးခြင်း တဏှာက ခွထိုင်ခြင်းတို့ဖြင့် ဘုံဆိုင် ကိုယ်ပိုင်လုပ်နေခြင်း အလေ့ကျပေါက် ကိုယ်ပိုင်မြှောက် ကောက်ကိုင်ခြင်း များဖြင့် သတင်းထုတ်လွှင့်နေကြတော့ရှာ...

ယနေ့ သူတစ်ပါးသမီး ကိုယ်ပိုင်ဇနီး လုပ်နေခြင်းက သက်သေထူပြ နေပြီ။

သူတစ်ပါးတို့သား ကိုယ့်လင်သားဟူ၍ ပြောကြားနေခြင်းက ဇာတိ ပြနေပါပြီ။

လောဘသည် သွေးသားတို့ အထွက်တိုး၊ ဉာဉ်စရိုက်ဆိုးတို့၏ ထိုး ကျင့်မှု ခံရလေတိုင်း သူ့ချည်းမသက်သာ နီးစပ်ရာရာကို ပူဆာတတ်မြဲ

www.dhammaransi.com



ဖြစ်ရာ မာနသည်လည်း တဏှာ၏အငြိး နားငြီးမခံနိုင်လွန်းရကား သွေးဆိုးပူ အဆူရပ်ရေးအတွက် ရပ်တကာ ရွာတကျေး ခမဲပေး အရှာထွက်ရမြဲဖြစ်ရာ...

ဒိဋ္ဌိသည်လည်း မာနရှာရပစ္စည်း တစ်ရွေးသားမျှ မပျက်စီးရလေအောင် စိတ်မှာလည်းဆောင် ကိုယ်မှာလည်း စိုက်ဖြင့် သိမ်းပိုက်၍ချည်း ပေးနေချေရာ...

မြင်သမျှကြားသမျှ တစ်ဖက်ကျ အာရုံစုံ အကုန်လုံးကိုလျှင် မြင်တိုင်းသိ၊ သိတိုင်းဖြစ် ဖြစ်တိုင်းထစ်ဖြင့် ခွစီးစီးလျက်ကသာ ရှိချေသည်။

ငါမြင်သည် ငါကြားသည် ငါကိုယ်တိုင် နမ်းရစားရထိခဲ့ရသည် စကားသုံးက အားလုံးကိုလျှင် ငါပိုင်ဖြစ်ကြောင်း ကောင်းကောင်းကြီး ကြွေးကြော်နေချေပြီ။ တစ်ဖက်အဆင်းကို အတင်းပင် ခိုးယူဖမ်းစား အပိုင်ထားလိုက်ခြင်းတည်း။

တစ်ခါက ရွာတစ်ရွာဝယ် တောသားလူလည်တစ်ယောက်သည် တောတွင်းနေ ကန်ရိုးတစ်လျှောက် တုတ်တစ်ချောင်းထောက်လျက်က ရပ်စောင့်နေချေ၏။

ကန်ကြီးအတွင်း၌ကား တောဘဲတို့သဘာဝ အစုလိုက်အပြုံလိုက်ကျလျက်က ကျက်စားနေသည်သာ။

သို့စဉ် မြို့နေကုန်သည်တစ်ယောက် ထိုကန်ရိုးလျှောက်၍လာချေရာ ထို တောသားဘဲကျောင်းဟန်ဆောင်နှင့် ကန်ပေါင်ဝယ် ဆုံမိကြကာ စကားလက်ဆုံကျကြ၏။

"သည်ကမိတ်ဆွေကြီးက သည်မှာ ဘာလုပ်နေပါသလဲ"

"အိုဗျာ... ဘဲတစ်ကောင်မွေးမိရာက သည်လောက်ကြီးများ ဘဲကျောင်းသားလုပ်နေရတယ်လေ"

www.dhammaransi.com



"အို… တစ်ကောင်က တစ်ထောင်မျှ ပွားနေပါကလား"

"အေးဗျာ… ကျုပ်လဲ ပမ်းလှပြီ၊ ဒါတွေ လျှော့ဈေးနဲ့ ရောင်းပစ်ချင်နေတာ"

ထိုစဉ် ကုန်သည်ကား တစ်ထောင်ကောင် အချောင်ရတော့မဟဲ့ စိတ်ကူးဖြင့် အူနူးသွားတော့ရာ…

"သည်လိုဆို ဘယ်ဈေးရ ရောင်းမလဲ မိတ်ဆွေ"

"တစ်ကောင်နှစ်ကျပ်ခွဲ… ငါးရာရ ရောင်းမဗျား"

"နှစ်ရာ့အစိတ်ထားလိုက်ပေါ့ မိတ်ဆွေ…"

"အေးလေ… ကျုပ်က ရောင်းချင်နေတဲ့ဥစ္စာ၊ မိတ်ဆွေ ဆစ်ကြေးပေးရတာပေါ့"

ဤသို့ဖြင့် ငွေရ ဒုတ်ပေးဖြင့် ဘဲအုပ်ကို လက်ညှိုးထိုးကာ ငွေကို ယူပြီး ထွက်သွားတော့၏။ မြို့သားကား တောသားအပ်သွားသော တုတ်တစ်ချောင်းဖြင့်ပင် တောဘဲအုပ်ကြီး ကျောင်းနေရာ နေဝင်ကာနီးသွားပြီ။ သို့နှင့် ကန်တွင်းမှဘဲအုပ် ကုန်းပေါ်သို့ထုတ်မဟဲ့အကြံဖြင့် တုတ်မြှောက်လျက်က ခြောက်လှန့်လိုက်ချေရာ တောဘဲအုပ်ကြီးကား ဖြုန်းခနဲ ဝုန်းခနဲပင် ကောင်းကင်ထဲ ပျံတက်သွားကြလေပြီ၊ မြို့ကုန်သည် ကိုရွှေဘဲသိမ်းကား ပါးစပ်အဟောင်းသားနှင့်ကသာ။

ကာမဘုံဖွား လောကီသားတို့…

သင်တို့သည်လည်း အာရုံမြင်လေတိုင်း တစ်ခုမြင် တစ်ခုထစ်နှုန်းဖြင့် ခွစီးစီးနေကြသော်လည်း အချိန်ကုန်က အချည်းနှီးမျှသာ။

ငါ့ဇနီးကား သူ့သမီးငွေဖြင့်ဝယ်၍ ကျောင်းနေရခြင်း။

ငါ့သမီးကား သားမက်ထံ နှစ်ကျပ်ခွဲဖြင့်ရောင်းရန် ကျောင်းဟန်ဆောင်နေခြင်း။

သည့်အတူ ငါ့သား ငါ့လင်သား ငါ့ဥစ္စာ ငါ့ရတနာ အားလုံးတို့သည်

www.dhammaransi.com



လည်း ဘဲကျောင်းနည်းဖြစ်သော လွှဲကျောင်းနှင့် လွှဲပြောင်းရန်ချည်းမျှသာ။

ဤနည်းဖြင့်သာ အချိန်တို့ ကုန်လွန်သွားပါသော် သေရွာပြန် ဟန် မရ ဒုက္ခတစ်ချောင်းကိုင်ဘဝဖြင့် ပြန်ကြရမည်ဟာရို့။

www.dhammaransi.com

## ၄၇။ မျိုးရိုး

မျိုးသည် လမ်းရိုးအတိုင်းဖြင့် သဘာဝသတ္တိ ပြသလျက်ရှိသည်။

မျိုးသည် အညှောက်အပင် အခက်အလက်တို့တိုင် အရိုးကို ဖော်ထုတ်လျက် ရှိသည်။

မျိုးသည် ခြစ်စည်းရိုး ကန်ပေါင်ရိုးပမာ မိမိအကျိုးကို သည်ပိုးပေးတတ်ပြီး တစ်ဖက်၏ အတိုးကို ကာကွယ်လျက်က ရှိသည်။

သက်ရှိသက်မဲ့ မည်သည့်ဗီဇသတ္တိမဟူ မိမိ၏လက်ဝယ်ရှိ ဖြစ်တည်ဆဲ သတ္တိအတိုင်းသာ အစွမ်းပြလျက်ရှိချေရာ ရေတ်မျိုးစေ့က ရေတ်ကောင်းပင် ရေတ်ကောင်းသီး ဖြစ်လာရိုးမရှိ။

ထိုရေတ်စေ့၏အတွင်း၌ ရေတ်ပင်သည်လည်းကောင်း၊ ရေတ်ခက်သည်လည်းကောင်း၊ ရေတ်ပွင့်သည်လည်းကောင်း၊ ရေတ်သီးသည်လည်းကောင်း မပါဘဲလျက်က သူ့မြေနှင့်သူ့မျိုး သူ့မိုးနှင့်သူ့ရေ သင့်ကြလေသော် ထိုအပင်မျိုး အခက်မျိုး အပွင့်မျိုး အသီးမျိုး ထိုးထွက်ပေးခြင်းသည် ယင်းဗီဇသတ္တိ၏ အရည်အချင်းတစ်မျိုးပင်တည်း။

ထိုအစေ့မှအညှောက် အညှောက်မှအပင် အပင်မှအကိုင်းအခက် အခက်မှအရွက် အရွက်မှအပွင့် အပွင့်မှအသီး ထိုခရီးရှည်ကြီး ချီတက်လာရာ၌လည်း ထိုလမ်းရိုးအတိုင်းသာ ဖြစ်ပေါ်စေမည်။

www.dhammaransi.com



အရေးကြီးသဖြင့် အညှောက်မှအပွင့်သို့ ဖြတ်လမ်းမှ သူမကူး။

အစွမ်းပြချင်လွန်းသဖြင့် အရွက်မလာမီ အသီးပါသည်မရှိ။

လူသားတစ်ဦး၏ မိခင်ဝမ်းဗိုက်တွင် ပဋိသန္ဓေနေပြီး မွေး နောက် အရွယ်ရောက်လူလားမြောက် ထိုနောက်မှ လင်ရမယားယူ ကိုယ်ဝန်လွယ် သားမွေးနည်းပမာဆိုက မမှားပြီ။

တစ်ဖန်လည်း ထိုင်ရုတ်သည် သတ္တိလွန်သွားသဖြင့် ချင်း(ဂျင်း)လို အသွင်ပြောင်းသွားခြင်း သတ္တိယုတ်သဖြင့် ငရုတ်ကောင်းဘာသာ ပြောင်းသွားခြင်း မရှိ၊

မျိုးတုံးလျှင်သာ တုံးပါစေ။

သတ္တိလွန်သည်ဖြစ်စေ လိုသည်ဖြစ်စေ ငရုတ်ကား ငရုတ်မျှသာ။ တစိုးတစိမျှ မျိုးလည်းမပြောင်း ရိုးလည်းမပြောင်းချေ။

ငရုတ်သည် ဤသို့ဖြင့် သူ့မျိုးကို ရိုးခတ်၍ တစ်ဖက်၏မျိုးအစပ်ကို ကာကွယ်နေပါသည်။

ဤသို့ဖြင့် သူ့မျိုးကို ရိုးပတ်၍ တစ်ဖက်မျိုး၏ အတိုးအကပ်ကို ထိုးသတ်နေပါသည်။

မြန်မာမျိုးရိုး ငါတို့သတ္တိတန်ခိုးကား ထို ငရုတ်သီးလောက် မိမိမျိုးသူတစ်ပါးတို့ တိုးမဝင်သာရန် ကာကွယ်နိုင်စွမ်း ရှိပါသနည်း။

ငရုတ်ပင်သည် ပင်စိမ်းပင်နှင့် ယှဉ်ပေါက်သော်မှလည်း ပင်စိမ်း၏ အငွေ့အသက် ထိုငရုတ်ဖက်သို့ အကူးမခံချေ။ အာဂငရုတ်တည်း။

ဩဇာပင်သည် သလဲပင်နှင့် တစ်ခြံတည်းပဲ နေသော်မှလည်း သလဲ၏ အငွေ့အသက် ထိုဩဇာဘက် မသက်ရောက်။ အာဂဩဇာပေတည်း။

ယနေ့ ငါတို့မြန်မာမျိုးတို့ကား လမ်းရိုးမလိုက် ရိုးဘောင်လည်း မစိုက်နိုင်ကြပြီ။

www.dhammaransi.com



ကျောင်းဝယ် မျိုးပေါင်းစုံ အကုန်အပြိုင်းအပြိုင်း ပေါက်ရောက်၍ နေကြလေရာ အပင်အပင်ချင်းထိ ကိုင်းကိုင်းချင်း ငြိလျက်ကသာ။

ရုံးဝယ် အမျိုးသောင်းပြောင်း ထောင်းလမောင်းထ ပေါက်ရောက်၍ နေကြလေရာ မျိုးမျိုးချင်းဆက် ရိုးရိုးချင်း စပ်ယှက်လျက်ကသာ။

အလုပ်ရုံ စက်ရုံများဝယ် အလေ့ကျမျိုးတို့ တဖွတ်ထိုး တိုးဝင်နေကြလေရာ စားကောင်းမျိုး အလေ့ကျရော မစားကောင်း စားကောင်းကြော မျောလျက်ကသာ။

တစ်ချိန်က ဒက္ခိဏတိုင်းသား ကုန်သည်တစ်ဦးသည် မိတ်ဆွေသူငယ်ချင်းရှိရာ အရှေ့တိုင်းဘက်သို့ ကုန်ကူးထွက်ခဲ့လေရာ အပြန်ဝယ် အရှေ့တိုင်းမိတ်ဆွေက ကြက်ဖြူမလေးတစ်ကောင် လက်ဆောင်ပေးလွှတ်လိုက်ပါသည်။

ထိုဒက္ခိဏတိုင်းသားလည်း တစ်တောဝင်တစ်တောင်တက် ခရီးဆက်ဖြင့် ဒက္ခိဏတိုင်းဘက်သို့ ခရီးဆက်ရင်း တစ်ခုသောတောအုပ်ကြီးအတွင်းဝယ် စတည်းချ၍နေပါသည်။ ကြက်ဖြူမလေးကား ကြိုးတန်းလန်းနှင့် ထိုစခန်းမှာသာ။

ထိုစဉ် ကုန်သည်ကြီးတို့ ရေအရှာထွက်ခိုက် တောကျီးကန်းကြီးတစ်ကောင် ဆိုက်လာပြီး ချစ်ကြိုက်စကားပြောရာ ဩဇာသတ္တိအပြည့်ပါသော အသံ ဟိတ်ဟန်ကောင်းပြ ခြေသွက် အတောင်သွက် လာရောက်စပ်ယှက်သောဟန်သို့ သဘောတွေ့လှသဖြင့် မေမေ့ကြီးနှင့် စင်းခံမိရာ ကြက်ဖြူမလေးခမျာ ကျီးမျိုးပဋိသန္ဓေ အသွင်းခံလိုက်ရပါသည်။

ထိုမှတစ်ဆင့် ဒက္ခိဏတိုင်းသို့အရောက် နေ့စေ့လစေ့မှ ဥ, အကောင်အထိပေါက်လာပြီး အရွယ်ရောက်လာသည့်အခါ ကြက်ဆန်ဆန် တွန်သံပေးလိုက်ရာ ကျီးသံလည်းမပျောက် ကြက်သံလည်း ပေါက်မလာတော့ဘဲ အောက်ကလိအာဟူ၍ပင် အသံထွက် ထွက်ပြူလာ၏ ဆိုပါသည်။

www.dhammaransi.com



အို… မြန်မာ့မျိုးဖွား ရိုးတွင်းသားတို့…

သင်တို့သည်လည်း မျိုးမတူဇာတ်ခြား ကိုးကွယ်မှုဘာသာမှာလည်း ဆန့်ကျင်ဘက် ကွာခြားလှပါကုန်သော အလေ့ကျဖွား ဘာသာမတူ မျိုးရိုးများတို့နှင့် မျိုးကို ရိုးမသား ဘောင်တို့ဖြင့် ခတ်မထားဘဲ သွေးဆူစဉ်ဘေးနှောင့် နည်းနည်းလေးမျှ မအောင့် ရောင့်ရောင့်ကြီးနှင့် နှောင့်မိသော်… … သင်တို့က မွေးဖွားသောသား မိမစစ် ဖမစစ်သားမျှသာ။

မြန်မာစစ်စစ်လားမေးက ဖခင်ကမျိုးခြား မြန်မာ့အဖေ မဟုတ်ပါခင်ဗျား ဟူ၍သာ။

လူမျိုးခြားပေလားမေးက မိခင်က မြန်မာစဉ် မျိုးခြားမိခင်မဟုတ်ပါခင်ဗျားဟူ၍သာ။

သင်မွေးသောကလေး သင့်သွေးချည်း မဟုတ်ချေပြီ။

သူပေးသောကလေး သူ့သွေးချည်း မဟုတ်ချေပြီ။

သင့်သွေးမဖြစ် သူ့သွေးမဖြစ်ကို မည်သို့လျှင် မိစစ်ဖစစ် ဆိုရအံ့နည်း။

www.dhammaransi.com

## ၄၈။ ယုတ်မာ

စိတ်ထားညစ်ပုပ် အရှက်အကြောက်တို့ နောက်ဆုတ်သွားပြီဖြစ်သော ယုတ်ညံ့သူတို့၏ စိတ်ထားသည် အလွန်လျှင် မာကြောသွားတော့သည်။

စိတ်ထားဖြူစင် အရှက်အကြောက်တို့ နောက်ဝင်ထားသော မြင့်မြတ်သူများ၏ စိတ်ထားကား အမြဲလျှင် ပျော့ပျောင်း အားရှိချေသည်။

စိတ်သည် ဘဝင်လေ၏ ရိုက်ခတ်မှုကို အထန်အနသို့ လိုက်လျက်ကသာ လှုပ်ရှားပေးနေရသော ကိရိယာထူးတစ်မျိုးဖြစ်ရာ အရှက်အကြောက် ကင်း မကောင်းမှု ပြုကျင့်ရာ၌ ရဲတင်းလှသော စိတ်ဓာတ်ကို ဘဝင်လေ ရိုက်ခတ်မှု၏ ထန်ပြင်းခြင်း၊ တောင့်တင်းခြင်း၊ ခိုင်မာခြင်းတို့က အားပေးနေချေပြီဖြစ်ရာ စိတ်ဓာတ်ကား မာကြောလာချေပြီ။

မာကြောသော စိတ်ဓာတ်သာ ခိုင်မာသောဆုံးဖြတ်ချက်ကို ချပေးမည်။

တောင့်တင်းလာသော ကိုယ်နှုတ်တို့က သန်မာညင်သာဆောင်ရွက်မှုကို ပြုပေးမည်။ ၎င်းတို့ကား စစ်ဆင်၊ စစ်မြင်းများပမာသာ။

လူ့စိတ်စစ်စစ်သည် အကျိုးမဲ့ အကျိုးရှိ ခွဲသိသိခြင်း အပြစ်မဲ့အပြစ်ရှိ ခွဲသိသိခြင်းပင်။

ထိုစိတ်တို့ ယုတ်လျော့သွားခဲ့သော် သူ့မသိ ငါမသိ ဘုမသိ ဘမသိ ဟူသော တိရစ္ဆာန်သိထဲသို့ ထိုးဆင်းသွားတော့ရာ …

**ထော်မြိုင်တစ်ခု**

www.dhammaransi.com



ရမွက်ပင်းသော တင်းမာစိတ်များက ဘာမဆိုပြုကျင့်ရဲလာစေပါသည်။

ငါလုပ်သမျှ ဘုရားထံပန်ကြား ဘုရားက တာဝန်ခံထားမည် အယူအဆ၊ သည်ဘဝသည်ကိုယ်စံ နောက်ဘဝနောက်ကိုယ်ခံလိမ့်မည်ဆိုသော အယူအဆ။ ထိုအယူအဆအားလုံး ယုတ်သော မာစိတ်တုံးက စည်းရုံးထားခြင်း မျှသာ။

ထိုသူ့၌ ယနေ့ပစ္စက္ခ သူတော်ကောင်းတို့ ရှုတ်ချမည်ကို မရှက်တတ်ပြီ။

ထိုသူ၌ နောင်သံသရာ ကိုယ်တစ်လီ ပြန်လည် ခံရမည်ကိုလည်း မကြောက်ပြီ။ ထို မရှက်ခြင်း မကြောက်ခြင်း အယုတ်တရားနှစ်ပါးသည် လူစိတ်စစ်စစ်ဖြစ်သော ရှက်ခြင်း ကြောက်ခြင်း အမြတ်တရားနှစ်ပါးနှင့်တကွ ကိုယ့်ကိုယ်နှင့် တစ်ကိုယ်ချင်း စာနာထောက်ထားခြင်း ကိုယ်ချင်းစာတရား ကိုယ်နှင့်တန်းတူထားခြင်း မေတ္တာတရားများကိုပါ ဝါးမျိုပစ်လိုက်တော့ရာ၊ မတွေးသင့်သောအတွေး၊ သူတွေးရန် စိတ်လေးမည်မဟုတ်။ မပြောသင့်သော အပြော သူဟောပြောရန် နှုတ်တွန့်လိမ့်မည် မဟုတ်။ မလုပ်သင့်သောအလုပ် သူပြုလုပ်ရန် လက်ရွံ့တော့မည်လည်း မဟုတ်ပြီ။

ထိုလူစား မည်သူကနားချနားချ စိတ်ခရောင်းက ခေါင်းမာပြမည်သာ။

ဘုရားရှင် ရွှေလက်ထက်တော်က ရာဇဂြိုဟ်ပြည်ဝယ် ကြေးနီရောင် နှုတ်ခမ်းမွေးထူထူနှင့် မည်သူ့ကိုမျှ ညာရကောင်းမှန်း မသိသူ လူတစ်ယောက် ရှိ၏။

၎င်းသည် ၎င်းအကျင့်နှင့် သင့်တင့်မည်ထင်ရသော သူခိုး ဓားပြဂိုဏ်းကြီးတစ်ဂိုဏ်းထဲသို့ သွားရောက်ခါ ခိုးသားအဖြစ် ခံယူ၏။

"ဖြစ်ပါ့မလားဆရာကြီး သည်လူ့ကြည့်ရတာ သစ္စာရှိမည့် လူစားလည်း ဟုတ်ဟန်မရှိပါ၊ တစ်ဖက်သား ညာရကောင်းမှန်းလည်း သိဟန်မပေါ်

www.dhammaransi.com



ပါ” ဤသို့လျှင် ၎င်းဝင်လာစဉ် ဂိုဏ်းသားများက ဆရာကြီးအား လက်မခံရန် အကြောင်းပြကန့်ကွက်သေး၏။

သို့တစေလည်း မကောင်းဂိုဏ်း၌ မည်သည့်စည်းကမ်းနှင့်ညီမှ လက်ခံရမည် မည်သို့သောသတ်မှတ်ချက် မရှိရကား ဆရာကြီးက လက်ခံလိုက်ရပြီ။

ထိုသူရောက်လာကတည်းက ရပ်တကာရွာတကာလျှောက် မကောင်းဂိုဏ်း၏ နာမည်ကား တစ်ဟုန်ထိုး ပေါက်သွားချေပြီ။ သို့ကြောင့် ဘုရင့်နားတော်အရောက် ဂိုဏ်းသောင်းကျန်းသတင်းက ပေါက်သွားဟော့ရာ တပ်တော်ကြီးဖြင့်ပိုက်စိပ်တိုက်ဖမ်း ဘုရင့်နန်းအရောက် ပို့အပ်ပေးရပါသည်။

နန်းတော်သို့ရောက်သော် သည်အထဲက သည်ဂိုဏ်းသားအားလုံးကို သတ်သင်ဝံ့သူ အသက်ကိုလည်း ချမ်းသာပေးမည်၊ ရာထူးလည်း ပေးဦးမည်ဟု ဆိုင်ရာတို့က ဆိုလေရာ ကျန်အားလုံးတို့ကား ဂိုဏ်းခေါင်းဆောင်ကြီးကား ကျေးဇူးရှင်ဖြစ်နေ၍ မသတ်ရက်ပါဆိုသူက ဆို၏။ ဂိုဏ်းသားအားလုံးကား သေတူရှင်ဘက်များဖြစ်ကြ၍ မသတ်ရက်ပါဆိုသူက ဆို၏။

ထိုစဉ် ကိုရွှေနှုတ်ခမ်းမွှေးကြေးနီကြီးကား သူသတ်ပြမည်။ ကိုယ့်ဖို့ဆို ဘာမဆို လုပ်ရဲသည်ဆို ရင်ကော့ထွက်လာပြီး အတူနေအားလုံးကိုလျှင် မကြောက်မရွက် သွက်သွက်ကြီး သတ်ပြလိုက်ချေပြီ။

ကာမဘုံဖွား လောကီသားတို့...

သင်တို့သည်လည်း စိတ်ထားယုတ် ကိုယ်အမူအရာသရုပ်တို့ မာကြောလာကြပါမည်။

လူစိတ်ယုတ်တိရစ္ဆာန်အလုပ်က ရတ်တရက်လာ မာလာကြပါမည်။ စင်စစ် မာခြင်းသည် တဏှာမာန် ရာဂမာန် ဒေါသမာန်တို့ ဝင်လာခြင်းကြောင့်ချည်းဖြစ်ရာ...

မာန်ဝင်လျှင် အရှက်မဲ့ မခံချင် အကြောက်မဲ့လာကြတော့မည် ဟုရှိ၏။

www.dhammaransi.com

## ၄၉။ သည်းခံ

ရာဂနှင့် ဆိတ်သော်မှ စိတ်မယိုမဖိတ် သိပ်သိပ်သည်းသည်း ခံနိုင်အားကြီးမှ သည်းခံရာရောက်သည်။

ဒေါသနှင့်ဆိတ်သော်မှ စိတ်မယိုမဖိတ် သိပ်သိပ်သည်းသည်း ခံနိုင်ရည်ကြီးမှ သည်းခံရာရောက်သည်။

လူတို့၌ အစွန်းတရားနှစ်ပါး အမြဲလမ်းသလားလျက်သာရှိကြ၏။ တစ်စွန်းကား ကြိုက်စွန်း။ နောက်တစ်စွန်းကား မကြိုက်စွန်း။

ထိုတွင် ဝတ္ထုအာရုံတို့၏ တစ်ခုသောအတွေ့အပေါ်၌သာ ပျော်ပိုက်နေတတ်သူအား အခြားဝတ္ထုနှင့် အာရုံများတို့က လာရောက်တို့ကစား ထိကစားရိစားစားလာသော် သူ့ရည်းစားမဟုတ်ချေရကား အကြိုက်မှဆန် မကြိုက်သို့ပြန်ကျသွားတော့ရာ ၎င်းကား မကြိုက်အစွန်းကြား တွားသွားလျက်သားဖြစ်နေချေပြီ။

တစ်ဖန်လည်း ထိုမကြိုက်အာရုံတို့ စုန်ကန်သွားသဖြင့် ကလန်ကဆန်ဖြစ်နေချိန် မိမိ အလွန်မြတ်နိုးလှသော သဘောကျအာရုံတစ်ခုက လာရောက်တွေ့ထိ အဖန်ဖန် ကလိလာသော် ရိစားမဟုတ် ရည်းစားဟု သမုတ်မိရကား စိတ်သည် မကြိုက်မှပြန် အကြိုက်သို့သာ ဆန်တက်ပြီးသား ဖြစ်နေချေပြီ။

www.dhammaransi.com



အကြိုက်တွေ့က သွေးအေးစည်းလုံး အပြုံးသို့ တက်သွားတော့ပြီ။

အကြိုက်မတွေ့က သွေးပူချိုးဖွဲ့ အမဲ့သို့ ကျသက်သွားတော့ပြီ။

ဤသို့ဖြင့် အာရုံကြောမျောပါလျက်က ရှိကြပါကုန်သော လူသားတို့သည် မြွေပါဆေး ဖားဆေးထိုးထားသူ အလမ္ပာယ်ဆရာ၏ လက်ကိုကြည့်လျက်က ဖားဆေးလက်သုံး၍ထုတ်သော် ပခြုပ်ဝင်မြွေသည် ဝမ်းသာမဆုံး တပြုံးပြုံးနှင့် ထွက်လာခဲ့ရပြီး ဖားစားရနိုးနိုးဖြင့် ကကြိုးဆင်လေ့ရှိ၏။

တစ်ဖန် ကပွဲခရီး ပြီးစီးလိုသဖြင့် ပခြုပ်၏အတွင်း ပြန်လည်သွင်းလိုသော် မြွေပါဆေးလက်ကိုသုံး၍ သွင်းရပါသည်။ ထိုအခါ မျက်နှာညှိုးညှိုး မြွေပါအကိုက်ခံရမည် စိုးစိတ်ဖြင့် တထိတ်ထိတ်ပင် ဝင်ရလေ့ရှိ၏။

သည့်ပမာလျှင် လူသားတို့သည်လည်း အကြိုက်တွေ့ မတွေ့တို့၏ ထေ့မှုအတိုင်းလျှင် ပြုံးတစ်ခါ မဲ့တစ်မျိုး တစ်မျက်နှာ ပုံစံနှစ်မျိုး ဖြစ်နေရချေသည်။

ထို နှစ်ပါးသော အတွေ့တို့တွင်... အကြိုက်တွေ့သော်မှ မတုန် ပြုံးပန်းတို့ ငုံသွားချေသော် အကောင်းလောကဓံတို့ ဘယ်လောက်ပင်ဖိဖိ ခံနိုင်ရည်ရှိလာပြီ။ အဆိုးလောကဓံတို့ ဘယ်လောက်ပင်နှက်နှက် မျက်နှာမပျက်တော့ပြီ။

သစ်ငုတ်လေတိုး မလှုပ်မျိုးသို့သာ။

ဤသို့ဖြင့် ဓွဲအားအသီးသီး ခံနိုင်မှု ပြီးစီးစေရပါမည်။

ဤသို့ဖြင့် ကိုယ်ခံစိတ်သိပ်သည်း ခံနိုင်မှုပြီးစီးစေရပါမည်။

ဤသို့ဖြင့် ဘယ်လိုထိထိ ဘယ်လိုဖိဖိ သိသိကြီးနှင့် ခံနိုင်ရပါမည်။

ထိုသို့သာ သည်းခံနိုင်စွမ်း ရှိလာကြပါသော် အကောင်းဖြင့်လျော် ဖော်အစားမခံရပြီ။ အဆိုးဖြင့်ဖျော် အလျော်အစား မခံကြရပြီ။

ဘုရားရှင်လက်ထက်တော်ကာလဆီတုန်းက... ရွာတစ်ရွာဝယ် လင်သားကိုလူအေး မယားမစပ်ပူတို့ အတူနေကြရာ လင်သားကား လုပ်စရာ

www.dhammaransi.com



ရှိသလောက်သာလုပ်၍ ကိုင်စရာရှိသလောက်ကိုသာ ကိုင်၏။ လုပ်စရာရှိသလောက်ကိုသာ လုပ်၍ ကျွေးစရာရှိသလောက်သာ ကျွေး၏။ မယားကား အားမရပြီ။

ထိုလင်သားကို လုပ်စရာရှိသည်ထက် လုပ်စေလိုသည်။ ကိုင်စရာရှိသည်ထက်လည်း ကိုင်စေလို၏။ သည့်အတူ လုပ်စရာရှိသည်ထက် ပိုပြီး ကျွေးစရာရှိသည်ထက် ပိုသည်ကိုသာ လိုလား၏။ ဆန္ဒချင်း မတူညီကြပြီ။

သို့ကြောင့် မယားသည် အစသော် အသာတကြည် တိုက်တွန်း၏။ နောက်သော် နှုတ်ကြမ်းအာကြမ်းဖြင့်ပင် အရေးဆို၏။ ထိုနောက်ကား ပတ်ကြမ်းတိုက်၏။ လင်ကား မဖြုန်ပြီ။

ကြာသော် မယားဆဲတိုင်း ဖျာအား မဲစိုက်ရှုလေရာ၊ မယားဆူတိုင်း ဖျာကိုလျှင် အာရုံယူကာ သမာဓိထူထောင်ရာ စိတ်နောက်မထွက် စိတ်ကြည်သက်သက်သို့ ဘက်ကူးသွားတော့ပြီ။

တစ်နေ့ တာဝတိံသာဝယ် သိကြားနှင့် အသူရာတို့ စစ်တိုက်ကြလေရာ စစ်ရှုံးအသူရာများ၏ ဘက်သားအားလုံး ၎င်းတို့ရွာဦးထိပ်ရှိ ကန်တွင်းမှ ပဒုမ္မာကြာပွင့်ချပ်ဝတ်ဆံတို့အကြားဝယ် အများအပြားကို သူတွေ့သွား၏။

ထိုအကြောင်း ရွာသားအပေါင်းတို့ကို ပြောပြလေရာ အများမသိသော အရှိကို ပြောမိသောကြောင့် ရွာသားအားလုံးကပင် သည်လူတော့ မယားကြောက်လို့ ပေါက်သွားပြီဟူ၍ ကောက်ချက်ချကြလေကုန်၏။

ထိုသတင်း ဆွမ်းခံရင်းက ရဟန်းတစ်ပါး ကြားသိသွားလေရာ ဘုရားထံအရောက် တောက်လျှောက် တင်လေ၏။ ဘုရားရှင်ကား... ချစ်သား... ထိုသူမရူး ရွာသားတို့သာ အရူးတည်းဟု မိန့်တော်မူလိုက်၏။

ထိုသတင်း ဆွမ်းခံရင်းပင် ထိုရဟန်းက ပြန်လည်ပြောပြလေရာ ထိုကိုလူအေး... ငါ့ဘက်က ဘုရားရှင်ရှိသေးသကိုးဆိုကာ ဘုရားထံမှောက်

www.dhammaransi.com



အရောက်သွားပြီး ရဟန်းအဖြစ် တောင်းပန်၏။ နောက်ဆုံး ကျွတ်တန်းဝင် ဖြစ်ရလေပြီ။

ကာမဘုံမှား လောကီသားတို့...

သည်းခံ နိဗ္ဗာန်ရောက်စကား ထို ကိုလူအေး ပြောသွားခဲ့ချေပြီ။

သင်တို့သည်လည်း အကောင်းတွေ့ သည်းခံ အဆိုးတွေ့ ဘက်မကန် လေမှ သက်သာရန်ရှိချေသည်။

သို့မဟုတ် ပခြုပ်တွင်းက မြွေမင်းပမာ အကြိုက်ပေါ်ပြုံးပြ အမုန်းလာ မဲ့ပြလုပ်နေက တစ်ရက်လာလည်း မြွေက က၊ နှစ်ရက်လာလည်း မြွေက က၊ တစ်သက်လုံးပင် မြွေက ကဖြင့် ကပြနေကြရတော့မည်ဟူရို့။

www.dhammaransi.com

## ၅၀။ ညစ်ညမ်း

စိတ်ညစ်သည် ကံသုံးပါးတို့ မကောင်းမှု အထွင့်အထိပ်တက်ရာ၏ ညမ်း(ငြမ်း)တည်း။

ညစ်သောသူသည် တစ်ဖက်သားကို ညမ်း(ငြမ်း)လုပ်၍ မကောင်းမှု အထွင့်အထိပ် တက်မည်သာ။

လူတို့၌ ရာဂစိတ်ဖြစ်လာသော် နှလုံးသွေးလည်း အနီရစ်လျက် ညစ်လာတတ်ချေသည်။ သွေးလည်ပတ်မှုနှုန်းကား ဘဝင်လေဖိအားဖြင့် တအား လည်ပတ်စေသောကြောင့်။

မောဟစိတ်ဖြစ်လာသော် နှလုံးသွေးလည်း အမွဲရစ်လျက်ညစ်လာတတ် ချေသည်။ သွေးလည်ပတ်မှုနှုန်းကား ဘဝင်လေမထိပါးသဖြင့် နိမ့်ကျသွား သောကြောင့်။

ထိုတွင် ရာဂသွေးမွှန်သဖြင့် လွန်တက်လာချိန် တစ်ကိုယ်လုံးကြီး တုန် ခါလာသည့်ပြင် မျက်ရည်များပါ လည်ကျလာသည်ကိုထောက်၍ ၎င်းသည် ပထဝီဓာတ်ခံအားများကို ဖျစ်ညှစ်ခါ လည်ပတ်စေခြင်းဟု သိစေရမည်။

ဒေါသသွေးမွှန်သဖြင့် လွန်တက်လာချိန် တစ်ကိုယ်လုံးကြီး တုန်ဟီး လာသည့်ပြင် မျက်စိဝယ် မီးတောက်များ ပါလာသည်ကိုထောက်၍ ၎င်းသည်

www.dhammaransi.com



တေဇောဓာတ်ခံ အခိုးအလှုံ့အားများကိုပါ ဖျစ်ညှစ်လည်ပတ်စေခြင်းဟု သိစေရမည်။

မောဟသွေးဖျန်းသဖြင့် လွှမ်းတက်လာချိန် တစ်ကိုယ်လုံးကြီး သုန်မှုန်လာသည့်ပြင် မျက်နှာဝယ် ညှိုးပုပ်မှု ဖြစ်လာသည်ကိုထောက်၍ ၎င်းသည် မြူမှုန်ပြာမှုန် ရာဂမြေး ဒေါသမြေးများကိုသာ ကျရောက်လာစေခြင်းဟု သိစေရမည်။

သို့ကြောင့်လျှင် ရာဂစိတ်ဖိချိန် ညစ်စိတ်နှောက် မဲစိတ်ကြီးကပါ နှောက်လာသဖြင့် ဘာဆိုဘာမျှ မသိတတ်နိုင်တော့ခြင်းတည်း။

ဤသို့ဖြင့် လူတို့သည် အညစ်ကို ညမ်း(ငြမ်း)လုပ်၍ မကောင်းမှုကို အားထုတ်နေကြပါလေပြီ။ အညစ်သည် မကောင်းခန်းတက်ရာ၏ ညမ်း(ငြမ်း) မဟုတ်လော။

ကံသည် အညစ်ကို ညမ်း(ငြမ်း)လုပ်၍ ရိက္ခာထုပ် စုဆောင်းနေပါသည်။

လူလူချင်းကား အညစ်ကို ညမ်း(ငြမ်း)လုပ်၍ အယုတ်ပွဲကြီး ဆင်နွှဲနေကြပါသည်။ အညစ်သည် မကောင်းမှုအထွတ်အထိပ်သို့ တက်ရောက်ရာ၏ ညမ်း(ငြမ်း)တည်း။

ငါတို့ရွာဝယ် ကိုကျော်လှဆိုသူ လူငယ်တစ်ယောက် ရှိ၏။ သူ့၌ အကျင့်သီလ ဖြူစင်ခြင်းဟူသော သီလဂုဏ်သတင်း ရှိ၏။ ငယ်စဉ်ကပင် သူ့အသက်ဆိုလျှင် ပိုးပရွက်တို့ကိုမျှ ဖျက်ဆီးခြင်း မပြုတတ်။

တစ်နေ့ တစ်ရွာသူ အပျိုချောမလေး မခင်လှဆိုသူနှင့် လူငယ်တို့ဘာဝ မျက်စိချင်းကျကြရာမှ စတင်ကာ ထိုမခင်လှသည် ကိုကျော်လှံခေါ်ရာ ငါတို့ရွာသို့ လိုက်ပါခဲ့ရလေပြီ။ ကိုကျော်လှ ပျော်ရသည့်ဖြစ်ခြင်း။

ထိုကိုကျော်လှ ဖဘက်လိုက်၍ မိုက်ဖက်ပါဆိုရမလား မသိ။ ရေသံပုံး တစ်ပုံး လက်သုံးတော်ဖွားဘက် ထားလျက်က ငါးပက်သွားရရှာချေပြီ။

www.dhammaransi.com



ဟိုအိုင်မှာ ငါးပက် ဘယ်သူ့လက်ချက် ကိုကျော်လှရဲ့ ပုံးခွက်။ သည်အိုင်မှာငါးပက် ဘယ်သူ့လက်ချက် ကိုကျော်လှရဲ့ ပုံးခွက်။ ကြာသော် အိုင်မှန်သမျှ နွားရေသောက်စရာမျှ မရှိကြတော့ပါပြီ။

အို... ကာမဘုံသား လောကီဖွားတို့...

သင်တို့သည်လည်း ကိုယ့်မယားပါးစပ် သူတစ်ပါး ငါးသတ်၍ မဟပ်စေချင်ကြပါလင့်။

ငါးမှာလည်း အသက်နှင့် မယားမှာလည်း အသက်နှင့်ချင်း မဟုတ်ပါလော။

အကယ်တိတိ မယားချစ်သဖြင့် ငါးနှစ်ခဲ့သော်...

မယားညစ်လိုသဖြင့် ငါးရစ်ကိုမျိုစေသော်...

အညစ်သည် ညမ်း ညမ်းသည် အထမ်းမှ အကန်းသို့ တန်းသွားပြီး စမ်းသွားကာလသို့ ရောက်ရလေသောအခါ...

လမ်းကိုလည်းမသိ အထမ်းကိုလည်း မသိဖြင့် လှောင်ပိတ်မိနေကြဦးမည်ဟရို့။

www.dhammaransi.com

## ၅၁။ ညစ်ပတ်

ညစ်စိတ်ဖြင့်ကပ် ဓောမသတ် မည်သည့်ခါမျှ မရပ်နိုင်။
မွဲစိတ်ပိတ်ဖုံး မက်မဆုံး ရှန်းလျက် ပတ်ပတ်လည်စေသည်။

မျက်စိလည်နေသူ သည်နေရာသည်အရပ် တစ်ပတ်ပြီး တစ်ပတ်ချည်းသာ။

မျက်စိကန်း၍ လမ်းမမှန်းနိုင်သူလည်း ထိုနည်းလည်းကောင်းသာ။

လူတို့သည် လူပင် ဖြစ်လာသော်မှလည်း တိရစ္ဆာန်ဘဝတစ်ရာလောက်မှ ညဉ့်များ တစ်ဘဝမျှ နေခွင့်ရလူသားဘဂသို့ ကပ်ပါးပိုးပမာ ကပ်ရောက်၍ ပါလာမြဲဖြစ်ရာ လူ့လက်ထက်ပွား ညဉ့်ကောင်းသုံးပါးကား ထွန်းကား၍ မလာတတ်။

လူ့လက်ထက်ပွား ညဉ့်သုံးပါးကား တဏှာကို သတိဖြင့်မြောင်းဖော် ပေါက်တူးပမာ၊ ဝီရိယဖြင့် မှျားကောက်ကို အပူပေးဖြောင့်သည့်ပမာ၊ ပညာဖြင့် လှည်းဝင်ရိုးကို ပါးပါးလွှာသည့်ပမာ၊ ထိုသုံးချက် ကွင်းဆက်ဖြင့် သွက်သွက်လေး ပြုပြင်ပေးရာမှ ပေါ်ထွန်းလာသော သဒ္ဓါ။

ဒေါသကိုလည်း ထိုသုံးချက်တို့ဖြင့် သွက်သွက်လေး ပြုပြင်ပေးရာမှ ဖြစ်ပေါ်လာသော ပညာ။

www.dhammaransi.com



မောဟကိုလည်း ထိုသုံးချက် တစ်စပ်တည်းဆက်၍ ပယ်ဖျက်ပေးလိုက်ရာမှ ဖြစ်ပွင့်လာသော ဝိတက်–ထိုသုံးကွက်တို့ပင်တည်း။

သဒ္ဓါကား ကိုယ့်ဖို့လွှတ်ချ သူ့ဖို့ ထောက်မခြင်း။

ပညာကား အရာရာ၏အတွင်းရှိ အစင်းသိ သိပေးနေခြင်း။

ဝိတက်ကား အရာရာ၏အတွင်းရှိ ထွင်းကြည့် ကြည့်ပေးခြင်း။

ထိုသုံးကွက်တို့ မပေါ်ထွက်လာသေးသော လူသားများအဖို့...

ကြိုက်သွေးမွှန် ကျွံအကျ ဘာဆိုဘာမျှ သိခွင့်မရသောကြောင့်။

မိုက်သွေးမွှန် လွန်အထ ဘာဆိုဘာမျှ သိခွင့်မရသောကြောင့်။ မသတိစရာသည် သတိစရာအသွင် မုန်းစရာက ချစ်စရာအသွင် ပျက်နေပါသည်က အကောင်းအသွင် အထင်မှားယွင်းသွားတော့ရကား...

အစရှိ အနှောင်နှောင် လှောင်ရမှန်းပင် မသိတတ်နိုင်ကြပြီ။

ညစ်မိလျှင် အရစ်ပေါ် တစ်ပတ်သော်မရပ် နှစ်ပတ်သော်မရပ် ပတ်မိနေကြပြီ။ သို့ကြောင့် အညစ်သည် မည်သည့်ကာလမျှ ရပ်သည်မရှိ၊ ပတ်မြဲပတ်နေတော့ရာ ညစ်ပြတ်သူဟူသည် မရှိ၊ ညစ်ပတ်မျှသာ။

အကောင်းဘက်သွား ဉာဉ်သုံးပါးတို့ မထွန်းကားကြသေးသောလူသားများအဖို့ တစ်ဖက်က အကြိုက်ပြ ဖျက်ဆီးမပေးလျှင်ပင် အမျက်ယှက်ကာနေတတ်ကြလေသည်။

မသိ၍အညစ် အချစ်ထင်နေသူများအဖို့ အညစ်စဉ်ကြီးမည်မျှ တန်းဝင်လာပါစေ လက်ကာခါ မတားတတ်၊ ကပ်မြဲကပ် ထပ်မြဲထပ်လျှက်က ပတ်မြဲသာ ပတ်နေကြလေပြီ။ ညစ်ဇာတ်၏ အပတ်ကား မည်မျှ ပတ်ရေထားမည် မသိ။

တစ်ခါက သိကြားမင်းကြီးသည် သူ့သက်တမ်းကိုလည်းကောင်း သူတက်လှမ်းရာ ဘဝဇာတ်ကိုလည်းကောင်း ဆင်ခြင်ကြည့်ရာ... လားလားခုနစ်ရက်ဆို ငါသေရတော့မှာပါကလား။ လားလား... ငါသွားရမယ့်ဘဝ

www.dhammaransi.com



ကား မစင်ပိုးဘဝမျှသာပါကလား။ မှန်း… ထိုဘဝနောက် ဘာများ ပေါက်ချလာမလဲ၊ တစ်ဆင့်တက် ဆင်ခြင်ကြည့်၏။ အလို…မစင်ပိုးလောက်ကဏ္ဍတ်ဗာရာဏသီမင်းအဖြစ်ပါတကား…။

သည်လိုဆို သိကြားမင်းသည် လူ့အသွင်ဖန်ဆင်း လူ့ပြည်သို့ ဆင်းသက်လျက် တစ်ခုသော တောဘက် တောလှည့်ထွက်လျက်ရှိသော မုဆိုးထံ ချဉ်းကပ်ခါ…

"…အသင်မုဆိုး ငါသည် သိကြား… သို့ပေသည့် မကြာမီ ခုနစ်ရက်အတွင်း သိကြားမင်းဘဝမှ ပြုဆင်းသွားပြီး ဗာရာဏသီ၏ မြို့လယ်ရှိ အများသုံးအိမ်သာကြီးအတွင်း ပိုးလောက်မင်းကြီးဘဝ ရောက်ရပါတော့မယ်။ အကယ်၍များ ပိုးလောက်ဘဝ တာမရှည် ခဏချင်းသေရသော် ဒုတိယမြောက်ဘဝကား ဗာရာဏသီမင်းသားပဲ။ သည်တော့…"

"သည်တော့ ကျုပ် ဘာလုပ်ပေးရမလဲ…"

"ပင်ပမ်းလှသည်တော့မဟုတ် လာမယ့်ရှစ်ရက်မြောက်နေ့ကျလျှင် ထိုအိမ်သာကျင်းထဲ သွားကြည့်ပေးစမ်းပါ။ အသင်မုဆိုးမျက်စိရှေ့ ဖြူဖြူဖွေးဖွေး အများထက် အရွယ်ရော အရောင်ပါ ကြီးလေးသော ပိုးလောက်တွေ့ ချက်ချင်း သတ်ပေးစမ်းပါ"

"သတ်ခကျတော့…"

"သတ်ခကတော့ ကျုပ် ဗာရာဏသီဘုရင်ဖြစ် ခင်ဗျားက စစ်သူကြီးပေါ့"

"သည်လိုဆို စိမ်လိုက်…"

"ကျုပ်ဘက်ကလဲ စိမ်လိုက်ပြီ"

သို့ကြောင့် သိကြားမင်းစိတ်အေး အပြေးလေးပြန်တက်သွားပြီး မကြာမီ စုတေပါသည်။ ပြောတိုင်းလျှင် ထိုအိမ်သာကျင်း၏ ပိုးလောက်မင်းကြီးဖြစ်သွားရပြီ။ သို့သော် မုဆိုးကား ချိန်းရက်မေ့သွားရာ အတန်ကြာမှ ရောက်

www.dhammaransi.com



သွားပါသည်။ မှဆိုးက ခဲမြှောက် ပိုးလောက်ကြီးဥက္ကောင်း ထုသတ်ရန် ချိန်လိုက်စဉ်...

"အိုလူသား... ကျုပ်အသားကား မစားကောင်းဘဲလျက် ဘယ်အတွက်ကြောင့် သတ်ချင်ရပါသလဲ"

"အို... ကျုပ်သတ်တာ မဟုတ် ခင်ဗျားက အသတ်ခိုင်းတာ၊ ခင်ဗျားမှာ သည်ဘဝကထွက် ဗာရာဏသီဘုရင်ဘက် ပြောင်းရမယ့်သူ..."

"အို... ဘုရင်မဖြစ်ချင် နေပါစေဗျာ ကျုပ်ဘဝနဲ့ကျုပ် ပျော်လွန်းလွန်းလို့..."

ပိုးလောက်ကား ပြောပြောဆိုဆို မစင်တွင်းထဲ ငုပ်သွားရာ ပေါ်မလာတော့ပြီ။

အညစ်ကား ပတ်ပြီးရင်း ပတ် အထပ်ထပ်သာ၊၊

www.dhammaransi.com

## ၅၂။ တမင်တကာ

တစ်ခုကိုမင်လျှင် ထိုတစ်ခုက သင့်အား နေရာတကာ လွှမ်းမိုးထား လိမ့်မည်။

တစ်ဦးကိုမင်လျှင် ထိုတစ်ဦးကလည်း သင့်အား နေရာတကာ အခွင့်အရေးယူတော့သည်။

သူ့ငါမြင် ငါ့သူမြင်ရာမှ အချင်းချင်း မင်နေကြသော်... ချည်တို့သည် အချင်းချင်းမင်ရာမှ အခင်သို့ အပူးခံလိုက်ကြရသည်ပမာ။ အာရုံကိုမက် အဖျက်ခံလိုသော ရမ္မက်က ရသလောက်ပင် မက်စေပါသည်။

ထိုသူ့အဖို့ကား ဆေးလိပ်ကို မြင်ရာမှ ဆေးလိပ်၌ မင်နေသော် ထို ဆေးလိပ်က လူတွေ့မရှောင် သူတွေ့မရှောင် ဖြောင်ပင်လျှင် အခွင့်အရေး ယူတော့သည်။

မသောက်မိဆေးလိပ်တို့က သောက်ပြီးဆေးလိပ်ကို လက်တို့၍တို့၍ သင့်ထံ တဆိတ်ပို့ရန် တောင်းပန်နေကြသည်။

ထိုသူ့ခမျာ ဝင်လာထွက်သွား ထိုဆေးလိပ်[illegible] စော[illegible] စားလျက် ကသော။

www.dhammaransi.com



အချို့ ငွေလမ်းခင်း၍ တမ်းချင်းဆိုကာ ကြိုဆိုပေးရပါသည်။

အချို့တစ်ဖက်က ကုတ် ဆေးလိပ်ထုပ်ကို ငွေဖြင့်နှုတ်၍ ရွေးထုတ်ပေးရပါသည်။

ထိုသူ့ထံ ရောက်ပြန်ပါသော်ကား မသောက်မိ သူ့ ကိုယ်အင်္ဂါအစိတ်အပိုင်း ကျိုးတစ်ပိုင်း ပဲ့ဘဝ ရောက်ရှိမသွားရလေအောင် ဘုရားရှိသေနည်းမက အရိအသေ ပေးရပါသည်။

သောက်ရာတွင်လည်း တစ်ဖွာပြီးတစ်ဖွာ ရှိုက်ထိရှိုက်ထိလျက်က ကလိပေးနေရပါသည်။ ၎င်းကား မီးပန်းကွင်းလေးထိပ်မှာ ပန် မျက်ဆံလန်လှန်ပေး မှေးလျက်ကသာ။

သူတိုလျက် အအိုသက်သက် လက်လွှတ်လိုက်သည့်တိုင် ဆေးလိပ်မှာအတို လူမှာတော့အပျိုဟူ၍ဆိုကာ ငို၍ပင် ထွက်ခွာသွားပါသည်။

သည့်အတူပင် ကွမ်း၊ လက်ဖက်၊ အရက်၊ မိမိအမင်ထား လယ်ဝယ်မယား စသည်များကလည်း... တစ်ခုမြင် တစ်ခုမင် တစ်ခုအခင်ဖြစ်ဖြင့်နေရာတကာ အရေးဆိုနေကြပါမည်။

တစ်ခါမြင်တစ်ခါမင် တစ်ခါအခင်ဖြစ်ဖြင့် နေရာတကာပင် အရေးဆိုနေကြပါမည်။

မရှက်တရား သုံးပါးတို့တွင် ကြိုက်မရှက် ငိုက်မရှက် ငတ်မရှက်ဟူ၍ အကြိုက်ကို ထိပ်မှာတင် အမင်အခင်ကို ဗန်းတင်ပြထားချေရာ အရာရာတစ်ခုခုကို အကြိုက်မိသွားသော် ထိုအကြိုက်ဝတ္ထုကား အာရုံဖြင့် မျှား သွားရည်ယိုစရာ အနှိုးအဆွများဖြင့် လူကြားမရှောင် သူကြားမရှောင် ဖြောင်ပင်လျှင် ဝါကြွားပြတော့သည်သာ။

မိန်းမတို့သည် လင်ယောကျ်ားနှင့် လမ်းအတူလျှောက်ရသည်ကို သဘောအကျဆုံး။

**ဆောင်းမြိုင်တာစဉ်**

www.dhammaransi.com



အရက်ပုလင်းတို့သည် အရက်သမားနှင့် လူတို့ကြား အတူတူသွားရသည်ကို ဂုဏ်အယူဆုံး။

၎င်းတို့သည် အခင်နှင့်တွဲလျှက်က လူ့မြင်ကွင်းထဲ ပွဲထုတ်ပြသရသည်ကိုပင် တစ်မင်္ဂလာဟူ၍ အထင်ကပ်နေကြလေပြီ။

တမင်သည် တစ်ခင်အဖြစ် တွဲချည်ပေးထားလေရာ... အမင်သည် အမင်ခံ၏ အသုံးတော်ခံ အလုပ်အကျွေးဘဝ လှလှကြီး ရောက်ရှာရချေပြီ။

ဘိန်းစားမယားချစ် စကားက သက်သေခံနေပြီ မဟုတ်လော။

ဘိန်းစား၌ မယားမင်သော အခင်တစ်ခု သူ့၌ ရှိနေသောကြောင့်။

ကာမဘုံဖွား လောကီသားတို့...

သင်တို့သည်လည်း

မြင်မြင်သမျှ မမင်ချင်ကြပါကုန်လင့်။

✽

www.dhammaransi.com

## ၅၃။ အစာ

ဝမ်း၏အဆာကို ငံ့လင့်နေရှာကြကုန်သော ငှက်သားငယ်ငယ်လေးတို့သည် မိခင်ကြီးအလာ တစာစာ တောင်းခံလျှက်ကသာ ရှိပါသည်။

မိခင်ကြီးသည် သားတို့၏ ဝမ်းဟာ အားချိနွမ်းရိနေသောအရာကို အလာတွင် အဆာဖြည့်ဖြည့်ပေးတတ်လေသောကြောင့်။

သတ္တဝါတိုင်းတို့၌ အာဟာရသည် အားကိုလျှင် ဆောင်စေ၏။ အာဟာရ အဆာမထည့် အားမရှိတော့ချေ။ သို့ကြောင့် အားပြတ်သမားတိုင်း တစာစာ တောင်းခံ၍ချည်းနေကြလေရာ ၎င်းအာဟာရကား အစာဟူ၍ပင် အမည်ဘာစ်မျိုး တိုးလာရပါသည်။

ထိုအစာသည် စိတ်အစာ ရုပ်အစာ နှစ်မျိုးပင် ဖြာ၏။ ထိုတွင် စိတ်၏အဆာကား တဏှာ၊ ရုပ်၏အဆာကား ဝမ်းမီးဟူ၍ ကွဲသောကြောင့် စိတ်ဟူသည် အာရုံ၏အရသာ တဏှာတောင်းခံရာ အဆာကို တစာစာ တောင်းခံ၏။ ရုပ်ဟူကား အာရုံကပ်ဝတ္ထု ဝမ်းမီး၏ တောင်းခံမှုအဆာကို တဟာဟာ တောင်းခံသည်။

ထိုရုပ်စာ စိတ်စာနှစ်ပါးစလုံးပင် သွင်းသလောက်လောင် တင်းသလောက်လျှင် ပြောင်သွားတတ်မြဲချည်း ဖြစ်ချေရာ ပေးတိုင်းလည်းမရ စားတိုင်းလည်းမဝ အဖြစ်သို့ ရောက်နေရပါသည်။

www.dhammaransi.com



ဤနည်းဖြင့်ပင် လူသားတိုင်း ခဏပြီးခဏ ဘဝပြီးဘဝ တစာစာ တနေကြရချေပြီ။

ဤနည်းဖြင့် သတ္တဝါတိုင်း ပူဆာမြဲပူဆာ ယူလှာမြဲယူလှာ ဟာနေကြရချေပြီ။ ထိုအစာနှစ်မျိုးစလုံး ကုန်ခမ်းပျက်စီးရာနောက် တောက်လျှောက်ကြီး လိုက်ပါသွားကြ၏။

လူသားတိုင်းအတွက်စိတ်စာ လူ့ဘဝ၏လူစာသည်ကား ဓမ္မအာရုံ၏ အရသာ သဒ္ဓါတောင်းခံရာ ပညာဓာတ်စာပင်တည်း။

ထိုလူ့စိတ်ကား စားသလောက် အကုန်ပင် စားသလောက်လည်း အဖတ်တင်စေရကား တစ်ခါဝ ဘယ်သောကာလမျှ မစားလိုကြတော့ပြီ။

သောတာပန်၏မဂ်ခဏ–အပယ်စာမှန်သမျှ အပြီးဝသွားသောကြောင့်။

အနာဂါမ်၏မဂ်ခဏ–ကာမစာမှန်သမျှ အပြီးဝသွားသောကြောင့်။

ရဟန္တာ၏မဂ်ခဏ–ဘဝအစာမှန်သမျှ အာလုံးပင်ဝသွားသောကြောင့်။

ထိုအစာမျိုးသည်သာ လူ့ဘဝအတွက် လူစာသက်သက်တည်း။

အာရုံငါးဖြာ ကြိုက်ရာရာတို့ကား သတ္တဝါတိုင်း၏ ဘုံစာမျှသာတည်း။

ကာမဘုံဖွား လောကီသားတို့...

သင်တို့သည် လူ့ဘဝရောက်သခိုက် ဘုံစာကိုပိုက်၍ ပြန်ကြမည်လော။

သို့တည်းမဟုတ် လူစာကို အဝစား လူလိုပင် ပြန်ကြမည်လော။

အကယ်တိတိ လူစာကို လက်ကချ ဘုံစာချည်း ဝဝစားပြန်သော် ထိုအစာကား အန်သော်လည်း အန်မည်၊ ပြန်သော်လည်း တောင်းခံကြဦးမည်ဟရို့။

www.dhammaransi.com

# နိဂမနကထာ

ဟေတိတွံစရ ဟေတိတွံ တက္က ယုတ္တိက သဘာဝံ
ယံတံလောကေ လောကဗ္ဗေဝါ ဒီပေတိ နိယာမဘာဝေန
ဒီသ ပသ ဓာနဘာဂေါ ဝါရော ဘော။

ဘောဝါဒီ-စကားလက်တွေ့ မြွက်လေ့ရှိသော အိုပညာရှိ၊
တွံ-သင်သည်ကား၊ ဟေတိစရ-လာလှည့်ကျင့်ကြည့်စမ်းပါ၊
တွံ-သင်သည်ကား၊ ဟေတိတက္က-လာလှည့်ကြံကြည့်စမ်းပါ၊

ယံတံယုတ္တိက သဘာဝံ-ထိုဤနှစ်တန် ယုတ္တိဆံသော သဘာဝတရားမှန်သည်၊

နိယာမဘာဝေန-နိယာမငါးမျိုး တစ်မျိုးမျိုးဖြင့်ပင်
လောကေဝါ-လောကတွင်း၌လည်း၊ ဒီပေတိ-ထွန်းပြနေပါ၏၊
လောကဗ္ဗေဝါ-လောက၏အဆုံး၌လည်း၊ ဒီပေတိ-ထွန်းပြ၍သာနေပါချေ၏။

ဒီသပသဓာနဘာဂေါ-ရှုတတ် ကြည့်တတ် သိတတ်ရန်အဖို့သည်ကား

သင့်တာဝန်သာတည်း၊
သင့်အလှည့်ပေတည်း။ ။

**ဆောဝိမြိုင်စာစဉ်**

www.dhammaransi.com

ဗောဓိမြိုင်စာစဉ်မှ ဆက်လက်ထွက်မည့်စာအုပ်

# မဟာဗောဓိမြိုင်ဆရာတော်
# ဝနဝါသီ ဇယျဓမ္မသာမိထေရ်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းပျဉ်းမြို့နယ်
သုဝဏ္ဏသျှမ်တောင်တော်၊ ဘုန်းတော်ပြည့်စခန်းတွင်
၁၃၅၇ ခု၊ တပေါင်းလပြည့်နေ့၌
ကျင်းပသော
လားဟူ လီရှောတိုင်းရင်းသားများ
ဗုဒ္ဓဘာသာခံယူပွဲတွင် ဟောကြားတော်မူသော ဩဝါဒကထာနှင့်
အခမ်းအနားကျင်းပခဲ့ပုံ မှတ်တမ်းများ

# ကိုယ်ချင်းစာမေတ္တာတရား

ဗောဓိမြိုင်စာစဉ်-၂

www.dhammaransi.com

မဟာဗောဓိမြိုင်ဆရာတော်

# ဝနဝါသီ ဥဒ္ဒေသ ဝိဘင်္ဂ ပဋိစ္စသမုပ္ပါဒ် ...

မျက်နှာဖုံးများကို ခွာချခြင်း

သင်တို့၏

ဝဋ်ဘဝတိုတိုနှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရ ရပါလို၏ တောင်းရမ်းစကား၊
အပါယဒုက္ခ ကာမဒုက္ခ ဘဝဒုက္ခ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရပါ
လို၏စကား၊ သွားကြားမှာသာထွက် ဖဝါးကြားကမထွက်သော်ကား
တစ်သက်လုံး ထိုင်တောင်း နေလည်း ခရီးကား မဆုံးနိုင်ရာပြီ
ဘုရားသာသနာကား သွားမှ ရောက်သော နေရာ မဟုတ်လော
ဘုရားသာသနာကား ပေါက်မှ ရသော နေရာ မဟုတ်လော
ဘုရားသာသနာကား လုပ်မှဖြစ်သော နေရာပင် မဟုတ်လော။

ဗောဓိမြိုင်စာစဉ်-၁